
www.burmeseclassic.com

# သောင်းဝေဦး

## သူရစိုးအောင်နှင့် သူ၏စွမ်းရည်ပြခဲ့ရှနားလုံတိုက်ပွဲ



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ။ |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | ၁၅၀၀ ကျပ် |
| မျက်နှာဖုံးအပြင်အဆင် | - | မြရတနာColour Separation |
| အတွင်းဖလင် | - | A.Z |
| ကွန်ပျူတာစာစီ | - | Future World |
| စာအုပ်ချုပ် | - | မြရတနာအဖွဲ့သားများ |

ထုတ်ဝေသူ
ဒေါ်မူမူ(ခေါ်)ဒေါ်မြရတနာ (၀၄၂၀၁ မြဲ)
သီရိမြင်သာဈေးအတွင်း
မေတ္တာလမ်းနှင့်သံသုမာလမ်းထောင့်
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း၊ ၀၁-၅၇၈၆၇၀၊ ၀၁-၃၇၉၇၇၃
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဗိုလ်မှူးကြီးသောင်းဝေ(ငြိမ်း)၊ (၀၇၉၉၆ မြဲ)
မြရတနာပုံနှိပ်တိုက်
အမှတ် (၂၃/၂၄)၊ မေတ္တာလမ်းသွယ် (၁)
၁၄/၂ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသည့်စာအုပ်ကတ်တလောက်အညွှန်း(CIP)

သောင်းဝေဦး ၈၉၅.၈၃
သူရစိုးအောင်နှင့် သူ၏စွမ်းရည်ဘွဲ့ရ နားလုံတိုက်ပွဲ၊
သောင်းဝေဦး။ ရန်ကုန်၊
မြရတနာစာပေ၊ ၂၀၁၃။
၂၂၀- စာ၊ ၁၂.၅ စင်တီ × ၁၈.၅ စင်တီ။
(၁) သူရစိုးအောင်နှင့် သူ၏စွမ်းရည်ဘွဲ့ရ နားလုံတိုက်ပွဲ


## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

www.burmeseclassic.com

www.burmeseclassic.com

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး၊
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး၊
- ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး၊

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။



စာရေးသူ

www.burmeseclassic.com

www.burmeseclassic.com

သောင်းဝေဦး

# သူရစိုးအောင်နှင့် သူ၏စွမ်းရည်တွဲ့ရ

# နားလုံတိုက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## သူရစိုးအောင်နှင့်
## သူ၏စွမ်းရည်ဘွဲ့ရ နားလုံတိုက်ပွဲ


| အခန်း | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာ | |
| (၁) | ကျွန်တော်သိသော သူရစိုးအောင် | ၂၃ |
| (၂) | စိုးအောင်နဲ့ကျွန်တော်ကြားက ဓမ္မစရာတလေးများ | ၆၇ |
| (၃) | သူရစိုးအောင်နှင့် သူတိုက်ခဲ့သည့် နားလုံတိုက်ပွဲ | ၁၂၉ |
| (၄) | မိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) မှ | ၁၇၇ |
| | အတုရှိကြီးနှစ်ဦး၏ဖော်ပြချက် | |
| (၅) | နောက်ဆက်တွဲဖော်ပြချက်များ | ၁၉၇ |


## စာရေးသူ၏အမှာ

လွန်ခဲ့သည့် အနှစ် ၅၀ ကျော်ကာလ။

တိတိကျကျဆိုရသော် ၁၉၆၁ ခုနှစ်၊ မေ၊ ဇွန် ကာလများ။

ရန်ကုန်တက္ကသိုလ်ကြီးဖွင့်ပြီ။

စာရေးသူ ကျွန်တော်နှင့် သူငယ်ချင်းဘိုကြည်တို့ တောသားနှစ်ယောက်သည် ရွှေဘိုခရိုင် ရေဦးမြို့ကလေးမှ ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ်ကြီးသို့ တက်ရောက်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com




ရန် ပြင်ဆင်နေကြ၏။ အသက် ၁၆ နှစ်သာသာ တောသား လေးနှစ်ယောက်သည် မအူမလည်နှင့် ဘာသာတွဲများ ရွေး ကြ၏။ ဆင်းရဲမွဲတေသည့် တောသားလေးနှစ်ယောက်ကို ကျောင်းထားပေးမည့်သူများက အောက်ပါအတိုင်း မှာလိုက် ၏။

''ကောင်လေးနှစ်ယောက် ... သိပ်ခက်တဲ့ ဘာသာတွေ သွားမယူလိုက်နဲ့။ ဆူလွယ် နပ်လွယ်နဲ့ မြန်မြန် အောင်မယ့် ဘာသာတွေပဲယူ။ မင်းတို့ကို အခက်အခဲအများ ကြီးကြားက ငါတို့ တက္ကသိုလ်ပို့ရတာ''

ထိုစကားအရ ကျွန်တော်နဲ့ ဘိုကြည်တို့သည် ရန်ကုန်ရောက်သောအခါ ဘုန်းကြီးကျောင်းများတွင် ကပ်ရပ်မှီခိုနေထိုင်ရင်း တက္ကသိုလ်ကို တက်ကြရသည်။ ဘာသာတွဲရွေးတော့ ဘာရွေးရမှန်းမသိ၍ ရွေဦး အထကမှ B.Ed လာတက်နေသည့် ဆရာဦးညွန့်မောင်(ရွှေစာရေဦး)ကို အကူအညီတောင်းရ၏။ ဆရာ၏အကြံပြုချက်ဖြင့် ပထမ ဂျီဂျီဘာသာတွဲ GG Combination ကို ရွေးသည်။ ဂျီဂျီက History, OB, Logic။ သုံးလေးငါးရက် တက်ကြည့်ပြီး သော် သိပ်မဟန်၍ သူငယ်ချင်းနှစ်ယောက် ဗွီဘာသာတွဲ





၁၉၉၈-ခုနှစ်က စာရေးသူအမျိုးသား စာပေဆု ရစဉ် ဂုဏ်ပြုနှုတ်ဆက်နေသည့် ရုပ်ရှင် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ဘိုကြည်
(ကျောပေးရပ်နေသူမှာ ရဲချုပ်စိုးဝင်းဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com



**V. Combination** ကို ပြောင်းကြသည်။ ဂိုဂိုက လူများလွန်းသည်။ လူတစ်ထောင်ကျော် နှစ်ထောင်ရှိသည်။ စာသင်ရတာ ခံလုရတာ၊ အတန်းတက်ရတာ ခက်သည်။ **Logic** ဆိုသော တက္ကဗေဒကိုလည်း ကျွန်တော်တို့ တောသားနှစ်ယောက် ကောင်းကောင်း နားမလည်။ သို့နှင့် ကိုယ်နှင့်အဆင်ပြေသည့် **V. Combination** ကို ပြောင်းခဲ့ကြ၏။ **V. Combination** က **History, O.B, Geography** သမိုင်းစိတ်ကြိုက် မြန်မာစာ ပထဝီဖြစ်သည်။ အားလုံးကို မြန်မာလိုသင်ပေးသည်။ ထိုဘာသာတွဲယူသူများမှာလည်း လူ ၂၀၀ ကျော်ခန့်မျှသာ ရှိသည်။ သို့နှင့် အတော်အဆင်ပြေသွားသည်။ ထိုစဉ်က ကျွန်တော်တို့ **Arts** ဝိဇ္ဇာသမားများသည် **B.O.C** ကောလိပ်မှာ တက်ကြရ၍ **Science** သိပ္ပံသမားများက **Dome** ခေါ် လိပ်ခုံးမှာ တက်ကြရသည်။ ကျွန်တော်တို့ကို ဥပစာဝိဇ္ဇာနှင့် ဥပစာသိပ္ပံကျောင်းသားများ သို့မဟုတ် **Intermediate** ကျောင်းသားများဟု ခေါ်ပါသည်။

လိပ်ခုံးနှင့် ဘီအိုစီမှာ ခြံစည်းရိုးလေးသာ ခြားပါသည်။ ဘီအိုစီက လေးထောင့်၊ တစ်ထပ်။ ထို့ကြောင့် တန်းဖြုတ်ချိန် အတန်းပြောင်း အတန်းတက်ချိန်များတွင်



www.burmeseclassic.com

www.burmeseclassic.com



တိုးကြခွေကြရသည်။ သူက ငါ့တိုး၊ ငါက သူတိုးနှင့် တိုးရ တာကပင် ပျော်စရာ။

ကျွန်တော်တို့ **V. Combination** မှာ လူနည်းသဖြင့် ၆ လခန့်အကြာတွင် လူ နှစ်ရာခန့်သည် တစ်ယောက်နှင့် တစ်ယောက် မျက်မှန်းတန်းမိသွားကြသည်၊ ခင်သွားကြသည်။ ကိုယ့်အစုအဖွဲ့လေးများနှင့် ကိုယ်တွဲမိသွားကြသည်။ ကျွန်တော်တို့ လူငယ်လေးများအစုနှင့် အသက်ကြီး အမျိုးသမီးများအစု အဖွဲ့ကျသွားသည်။ ကျွန်တော်တို့က ၁၆ နှစ်သာသာ။ သူတို့က အသက် ၂၀ ခန့်။ ကျွန်တော်တို့က လေးငါးဆယ်ယောက်။ သူတို့ကလည်း လေးငါးဆယ်ယောက်။ အစ်မကြီးတွေနှင့် မောင်လေးတွေအရွယ်ဖြစ်၍ မောင်နှမသဖွယ်လည်း ခင်မင်ခဲ့ကြသည်။

ကျွန်တော်တို့ တက္ကသိုလ်စတက်တော့ ဦးနု၏ ပထစအစိုးရခေတ်။ ကျောင်းသားတွေကို လွှတ်လွှတ်လပ်လပ်ထား၍ တော်တော်ပျော်ခဲ့သည်။ တက္ကသိုလ်ကျောင်းသားအားလုံး **Ladies and gentlemen** တွေ။

၁၉၆၂ ခုနှစ် မတ်လ ကျွန်တော်တို့ **First Year**





ဖြေရန် ပြင်ဆင်ဆဲတွင် တော်လှန်ရေးကောင်စီ အစိုးရက အာဏာသိမ်းသည်။ စစ်အစိုးရတက်လာသည်။ ကနဦးအစကတော့ ဘာပြဿနာမှ မရှိပါ။ သို့ရာတွင် အစိုးရက ကျောင်းစည်းကမ်းများကို တဖြည်းဖြည်း တင်းကျပ်လာသည်။ ထိုစဉ်က ရန်ကုန်တက္ကသိုလ်တွင် တကသ၊ ဗကသ၊ ဒီအက်စ်အို စသည့် ကျောင်းသားအဖွဲ့အစည်းများ ရှိသည်။ သူတို့သည် အသွေးအရောင် ရှိကြ၏။ **B.C.P** အနွယ်များကများသည်။ သူတို့နှင့် အစိုးရ တဖြည်းဖြည်း ထိပ်တိုက်တိုးလာကြသည်။ ထိုအခါ ဆန္ဒပြပွဲများ လုပ်ကြသည်။ ဆန္ဒပြပွဲများ အရှိန်ပြင်းလာသောအခါ ပေါက်ကွဲသွားပြီး ဇူလိုင် ၇ ရက် အရေးအခင်း ဆဲဗင်းဇူလိုင် ပေါ်ပေါက်ခဲ့တော့၏။ ကျောင်းသားခေါင်းဆောင်များ တက္ကသိုလ်တွင် ခြေကုပ်ယူ အပိုင်စီးထားသည့် တက္ကသိုလ်သမဂ္ဂ အဆောက်အဦ **Student Union** ကြီးကို အစိုးရက မိုင်းကပ်ခွဲပစ်လိုက်သည်။ တက္ကသိုလ် ကြီး ပိတ်သွားတော့၏။

လအနည်းငယ်အကြာတွင် တက္ကသိုလ်ကြီး ပြန်ဖွင့်သည်။ ကျွန်တော်တို့ ဒုတိယနှစ်တက်ကြ၏။ အားလုံး ဒုတိယနှစ် အောင်သွားကြသည်။ ၁၉၆၃ ခုနှစ်တွင်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ အိုင်အေခေါ် ဥပစာဝိဇ္ဇာအောင်ပြီး ဘီအေတန်း တက်ကြရသည်။ ဘီအေ ပထမနှစ်တက်နေဆဲမှာပင် တက္ကသိုလ်က ကျောင်းသားအဖွဲ့အစည်းများနှင့် တော်လှန်ရေးကောင်စီအစိုးရ ပြဿနာထပ်တက်ကြပြန်သည်။ ဒီတစ်ခါတော့ ကျောင်းပိတ်တာ လအတော်ကြာသွားသည်။ ထိုအခါ ကျောင်းသူကျောင်းသားတွေ အတော်များများ အလုပ်တွေ ဝင်လုပ်ကြသည်။ ရရာအလုပ်တွေ ဝင်လုပ်ကြခြင်းဖြစ်၏။ အစိုးရသစ်မို့ အလုပ်ခေါ်တာတွေကလည်း များသည်။ ဗိုလ်သင်တန်းလည်း ခေါ်သည်။ ထိုစဉ်က ဗိုလ်သင်တန်းမှာ အိုင်အေအောင်ရင် ရသည်။ ကျွန်တော်တို့ ဘာသာတွဲမှ ဗိုလ်သင်တန်း ၂ ယောက် တက်သွားသည်။ တစ်ယောက်က ထွန်းမြင့်၊ တစ်ယောက်က စိုးအောင်။ စိုးအောင်က ကျွန်တော်တို့ လူငယ်အုပ်စု ပထဝီဝင်ဘာသာရပ်အသင်းက အမှုဆောင်။ ကျွန်တော်နှင့် ဘိုကြည်ကလည်း ပထဝီဝင်ဘာသာရပ်အသင်းက အမှုဆောင်များ ဖြစ်ကြပါသည်။ သူတို့ တက်သွားကြသည့် ဗိုလ်သင်တန်းမှာ ဗိုလ်လောင်း သင်တန်း အမှတ်စဉ် (၂၉) ဖြစ်ပါသည်။ မှော်ဘီတွင် ပထမဆုံး စဖွင့်သည့် ဗိုလ်သင်တန်းဖြစ်၏။





ဗိုလ်သင်တန်းမှာ ဟိုရှေးယခင်က ဗထူးမှာ ဖွင့်သည်။ အမှတ်စဉ် (၂၈) ထိ။ (၂၈) ကျောင်းဆင်းပြီးတော့ ဗိုလ်သင်တန်း ပိတ်လိုက်သည်။ ယခု ဗိုလ်သင်တန်း (၂၉) ကို မှော်ဘီပြောင်းဖွင့်သည်။ စိုးအောင်သည် အသက် ၁၉ နှစ်တွင် မှော်ဘီဗိုလ်သင် ပထမအပတ်ကို တက်သွားတော့၏။ သူက တက္ကသိုလ်စတက်ကတည်းက စစ်စိတ်စစ်သွေးရှိ၍ UTC ခေါ် University Training Corp တက္ကသိုလ်အရန်တပ်ရင်းသို့ ဝင်ခဲ့သည်။ သင်တန်း မပျက်၍ ဒုတပ်ကြပ်တောင် သူ ရထားသည်။ စစ်ယူနီဖောင်းကို မချွတ်တမ်းဝတ်ပြီး ကျောင်းတက်သူဖြစ်၏။ စစ်တပ်ထဲဝင်သွားချိန်တွင် သူ၏ချစ်ရေးချစ်ရာကလည်း သိပ်အဆင်မပြေပါ။ ဒါတွေကို နောက်ပိုင်း ကျွန်တော် ဖော်ပြပါဦးမည်။

ဤစာအုပ်ကလေးမှာ စိုးအောင်၏ ဘဝတစ်စိတ်တစ်ပိုင်းအား ကျွန်တော်သိသလောက် အဓိကထား ရေးသားဖော်ပြမည့် စာအုပ်ကလေးဖြစ်ပါသည်။

စိုးအောင်သည် တပ်ထဲတွင် Colonel ဗိုလ်မှူးကြီးအဆင့်ထိ ဖြစ်ခဲ့၏။ သူရဘွဲ့ရခဲ့၏။ အသက် ၄၀ တွင် သူ Colonel ဖြစ်နေပြီ။ ထိုစဉ်က မြန်မာ့တပ်မတော်တွင်



www.burmeseclassic.com

www.burmeseclassic.com



အငယ်ဆုံး **Colonel** ဖြစ်ခဲ့သည်။ အသက် ၂၀ မပြည့်မီ ပြန်တမ်းဝင်အရာရှိဖြစ်သည့် စိုးအောင်သည် သူတို့ ဗိုလ်သင်တန်း အမှတ်စဉ် (၂၉) တွင် အသက် အငယ်ဆုံး လည်းဖြစ်သည်။ သူသည် စာပေအနုပညာလည်း ဝါသနာ ပါသည်။ တက္ကသိုလ်မှာကတည်းက နံရံကပ်စာစောင်များ တွင် စာရေးသည်။ ကဗျာရေးသည်။ လက်ရေးလက်သား လည်း ကောင်းသည်။ ရုပ်ကလေးကလည်း သနားကမားမို့ ကျောင်းသူအစ်မကြီးများက သူ့ကို စိုးအောင်လေး စိုးအောင် လေးနှင့် ချစ်ကြသည်။ ထိုအထဲမှ အချစ်ပိုသွားသော အစ်မကြီးတစ်ဦးကြောင့် စိုးအောင် စစ်သားလုပ်သွားသည် ဟု ဆိုသူတို့က ဆိုကြသည်။ ထားပါတော့ခင်ဗျာ။

၁၉၆၅ ခုနှစ် ရောက်သွားပြီ။

တက္ကသိုလ်ကြီးက ၁၉၆၃ ခုနှစ်နှောင်းပိုင်းတွင် ပိတ်၍ ၁၉၆၄ ခုနှစ် သီတင်းကျွတ်မှ ပြန်ဖွင့်တော့သည်။ ကျွန်ုပ်တော်နှင့် ဘိုကြည်တို့ ရှေးသားနှစ်ယောက် ၁၉၆၄ ခုနှစ် နွေဦးတွင် ဘီအေပထမနှစ်ကို ဖြေဆိုသွားဖြေရသည်။ အောင်စာရင်းထွက်တော့ ရန်ကုန်ဆင်းပြီး မူလတန်းပြဆရာ ကလေးများ ဝင်လုပ်သည်။ နောက်ဆုံးနှစ်ကို လုပ်သား



ကောလိပ် ပြောင်းတက်သည်။ နေ့ကျောင်းဆရာ၊ ည ကျောင်းသားဘဝနှင့် ၁၉၆၅ ခုနှစ်တွင် ကျွန်တော် ဘွဲ့ရ သည်။ ဘွဲ့ရတော့ ကျွန်တော်လည်း စိုးအောင်လို အချစ်ပို သော ဆရာမကြီးနှင့် အဆင်မပြေဖြစ်ကာ စစ်တပ်ထဲ ခြေစုံပစ်ဝင်လိုက်သည်။ ဘာညာသိလို့တော့ မဟုတ်ပါ။ စစ်ရေးစစ်ရာလည်း နားမလည်ပါ။ လူကလည်း ခယိုးခယိုင် ပျော့တိပျော့ဖတ် ရောဂါသည်။ "နင်လား စစ်သားလုပ်လို့ ရမှာ။ လူက ရှုံနာရှုံ့ကန်း၊ ရောဂါသည်။ စစ်တပ်က သိပ်ပင်ပန်းတာဟဲ့။ ငါ့အစ်ကိုတွေက စစ်သားတွေ။ နင့် လိုရောဂါသည်လေးက စစ်သားလုပ်လို့ မရပါဘူးဟယ်" ဆိုသော ဆရာမကြီးစကားကို မခံချင်၍ စစ်ထဲဝင်ခဲ့သည်။

ဗိုလ်ရွေးအဖွဲ့တွင် ဘိုကြည်နှင့် ပြန်ဆုံသည်။ **E.C** သွားတုန်းကျေ ဖြစ်သည်။

"ခွေးမသား စစ်တပ်ထဲဝင်တာ ငါ့တောင်မပြောဘူး"

"မင်းကရော ငါ့ ပြောလို့လား"

ကျွန်တော်တို့နှစ်ယောက် ရယ်မောပြောဆိုရင်း ဗိုလ်သင်တန်းအရွေးခံရ၍ ဗိုလ်လောင်းသင်တန်း အမှတ် စဉ် (၃၆) ကို တက်ခဲ့ကြသည်။ **V.Combination** မှ



www.burmeseclassic.com

www.burmeseclassic.com



ကိုကျော်သောင်းလည်း ပါလာသည်။ ဗိုလ်သင်တန်းက ကျွန်တော်တို့ အပတ်စဉ်များတွင် အိုင်အေနှင့် မရတော့။ ဘီအေအောင်မှ ရသည်။ ကျွန်တော်နှင့် စိုးအောင်တို့ စစ်သက် ၂ နှစ်ခွဲလောက် ကွာသွား၏။ ၁၉၆၇ ခုနှစ် ကျွန်တော် ဗိုလ်သင်တန်းဆင်းတော့ ကရင်ပြည်နယ် ဖာပွန်မှာ တာဝန်ကျသည်။ စိုးအောင်က ကရင်ပြည်နယ်မြို့တော် ဘားအံမှာ တာဝန်ကျနေသည်။ ထို့ကြောင့် သူနှင့်မကြာခဏ ပြန်တွေ့ရ၏။ ၁၉၆၈ ခုနှစ်တွင် ကျွန်တော် အိမ်ထောင်ကျသည်။ ဘားအံမှာ ရုံးတက် လက်မှတ်ထိုးသည်။ စိုးအောင်က ကျွန်တော့်ဘက်က သက်သေလုပ်ပေးသည်။ ကျွန်တော်က ဒုဗိုလ်နှင့် မိန်းမယူလိုက်၍ သူက ဗိုလ်အဆင့်နှင့် လူပျိုအဖြစ် ရှိနေဆဲ။ သိပ်မကြာမီမှာပင် သူလည်း ဘားအံမှ ပြောင်းသွားသည်။ လူချင်းကွဲသွားကြ၏။ သူ့သတင်းစကားများတော့ ကြားနေရပါသည်။ သူ သူရဘွဲ့ရသည့်အကြောင်း၊ ယမကာ အလွန်အကျွံသုံးဆောင်သည့်အကြောင်း၊ ရာထူးတွေ တဖြုတ်ဖြုတ်တက်နေသည့် အကြောင်းအစုံပါပေ။

❖ ❖ ❖





သူနှင့် ၁၅ နှစ်လောက် ကွဲသွားသည်။

၁၉၈၅ ခုနှစ်မှ ပြန်တွေ့တော့၏။

ထိုအချိန်၌ သူရော ကျွန်တော်ပါ အသက် ၄၀ ရှိကြပြီ။

သူက တပ်မ (၆၆) မှာ နည်းဗျူဟာမှူး။

ကျွန်တော်က အောင်လံတပ်မှာ ဒုတပ်ရင်းမှူး။

ဒီနောက် တစ်ခါပြန်ကွဲသွားကြပြန်သည်။

၁၉၉၆ ခုနှစ်မှာ ပြန်တွေ့သည်။

ကျွန်တော်က Y.C.D.C မှာ။

သူက နယ်စပ်စည်ပင်မှာ။

သူနှင့်ကျွန်တော် အတူတူလိုပင် ပင်စင်ယူကြသည်။

ထိုအခါ သူသည် ကျွန်တော့်အိမ်သို့ မကြာခဏ ရောက်ရောက်လာ၏။ ဇနီးသည်နှင့်လည်း သူ အလွန်ခင်သည်။ အိမ်ချင်းကလည်း သိပ်မဝေး။ သူက ရန်ကင်း၊ ကျွန်တော်က တောင်ဥက္ကလာ။

ပင်စင်စားတွေဘဝတွင် ကျွန်တော် စာတွေ အတော်ရေးဖြစ်တော့သည်။ ထိုအခါ သူက သူစွမ်းရည်ဘွဲ့ ရထားသည့် တိုက်ပွဲလေးအကြောင်း ရေးပေး၏။ သင့်တော်



www.burmeseclassic.com

www.burmeseclassic.com



ရာမဂ္ဂဇင်း၊ စာစောင်များတွင် ထည့်ပေးရန် အကူအညီတောင်းသည်။ ကျွန်တော်က အာမဘာရွှေခံလိုက်သည်။ ဟိုဟိုဒီဒီ ပို့ပေးသည်။ အဆင်မပြေပါ။ စာမူလေးက ကျွန်တော့်ထံတွင် သောင်တင်နေ၏။ သူသည် ပင်စင်စားဘဝတွင်လည်း ယမကာကို မလျှော့ပါ။ သောက်မြဲ ဆက်သောက်နေ၏။ သူ့ကို မကြာခဏ ကျွန်တော် ထမင်းခေါ်ကျွေးသည်။ ထမင်းသိပ်မစား။ ယမကာသောက်ပြီး အမြည်းသာ စားသည်။ ဒါနဲ့ပင် ပြီးသွားလေ့ရှိ၏။

အိမ်ရောက်လာသည့်အခါတိုင်း "ငါ့စာမူလေး လုပ်ရရင် လုပ်ပေးကွာ" ဟု ပြောတတ်သည်။

"အေးပါကွာ" ဟု ကျွန်တော်က ထပ်ပြီး အာမခံသည်။

လွန်ခဲ့သည့် လအနည်းငယ်က စိုးအောင် အကြီးအကျယ် နေမကောင်းဖြစ်သည်။ ရောဂါက လည်ပင်းကင်ဆာတဲ့။

သိပ်မခံလိုက်ပါ။ ဖြစ်ပြီး လေးငါးလအကြာ ပြီးခဲ့သည့် ဒီဇင်ဘာလ ၃ ရက်နေ့တွင် စိုးအောင် ဆုံးသွားသည်။ သူ့အသုဘချသည့်နေ့က ကျွန်တော် လိုက်မပို့နိုင်၍ နေမကောင်းဖြစ်နေပြီး ... 





ဓနီးသည်ကို ရေဝေးလွှတ်လိုက်ရသည်။ ထိုနေ့က ကျွန်တော်က အဘိဓမ္မာသင်တန်းသွားနေရသည်။ သင်တန်းက စာမေးပွဲကြီးနီးနေ၍ အသည်းအသန် ပို့ချနေသည့် အချိန်လည်းဖြစ်သဖြင့် ကျောင်းမပျက်ရဲ။ စာမေးပွဲကျရင် ပြောစရာဖြစ်မှာစိုးရသေး၏။ သူ နေမကောင်းဖြစ်နေစဉ်ကလည်း မရောက်ခဲ့။ သူသေတော့လည်း လိုက်မပို့နိုင်။ သူငယ်ချင်းကို တာဝန်မကျေခဲ့ပါ။

ကဲ ... ဒါဆိုရင်တော့ သူ့တိုက်ပွဲစာမူလေးကို ကျွန်တော် ထုတ်မည်။ သူ့နောက်ဆုံးဆန္ဒကို ဖြည့်ဆည်းပေးမည်ဟု ဆုံးဖြတ်လိုက်ပါသည်။ ဘယ်သူမှ မထုတ်ချင်နေပါစေတော့ ကျွန်တော့်သူငယ်ချင်းစာမူကို ကျွန်တော်ပဲ ထုတ်တော့မည်ဟု ဆုံးဖြတ်ချက်ပိုင်ပိုင်ချပြီး သူ့စာမူလေးကို လုံးစေ့ပတ်စေ့ ပြန်ဖတ်သည်။

သူ့စာမူက ရှားရှားပါးပါး **K.I.A** နဲ့ တိုက်တဲ့ တိုက်ပွဲဖြစ်သည်။

၂၀၁၁ ခုနှစ် ဇွန်လမှစ၍ မြန်မာ့တပ်မတော်နှင့် **KIA** တို့ အပြင်းအထန် တိုက်နေကြသည်။

သတင်းစာတွေနဲ့ ဂျာနယ်တွေမှာ ပလူပျံအောင်



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၁ )

## ကျွန်တော်သိသော သူရစိုးအောင်

တက္ကသိုလ်တုန်းက သူငယ်ချင်း

သူရစိုးအောင် သို့မဟုတ် ကွယ်လွန်သူ ဗိုလ်မှူးကြီး သူရစိုးအောင်(အငြိမ်းစား)ကား ၁၉၆၁ ခုနှစ်၊ ရန်ကုန်တက္ကသိုလ်ကြီးတွင် ကျွန်တော်နှင့် ဘာသာတွဲ အတူယူခဲ့ကြသော ကျောင်းနေဖက် ငယ်သူငယ်ချင်းပါပေ။

သူနှင့်ကျွန်တော့်တွင် တူတာလေးတွေ ရှိနေသည်။ ပထမတစ်ခုက အသက်။

သူက ၁၉၄၅ ခုနှစ် မတ်လမွေး၊ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ၁၉၄၅ ခုနှစ် မတ်လမွေး။ သက်တူရွယ်တူတွေ။ လူကလေးတွေက မျက်နှာလေးတွေ ခပ်သွယ်သွယ်နှင့် သေးသေးကွေးကွေးလေးတွေ။ နှစ်ယောက်လုံးက စာတို ပေစလေးတွေကို ဝါသနာပါကြသည်။ အသက် ၁၆ နှစ်မှာ ဆယ်တန်းအောင်ပြီး တက္ကသိုလ်ရောက်လာကြသူတွေ။ ပြီးတော့ တက္ကသိုလ်ကို မြို့ထဲက လာတက်ကြသည့် Day **Scholar** တွေ။

ပြီးတော့ နှစ်ယောက်လုံးက မတုန်မလှုပ် မခုတ် တတ်တဲ့ကြောင်ကလေးတွေ။ ကိုစိုးအောင်ကတော့ ကျွန်တော့်ထက် စကားပိုနည်းသည်။ အပေါင်းအသင်းလည်း နည်းသည်။ သူက စာပေအနုပညာကိစ္စလေးများတွင်မူ ပါဝင်ပတ်သက်တတ်သည်။ လက်ရေးလက်သားလည်း အတော်ကောင်းပေသည်။ သူ၏ အနုပညာဝါသနာကြောင့် ကျွန်တော်တို့ ဘာသာတွဲယူသူများထဲမှ အမျိုးသမီး ကလောင်ရှင်များဖြစ်ကြသော မမြင့်မြင့်ရွှေ (ရွှေမြိုင်ဝတ်မှုံဦး) (ယခုကွယ်လွန်) နှင့် မြန်မာစာဝါသနာ အလွန်ကြီးသည့် ဆရာကြီးဦးအောင်သင်း၏ အန္တေဝါသိက တပည့် မသန်းနိုင်တို့နှင့် အထူးရင်းနှီးကြသည်။



ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၉) မှ နှစ်ပတ်လည်မိတ်ဆုံစားပွဲတွင် တွေ့ဆုံနေကြပုံ ညာဘက်စွန် ကျောပေးထိုင်နေသူမှာ ကွယ်လွန်သူ ဗိုလ်မှူးကြီး သူရစိုးအောင် ဖြစ်ပါသည်။



ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) မှ ရဲမှူးကြီး စောငွေ၊ ဒုဗိုလ်မှူးကြီး မောင်ငြိမ်းနှင့် အငြိမ်းစားများ
မိတ်ဆုံစားပွဲတွင်တွေ့ရပုံ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) မှ အရာရှိကြီးများ
ဝဲမှယာ ရဲမှူး ငြိမ်မော်၊ ဒုဗိုလ်မှူးကြီး သူရ အောင်ကြည်၊ ရဲမှူးကြီး စောငွေ (အားလုံး အငြိမ်းစားများဖြစ်ပါသည်)

www.burmeseclassic.com



ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၉)မှ ရဲမှူးမြင့်မော်၊ ဒုဗိုလ်မှူးကြီးမောင်မောင် နှင့် သမီးခိုင်သင်းကြည်

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) မှ ဗိုလ်ချုပ်ကြက်စိန်
(ယခု အငြိမ်းစား)

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဘာသာတွဲ **V. Combination** တွင် လူ ၂၀၀ ခန့်သာ ရှိသည်ထင်၏။ ကျော်ရင်လည်း နည်းနည်းပါ။ ယောကျ်ားလေးက တစ်ရာကျော်ကျော်၊ မိန်းကလေးက သုံးလေးငါးဆယ်သာသာ,သာ ဖြစ်၏။ ထို့ကြောင့် ကျောင်းဖွင့်ပြီး လေးငါးခြောက်လအကြာတွင် တစ်ယောက်မျက်နှာတစ်ယောက် မှတ်မိကုန်ကြသည်။ **Roll Call** တွေ ဘာတွေပါခေါ်တော့ နာမည်တွေပါ သိကုန်ကြသည်။ တက္ကသိုလ်မှာက အပတ်စဉ် **Tutorial** တွေ **Practical** တွေ လုပ်ရသည်။ **Class** တွေ တက်သည့်အခါ လူများသော်လည်း **Turorial** တွေ **Practical** တွေမှာတော့ တစ်ခန်း လူအစိတ်သုံးဆယ်သာရှိ၍ သူက ကိုယ့် ဟိုဟာ မေးလိုက်၊ ကိုယ်က သူ့ကို ဒီဟာ ပြန်မေးလိုက်ဖြင့် ယောကျ်ားလေး၊ မိန်းကလေးများ အဲ ကျောင်းသား ကျောင်းသူများ လျင်မြန်စွာ ရင်းနှီးသွားကြသည်။ အဖွဲ့ကျ သွားကြသည်။

စကားနည်း၍ **Isolated** ဖြစ်သော စိုးအောင်သည် ကျွန်တော်တို့ ဘာသာတွဲတွင် U.T.C တက္ကသိုလ် အရန် တပ်ရင်း ဝင်ထားပြီး မကြာခဏ စစ်ယူနီဖောင်းနှင့် ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



တက်၍ **Prominent** တော့ ဖြစ်ပေသည်။ သူနှင့်ကျွန်တော်သည် တက္ကသိုလ်တက်ခါစနှစ်များက သိပ်မရင်းနှီးပါ။ နေ့ကျောင်းသားချင်းတူသော်လည်း သူက အလုံကမ်းနားလမ်းဘက်က ကျောင်းလာတက်သည်။ ကျွန်တော်က ပုဇွန်တောင်က လာရသည်။ ဒုတိယနှစ်တွင် ကျွန်တော်က ကြည့်မြင်တိုင်ရှိ ဘိုကြည်နှင့်အတူ နေဖြစ်သည်။ ထိုအခါ စိုးအောင် နှင့် ဘတ်စ်ကားပေါ်တွင် မကြာခဏ ဆုံဖြစ်ကြသည်။ တတိယနှစ်ရောက်တော့ ကျွန်တော်သည် ကြည့်မြင်တိုင်မှ အလုံရှိ ဘုန်းတော်ကြီးစာသင် တိုက်တစ်ခုသို့ ပြောင်းဖြစ်ပြန်၏။ ထိုဘုန်းကြီးကျောင်းက စိုးအောင်တို့ အိမ်နှင့် ကိုက်သုံးလေးရာသာ ဝေးသည်။ ထိုအခါ စိုးအောင်သည် မကြာခဏ ကျွန်တော်နေသည့် ဘုန်းကြီးကျောင်းကို လာလည်သည်။ ကျွန်တော်က ဘုန်းကြီးကျောင်းသားလေးများနှင့် ဘောလုံးကန်သည်။ ဘောလုံးက သက္ကလပ်ဘောလုံး အသေးလေး။ စိုးအောင်က ပျင်းလို့ဆိုပြီး ကျွန်တော်နှင့် မကြာ မကြာ ဘောလုံးလာကန်သည်။ ထိုအခါကျမှ ရင်းနှီးမှုများ ပိုလာပါသည်။ လူချင်း အတော်ရင်းနှီးလာတော့ သူ့အိမ်ကို အလည်ခေါ်သည်။ သူ့အိမ်





လိုက်သွားသည်။ သူတို့မှာ ညီအစ်ကိုမောင်နှမလေးယောက်ရှိ၏။ အစ်ကိုမှာ ကိုဝင်းမြင့်ဖြစ်၏။ စိုးအောင်က ဒုတိယမြောက်သား။ သူ့အောက်တွင် ညီတစ်ယောက်နှင့် ညီမတစ်ယောက်ရှိသည်။ သူ့အဖေကြီးမှာ ထိုစဉ်က ရုံးဝန်ထမ်းအရာရှိကြီးတစ်ဦးပါပေ။ ဘာအရာရှိမှန်းတော့ ကျွန်တော်မသိပါ။ ပိုးလုံချည်အနီကြီး ခဏ ခဏ ဝတ်၍ ဆရာကြီးပါမောက္ခဦးဘညွန့်လို၊ စာရေးဆရာကြီး မဟာဆွေလို ပုဆိုးပေါ်တွင် သားရေခါးပတ်ကြီး ပတ်ပတ်ထားသည်ကိုတော့ မှတ်မိနေပါသည်။

စိုးအောင်နှင့် ကျွန်တော်သည် တတိယနှစ် ခေါ် ဘီအေပထမနှစ် (ဟိုစဉ်တုန်းကအခေါ်) တွင် အိမ်နီးနားချင်းဖြစ်သွား၍ အရေးခင်မင်သွား၏။

ထိုနှစ်က ကျွန်တော်တို့ **V.Combination** မှ ကျောင်းသူကျောင်းသား တစ်အုပ်တစ်မကြီး ရန်ကုန်တက္ကသိုလ် ပထဝီဝင် အသင်းကြီးတွင် အမှုဆောင်အဖြစ်ဝင်အရွေးခံကြသည်။ ကျွန်တော်နှင့် စိုးအောင် အပါအဝင်လူငယ်အုပ်စုများအားလုံး အမှုဆောင်အဖြစ် အရွေးခံရသည်။ အဖွဲ့ခေါင်းဆောင်က နောင်အခါတွင် ပထဝီဝင်



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရင်ဟု နာမည်ကြီးလာသည့် ကြည့်မြင်တိုင်မှ ကိုကျော်ရင် ဖြစ်၏။ ကွန်တော့်သူငယ်ချင်း ရေဦးသား ဘိုကြည်လည်း အမှုဆောင်ထဲ ပါပါသည်။ ပြီးတော့ မမြင့်မြင့်ရွှေနှင့် မသန်းနိုင် ဦးဆောင်သော **Day Scholar** အစ်မကြီးများအုပ်စုလည်း အမှုဆောင်အဖွဲ့တွင် ပါဝင်ကြသည်။ ဥက္ကဋ္ဌက ကိုတင်ဦး၊ အတွင်းရေးမှူးက ကိုအောင်နိုင်။ အမှုဆောင်အဖွဲ့တွင် လူငယ်အုပ်စုများ၌ ဝါးခယ်မသား ကိုရှိ၊ ကိုသိန်းကြည်၊ ကိုကျင်ဝ၊ ကိုမင်းစိန် စသူတို့လည်း ပါဝင်ကြသည်ကို မှတ်မိနေပါသည်။

ထိုပထဝီဝင်အသင်းကြီး၌ စိုးအောင်သည် အသင်းကြီး၏ ကြွေးကြော်သံများ၊ ကြေညာချက်များကို ဒိုင်ခံပြီး ရေးသည်။ ထိုစဉ်က လက်ဝဲစာလုံးခေါ် စာလုံးစောင်းစောင်းများ တက္ကသိုလ်တွင် ခေတ်စားနေ၏။ ကိုစိုးအောင်၊ ကိုသော်ဇင်၊ ကိုအောင်နိုင်၊ ကိုဘသော်တို့က ဝါဒဖြန့်ချိရေး ကိုင်ကြသည်။ စိုးအောင်က အသင်းကိစ္စများကို ဆောင်ရွက်ပေးနေသော်လည်း ထိုကာလမှာ အချစ်နာကျနေသည်။ သူ၏ **First Lover** ဟု ဆိုရမည့် သူ့ဝင်ဒါမီယာက အစ်မကြီးက သူ့ကို ပစ်ပြီး အချစ်သစ်





တစ်ယောက်နှင့် တွဲနေသည်။ ဒါကြောင့်လားမသိ စိုးအောင်ကျောင်း မကြာခဏ ပျက်လာသည်။ လူချင်းတွေ့ရင် ကျောင်းမပျက်ရန် သတိပေးရ၏။

၁၉၆၃ ခုနှစ် အောက်တိုဘာ၊ နိုဝင်ဘာလောက်တွင် တော်လှန်ရေးကောင်စီအစိုးရနှင့် တက္ကသိုလ်ကျောင်းသားအဖွဲ့အစည်းများ ဒုတိယအကြိမ် ထိပ်တိုက်တိုးကာ အစိုးရက တက္ကသိုလ်အားလုံးကို ပိတ်ပစ်လိုက်ရာ ကွန်တော်လည်း အညာပြန်ခဲ့ရတော့၏။ အညာသို့ အပြန်တွင်မူ အကြောင်းကြောင်းကြောင့် စိုးအောင်ကို သွားနှုတ်မဆက်မိခဲ့ပါ။ အစိုးရကလည်း နယ်တက္ကသိုလ်ကျောင်းသားများ သုံးရက်အတွင်း ရန်ကုန်မှ ထွက်ခွာကြရန် ရာဇသံပေးထားခြင်းကြောင့်ဖြစ်ပါသည်ခင်ဗျား။

## စစ်ထဲဝင်သွားသောစိုးအောင်

၁၉၆၃ ခုနှစ်က တက္ကသိုလ်တွေ ပိတ်တာ တစ်နှစ်ခန့်ကြာသွားသည်။

၁၉၆၃ ခုနှစ် သီတင်းကျွတ်က ကျောင်းတွေပိတ်ပြီး ၁၉၆၄ ခုနှစ် သီတင်းကျွတ်မှ ကျောင်းတွေ ပြန်ဖွင့်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းသူကျောင်းသားများအတွက် စာမေးပွဲများကို ရန်ကုန်မှာသာမက တစ်နိုင်ငံလုံးက ခရိုင် မြို့ကြီးများ၌ ၁၉၆၄ ခုနှစ် နွေတွင် စစ်ပေးသည်။ ကျွန်တော်နှင့် ဘိုကြည် တို့ ရေဦးမှ ရွှေဘိုသွား၍ ဘီအေ ပထမနှစ်ဖြေကြသည်။ အောင်စာရင်းထွက်တော့ နှစ်ယောက်လုံး အောင်ကြပါ သည်။ ဘိုကြည်က တက္ကသိုလ်မှ စတိုင်ပင်ရ၍ ကျောင်း ဆက်တက်နိုင်သော်လည်း ကျွန်တော်မှုကား တက္ကသိုလ် ဆက်မတက်နိုင်တော့ပါ။ ကျွန်တော့်အား စောင့်ရှောက်နေ သူ ကြီးဒေါ်ကြီးက စီးပွားရေး မကောင်း၍ ကျွန်တော်က မွေးစားအမေ ကြီးဒေါ်ကြီး၏ အထောက်အပံ့ကို ငြင်းဆန် ပြီး ရန်ကုန်ဆင်းကာ အလုပ်ရှာသည်။ ၁၉၆၄ ခုနှစ် ဇူလိုင် လတွင် ကျွန်တော် အထူးမူလတန်းပြဆရာ အလုပ်ရပါ သည်။ ဒေါပုံသာကေတမှာပါ။

အလုပ်ရှာနေစဉ် သုံးလေးလမှာ ယခင်ကနေခဲ့ သော အလုံမြို့နယ်က ကွင်းကျောင်းစာသင်တိုက် ဘုန်းတော်ကြီးကျောင်းမှာ ပြန်နေခဲ့ရပါသည်။ စိုးအောင် အိမ်နှင့်နီးသည်။ ကျွန်တော် ဘီအေ ပထမနှစ်က နေခဲ့သော ဘုန်းကြီးကျောင်းပါပေ။

မြရတနာစာပေ



ရန်ကုန်ရောက်ရောက်ခြင်း ကျွန်တော် စိုးအောင်ကို ပြေးတွေ့သည်။ စိုးအောင်ကို မတွေ့တော့ပါခင်ဗျာ။ သူ့အစ်ကို ကိုဝင်းမြင့်နဲ့သာ တွေ့ပါ၏။

"စိုးအောင် မရှိတော့ဘူး။ စစ်တပ်ထဲဝင်သွားပြီ။ အခုခေါ်တဲ့ မှော်ဘီဗိုလ်သင်တန်း ပါသွားလို့ **OTS** ၂၉ ကို အခုတက်နေပြီ"

ဟု ဆီးပြောပါတော့သည်။

ဩော် ... ကျွန်တော့်သူငယ်ချင်း စိုးအောင် တစ်ယောက် စစ်တပ်ထဲ ဝင်သွားပြီတဲ့လား။

ဗိုလ်သင်တန်းအပတ်စဉ် (၂၉) မှာ မှော်ဘီမှာ ပထမစဖွင့်သည့် သင်တန်းဖြစ်၏။ အရင် ဗိုလ်သင်တန်း ကျောင်းက ဗထူးမှာ။ ဗထူးတွင် သင်တန်းအမှတ်စဉ် (၂၈) ထိ ဖွင့်ပြီး ၁၉၆၁ ခုနှစ်၌ ကျောင်းပိတ်လိုက်သည်။ အခု ၁၉၆၃ ခုနှစ် ၌ မှော်ဘီတွင် ပြန်ဖွင့်သည်။ ကျောင်းကြီး ပိတ်ထား၍ ယောင်ချာချာဖြစ်နေသူ တက္ကသိုလ် ကျောင်း သား အတော်များများ စစ်ဗိုလ်စစ်သားလုပ်ကြ၏။ ထိုစဉ်က အလုပ်ကလည်းခေတ်ပြောင်းကာလမို့ အတော်ပေါပေ သကိုး။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကုန်သွယ်ရေးအရာရှိ လုပ်၍ ရသည်။

လက်ထောက်မြို့ပိုင် လုပ်၍ ရသည်။

ဒုရဲအုပ် လုပ်၍ ရသည်။

သစ်ထုတ်လုပ်ရေးမှာ **J.A.O** လုပ်၍ ရသည်။

ဘွဲ့ရများ **SAT** လုပ်၍ ရသည်။

လမ်းစဉ်ပါတီထူထောင်ပြီးဖြစ်၍ ပါတီတွင် ဘာဘာညာညာ ရေးရာမှူးများလည်း လုပ်၍ ရပါသည်။ ဘွဲ့ရလို့ အမှတ်ကောင်းသူများ ဂုဏ်ထူးတန်းနှင့် ကျောင်းပြီးသူများကိုလည်း တက္ကသိုလ်အသီးသီးက ကျူတာ ဒီမွန်စတေတာများ ခန့်ပါသည်။ တပ်မတော်(ရေ)ကလည်း အရေးပေါ်ဗိုလ်သင်တန်းများ ခေါ်ပါသည်။ **Mercantile Marine** ခေါ် ကုန်သွယ်ရေကြောင်း အရာရှိလောင်းများ သင်တန်းလည်း ခေါ်ပါသည်။ ကြယ်ငါးပွင့် သင်္ဘောကုမ္ပဏီကြီးက ခေါ်သည်ဆိုပါ၏။

ဤသို့သောအခါသမယတွင် ကျွန်တော့်သူငယ်ချင်း ကိုစိုးအောင်တစ်ယောက် သူ ဝါသနာပါသော စစ်တပ်ထဲသို့ အသက် ၁၉ နှစ်တွင် ခြေစုံပစ်ဝင်သွားပါပြီခင်ဗျား။

■



## အမှတ်တရတွေ့လေးတစ်ပုဒ်

ကိုစိုးအောင်က စစ်တပ်ထဲသို့ ၁၉၆၃ ခုနှစ် နှစ်ကုန် ၁၉၆၄ ခုနှစ် နှစ်ကူးတွင် ရောက်သွားသည်။ ကျွန်တော်က ယောင်ချာချာနှင့် ကျောင်းဆရာလေးလုပ်ရင်း ကျန်ခဲ့သည်။ နောက်ဆုံးနှစ်ကို လုပ်သားကောလိပ်တွင် ပြန်တက်သည်။ ၁၉၆၅ ခုနှစ်တွင် ကျွန်တော် ဘွဲ့ရသည်။ **SAT** ခန့်ခံရ၏။ **SAT** ဘဝနှင့် တစ်သက်လုံး အရိုးထုတ်သွားချင်ပါ။ ထို့ကြောင့် မဟာဝိဇ္ဇာတန်းတက်ရန် ပြင်ဆင်



www.burmeseclassic.com

www.burmeseclassic.com



ရင်း SAT ရာထူးကို ငြင်းပယ်ခဲ့၏။

ကံကြမ္မာက မနေပါခင်ဗျာ။

စစ်သားဖြစ်ရန် ဖန်လာ၏။

ဒီကိစ္စ ခဏ ခဏ ပြောပြီးဖြစ်၍ မပြောတော့ပါ။

၁၉၆၆ ခုနှစ် နှစ်စတွင် ကျွန်တော်နှင့် ဘိုကြည်တို့ ဘွဲ့ရဗိုလ်သင်တန်း တက်ဖြစ်ကြတော့၏။ OTS ၃၆ ဖြစ်သည်။ ကျွန်တော်တို့ကာလတွင် ဒိုင်အေနဲ့ မရတော့ ဘွဲ့ရများ ဘီအေအောင်မှ OTS က လက်ခံတော့၏။ OTS ၂၉ မှ ၃၁၊ ၃၂ လောက်ထိ အိုင်အေလောက်နှင့် ရသေးသည် ဆိုပါသည်။ ၃၃ မှစ၍ မရတော့ပါ။ ဘီအေ အောင်မှ Graduate မှ။ စိုးအောင်စစ်ထဲဝင်ပြီး ၂ နှစ်ကျော်ကျော် အတိအကျပြောရပါက ၂ နှစ်နှင့် ၄ လ ကြာမှ ကျွန်တော် စစ်ထဲရောက်သွားပါသည်။ ကျွန်တော်တို့ အပတ်စဉ် ၃၆ တွင် V.Combination မှ ကျွန်တော် နှင့် ဘိုကြည်သာမက ကိုကျော်သောင်းလည်း ပါလာ၏။ ဘိုကြည်မှာ ကျွန်တော် နှင့် တပ်စုတစ်စုထဲကျ၍ တက္ကသိုလ်တုန်းက အကြောင်း တွေ၊ အထက်တန်းကျောင်းတုန်းက အကြောင်းတွေ အတော်ပြောဖြစ်ကြသည်။ သူနှင့် ကျွန်တော် တစ်နှစ်





နှစ်နှစ် အတူနေခဲ့ကြသည့်အကြောင်းတွေလည်း ပါပါ၏။ အဲ . . . စိုးအောင် အကြောင်းလည်း ပါပါသည်ခင်ဗျာ။

"စိုးအောင်က သူ့ဝင်ဒါမီယာမမနဲ့ အဆင်မပြေလို့ စစ်ထဲဝင်သွားတာလား"

"မဟုတ်ဘူးနဲ့တူပါတယ်ကွာ။ သူက အရင် ကတည်းက UTC မှာ တစ်ရစ်ရှိပြီးသားပဲ။ ဝါသနာပါလို့ ဖြစ်မှာပါ"

"ဝါသနာမပါဘဲ ရောက်လာတာကတော့ ငါပဲ ဟော့ကောင်ရေ"

"ကဲပါကွာ . . . သိပ်ပြောမနေပါနဲ့တော့။ ငုတ်မိ သဲတိုင် တက်နိုင်ဖို့များရောက်ပေါ့"

ကျွန်တော်နဲ့ ဘိုကြည်တို့ အထက်ပါအတိုင်း ဗိုလ် သင်တန်းတွင် စိုးအောင်အကြောင်းကို ပြောဖြစ်ပါသည်။ ပြောဖြစ်မှာပေါ့ခင်ဗျာ။ ကျွန်တော်တို့နှစ်ယောက်က သူ့ အကြောင်း အတွင်းသိ အစင်းသိဖြစ်ခဲ့ကြသူများပေကိုး။

၁၉၉၆ ခုနှစ် ကျွန်တော် နယ်ဘက်ရောက်တော့ စာတွေစပြီးရေးနေပါပြီ။ ထိုအခါ "ဣန္ဒြေ ယဉ်ေ မိန်းမတို့သည်" အမည်ရဝတ္ထုတိုလေး လေးငါးပုဒ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



တိုက်ရေးဖြစ်၏။ အမှတ်တရ စိုးအောင်အကြောင်း ဝတ္ထုလေးတစ်ပုဒ်ကို ရေးလိုက်မိသည်။ သူ့ဖြစ်ရပ်မှန်ကို အခြေခံပြီး ရေးခြင်းဖြစ်၏။ မြို့တော်မဂ္ဂဇင်းတွင် ထိုဝတ္ထုကလေးကို ဖော်ပြခဲ့ပါသည်။

ယခု စိုးအောင်၏ အတ္ထုပ္ပတ္တိ ဘဝမှတ်တမ်းတွင် ကျွန်တော် စရေးခဲ့သည့် သူ၏ **First Love** နှင့် ဆိုင်သည့် ကျွန်တော့်ရှေးဟောင်းလက်ရာ အချစ်ဝတ္ထုကလေးအား စာရှုသူများ မြည်းစမ်းဖတ်ရှုကြည့်နိုင်ပါရန် ပဏာမ အနေဖြင့် ဖတ်ရှုခံစားကြည့်ကြပါရန် တင်ဆက်လိုက်ပါသည် ခင်ဗျား။

မြရတနာစာပေ

## မေမသိတဲ့ ဗဋ္ဌိ

ရွှေ့တန်းပြန် ကျွန်တော်တစ်ယောက် သာယာ ဝိုင်းတဲ့ မြို့ စစ်ကိုင်းမှာ ရက်ပေါင်းများစွာ အတော်ကြာ အောင်နေပြီးဖြစ်သည့်နောက်မှ ဖနီးသည် မေက ရန်ကုန်မှ လိုက်လာပါသည်။ လေယာဉ်ဖြင့်လာသည်မို့ မန္တလေး နှမ်းမြသာစည်လေဆိပ်မှာ သွားကြိုရသည်။ လေယာဉ်ပေါ် ကဆင်းလာတဲ့ မေရဲ့ ရွှန်းမြမြ မျက်နှာမြင်ရတော့ အမော ပြေသွားသည်။ စစ်ဆင်ရေးတာဝန်များဖြင့် တောထဲ တောင်

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် လပေါင်းများစွာ သွားဟယ် လာဟယ်နဲ့ ချွေးပြိုက်ပြိုက်ကျခဲ့တာတွေကို မေ့မြင်မှ မေ့ချင်ချင်ဖြစ်သွားသည်။ တပ် ဝင်ဝင်ချင်း လိုက်မလာနိုင်ခဲ့သည်ကို ...

"ခွင့်လွှတ်နော် ကို" ဟု မေက အနူးအညွတ် တောင်းပန်သည်။ ဒီကလည်း မဆွတ်ခင်က ညွတ်ချင်နေသူမို့ ...

"အမလေး မိန်းမရယ်၊ ကိုယ်က ခွင့်လွှတ်ပြီးသား။ ကဲ ... ဒါတွေထား ခရီးထွက်နေတုန်း လေးငါးခြောက်လစာ လုပ်စရာတွေ ရှိနေတယ်။ အဲဒါ အရေးကြီးတယ်"

ကျွန်တော် ပြောပြောဆိုဆို သူမလက်ကို အသာအယာဆုပ်ကိုင်လိုက်ရင်း ပြောလိုက်ရာ ...

"အို ... ကိုကလည်း ဘာတွေလဲ။ အရင်းမရှိ အဖျားမရှိ"

မေက ရှက်ရွံ့စွာ ဆိုလိုက်သည်။

"ကိုယ်တို့မိသားစုကိစ္စတွေပေါ့ ကလေးတွေ ကျောင်းကိစ္စ၊ မပြီးသေးတဲ့ ဆောက်လက်စ အိမ်ကိစ္စ၊ အညာမှာ အလှူသွားလုပ်ဖို့ ကိစ္စတွေပေါ့ မေရဲ့"

ထိုသို့ဆိုလိုက်မှ မေက လှပစွာပြုံးပြီး ...





"ဩော် ... အဲဒါတွေလား"

ဟု ပြော၍

"ဟင်း"

ဟု ကျွန်တော့်အား မျက်စောင်းတစ်ချက် ချိတ်လိုက်ရာ တုံ့ပြန်ပြုံးရင်း တွေ့ကတည်းက ဆုပ်ထားမိသည့် မေ့လက်ချောင်းနုနုလေးများအား တယုတယ ပွတ်သပ်လိုက်မိပါသည်။

"ဟယ် ... တယ်လှတဲ့ မြလက်စွပ်လေးပါလား။ ကိုယ့်မိန်းမက ဒီတစ်ခါတော့ ရွှေနဲ့မြနဲ့ ဖြစ်နေပါလား။ ဘယ်ကရတာလဲ မေ"

မေ့ဘယ်လက် လက်သူကြွယ်တွင် ချစ်စဖွယ် အစိမ်းရောင် မြလက်စွပ်လေးအား ရုတ်တရက် ပွတ်သပ်မိရာမှ တွေ့မိသဖြင့် လက်ဝတ်ရတနာများကို မက်မက်မောမော ဘယ်တုန်းကမှ မဝတ်တတ်သည့် ဇနီးသည်အား တအံ့တဩ ကျွန်တော် မေးမိသည်။ စိတ်ထဲကလည်း ဒီလက်စွပ်မျိုးလေး အရင်က မြင်ဖူးသလိုလို။

"ဩော် ... ကိုသူငယ်ချင်း မမနယ်လီဆီသွားရင်း ကြုံတုန်း ဈေးသိပ်ပေါ်တယ်ပြောလို့ ဝယ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကို။ ပြီးတော့ ဒီလက်စွပ်ကလေးကို မြင်မြင်ချင်း သိပ်ချစ်လို့ ကိုရဲ့''

''ဘုရားရေ ... လက်စွပ်ကလေးကို သိပ်ချစ်လို့ ဆိုပါလား''

''နေပါဦး မေရဲ့။ ဘယ်က ဝယ်လာတာလဲ''

''မမနယ်လီအိမ်ရောက်တော့ သူ့သူငယ်ချင်းတစ်ယောက်အိမ်ခေါ်သွားတာနဲ့ အဲဒီမှာ စကားစပ်မိရင်း ဝယ်ဖြစ်တာ ကို။ အဲဒီအမျိုးသမီးက ကိုနဲ့လည်း ကျောင်းနေဖက် သူငယ်ချင်းတဲ့။ သူက မေ့ကို ကို့အမျိုးသမီးမှန်းလည်း သိရော အတင်းကို ဖက်လှဲတကင်းနဲ့ ဒီမြလက်စွပ်လေးလည်း ဈေးသက်သက်သာသာနဲ့ ရောင်းပေးလိုက်တာကိုရဲ့''

''ဩော် ... ဟုတ်လား။ ကိုယ့်သူငယ်ချင်း ဆိုတော့ ဘယ်သူများလဲ မေ''

''အင်း ... ပဂ္ဂီအေးအောင်တဲ့ ကို။ ကိုနဲ့ တက္ကသိုလ်တုန်းက သိပ်ရင်းနှီးကြတာဆို။ အဲဒါ မမနယ်လီကလည်း ဟုတ်တယ်တဲ့။ ပဂ္ဂီနဲ့ နင့်ယောက်ျားက သိပ်ခင်ကြတာတဲ့''

''သူတို့တိုက်ကြီးကလည်း ဝင်ဒါမီယာမှာ ဟီးနေ





တာ ကို။ မေတို့ပြန်ခါနီးတော့ သူ့ယောက်ျားလည်း ရောက်လာတယ်။ ဒေါက်တာ အေးအောင်တဲ့ ခပ်ချောချောပဲ။ သူကလည်း ကို့သူငယ်ချင်းပဲတဲ့။ အခု ရန်ကုန်တက္ကသိုလ် ပထဝီဌာနမှာ ဌာနမှူးလို့ပြောတာပဲ။ ပဂ္ဂီက သူ့ယောက်ျား ပြန်လာတော့ အပြေးအလွှားသွားကြိုပြီး မေ့ကို ကို့အမျိုးသမီးဖြစ်ကြောင်းပြောပြီး မိတ်ဆက်ပေးတယ်''

''အဲ ... ဒေါက်တာအေးအောင်ကတော့ မေ့ကိုကြည့်ပြီး ဩော် ... သက်ဦးအမျိုးသမီးကိုးလို့ပြောပြီး ... ကို နေကောင်းရဲ့လား။ အခု ဘယ်မှာ တာဝန်ထမ်းဆောင်နေလဲ၊ ဘာလဲနဲ့ ရင်ရင်နှီးနှီး မေးပါတယ်။ လူကတော့ ရည်ရည်မွန်မွန်နဲ့ သန့်သန့်ပြန့်ပြန့် ခန့်ခန့်ချောချောပဲ ကိုရဲ့''

တစ်ခါတွေ့ဖူးရုံမျှဖြင့် ဇနီးသည်မရွှေမေရဲ့ ပဂ္ဂီတို့စုံတွဲကို ဟိမဝန္တာ ချီးမွမ်းခန်းဖွင့်နေသည်အား ကျွန်တော် အသာနားထောင်နေမိသည်။ စစ်ဆင်ရေးက ပြန်ရောက်ခါစ လင်မယားချင်း ပြန်တွေ့ရချိန်တွင် ဘာတွေကိုမှ အငြင်းပွားလိုစိတ်မရှိပါ။ အိမ်ပြန်ရောက်ခါစ စစ်သားတွေ ထုံးစံအတိုင်း ကိုယ့်ဇနီးမယားအား အနုအရွနဲ့ သမုဒယ စကား



www.burmeseclassic.com

www.burmeseclassic.com



လေးတွေများသာ ပြောပြီးနေလိုပါသည်။ အငြင်းမပွားလို သော်လည်း မေ့စကား နားထောင်ပြီး ကျွန်တော် ပြုံးလိုက် မိပါ၏။

ဪ . . . မေက ကျွန်တော့်သူငယ်ချင်းစုံတွဲကို အခုမှ တွေ့ဖူးတာကိုး။ ချီးမွမ်းပေမပေါ့။

❖ ❖ ❖

ဘီအိုစီကောလိပ်ဖွင့်ကာစ ၁၉၆၁ ခုနှစ်ကာလများ။

ကျွန်တော်နှင့် သူငယ်ချင်းဘိုကြည်တို့ အညာမှ မလည်မဝယ်ဖြင့် ရန်ကုန်ရောက်လာပြီး တက္ကသိုလ် တက် ကြသည်။ အဆောင်စရိတ် မတတ်နိုင်ကြ၍ ကြည့်မြင်တိုင်ရှိ အသိဘုန်းကြီးကျောင်း တစ်ကျောင်းမှာ မှီခိုနေရင်း ကျောင်း တက်ဖြစ်သည်။ အသိအကျွမ်းနည်းသော အညာသား အတတများဖြစ်၍လည်း ဘယ်ဘာသာတွဲ ယူရမှန်းမသိပဲ ကျောင်းဖွင့်စကာလများမှာ ယောင်ချာချာနှင့် အတန်း တကာ လျှောက်တက်ကြည့်ကြသည်။ နောက်တော့ လူနည်း သည့် ဘာသာတွဲတစ်ခုအား အတူယူဖြစ်သည်။

လူနည်းသည့် ဘာသာတွဲဖြစ်၍ တစ်နှစ်အတွင်းမှာ





ပင် လူချင်းအားလုံး ရင်းနှီးသွားကြသည်။ လက်တွေ့ ဘာသာရပ်များလုပ်ရင်း ပိုခင်လာကြသည်။ သည်တွင် ကိုယ်ခင်မင်ရာ အုပ်စုလေးများ ဖြစ်သွားကြသည်။ ကျွန်တော်တို့ နေ့ကျောင်းသားများအုပ်စုတွင် ကြည့်မြင်တိုင်မှ ကျွန်တော်နှင့် ဘိုကြည်၊ ကျော်ရင်၊ စိုးအောင်တို့ ဖြစ်ပြီး အဆောင်နေသူများထဲတွင် အေးအောင်၊ ဘိုနီ၊ ဝင်းတင့်တို့ ဖြစ်ကြသည်။

ထူးဆန်းသည်က ကျွန်တော်တို့နေ့ကျောင်းသား များတွင် ကျော်ရင်မှလွဲ၍ ကျန်အညာသားများဖြစ်ပြီး အဆောင်သားသုံးဦးကတော့ မြစ်ဝကျွန်းပေါ်မှ ဝါးခယ်မ သားများ ဖြစ်ကြကုန်၏။ ကျွန်တော်တို့က ကျွန်တော်တို့အုပ်စု လေးအား ထိုစဉ်က သူငယ်ချင်းတစ်စု အတူသွားကြည့်ဖူးကြ သည့် ‘ဆဲဗင်းဆာမူရိုင်း’ အမည်ရှိ ဂျပန်ရုပ်ရှင်ကားအား အားကျပြီး ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ‘သူရဲကောင်း ခုနစ်ယောက်’ ဟု အမည်ပေးလိုက်ကြသည်။

ရယ်တော့လည်း ရယ်ရပါသည်။ လူတွေကလည်း ဆယ်ကျော်သက်အရွယ် ငယ်ကြသေးသကိုး။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ဘာသာတွဲတွင် မိန်းကလေးမှာ သုံးလေးငါးဆယ်သာ ရှိသည်။ ထိုသုံးလေးငါးဆယ်တွင်လည်း နေ့ကျောင်းသူနှင့် အဆောင်နေသူ၊ အသက်နည်းနည်း ကြီးသူနှင့် အသက်ငယ်သူဟူ၍ ကွဲပြားကြကုန်၏။ ကျောင်းသူများနှင့် မိတ်ဆွေဖြစ်ကြရာတွင် ကျွန်တော်တို့အုပ်စုလေးက အသက်ကြီးသော အစ်မကြီးများအုပ်စုနှင့် သွား၍ အထူးခင်မင်မိကြသည်။ ထိုအုပ်စုတွင် မမြင့်မြင့်ရွှေ၊ မမြလွင်၊ မသန်းနိုင်၊ မကြည်ကြည်ဝင်း၊ မနယ်လီနှင့် မပဂ္ဂိတို့ ပါကြသည်။ ကျွန်တော်တို့တစ်တွေကား နှစ်ကုန်ခါနီးတွင် တကယ့်မောင်လေးအရင်းအချာများနှင့် အစ်မကြီးများပမာ ဖြစ်သွားကြပါလေကုန်၏။

❖ ❖ ❖

ချဉ်သီးနှင့် ဆား အတူထား၊ လျှာဖျားကျွန်မြွေမရ ဟူသော မြန်မာစကားပုံရှိ၏။

ထိုစကားလာအတိုင်း ပထမနှစ်မှာပင် ဖိုမသဘော တရားအရ ကျွန်တော်တို့အုပ်စုမှ ရုပ်ဖြောင့်သော ဝင်းတင့်နှင့် အစ်မကြီးများအုပ်စုမှ ပဂ္ဂိတို့ အတွဲဖြစ်သွားသည်။





ပဂ္ဂိက နေ့ကျောင်းသူ၊ ဝင်ဒါမီယာမှ ကိုယ်ပိုင်ကားနှင့် ကျောင်းတက်သူ၊ သူ့မိဘများက စိန်ရွှေပွဲစားများဖြစ်၍ ချမ်းသာသည်။ အဝတ်အစားလည်း တစ်နေ့တစ်မျိုး မရိုးအောင် ဝတ်နိုင်သည်။ အစ်မကြီးများအုပ်စုတွင် သူက(၁၈) နှစ်ခန့်သာရှိ၍ အသက်အငယ်ဆုံး၊ အားလုံးက သူ့ကို အလိုလိုက်ရဆုံး၊ သူနဲ့တွဲသူက နယ်လီ။ သူတို့ နှစ်ယောက်လုံး စိန့်ဖလိုမီနာကွန်ဗင့်မိန်းကလေးကျောင်းထွက်များဖြစ်၍လည်း ခေတ်မီရဲတင်းကြကုန်၏။

အသားအနည်းငယ်ညိုသော်လည်း ဝိုင်းစက်ရွှန်းလဲ့သော ညို့မျက်လုံးများဖြင့် ညုတုတု ခရာတာတာ အပြောအဆို အမူအယာများနဲ့ ပဂ္ဂိအား ဘိုနီက မျက်စိကျနေသည်။ ဘိုနီက ထင်ရာမြင်ရာ စွတ်ရွတ်လုပ်ဝံ့သူ ဖြစ်သည်။ ဝင်းတင့်နှင့်တွဲနေသည့်ကြားမှပင် ပဂ္ဂိအား သူဝင်ချဉ်းကပ်ရာ ဝင်းတင့် ဘေးရောက်သွားပြီး သူက ပဂ္ဂိ၏ ဒုတိယမြောက် ဇာတ်လိုက်ဘဝ ရောက်သွားသည်။ သူနဲ့ပဂ္ဂိ တွဲဖြစ်တော့ အစ်မကြီးများက ...

“ဟဲ့ ... ကောင်လေးတွေ ရှတ်ရှတ် ရှတ်ရှတ်နဲ့ နင်တို့ ကြည့်လုပ်ကြဦးနော်။ ပဂ္ဂိလက်ချက် မိသွားဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော်တို့အုပ်စုအား သတိပေးသည်။ ဤသို့ဖြင့် ပထမနှစ်တွင် ကျွန်တော်တို့အုပ်စုမှ သူရဲကောင်း နှစ်ယောက် ကျဆုံးသွားခဲ့ပါသည်။

❖ ❖ ❖

ဒုတိယနှစ် နှစ်စတွင်ပင် ဘိုနီနှင့် ပဂ္ဂိတို့ မပြေမလည်ဖြစ်ကြသည်။ ဖြစ်ရသည့်ကိစ္စက အသေးအမွှား။ ဘိုနီက မမမြင့်ကို စာကူးပေးလို့တဲ့။ တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန်စွပ်စွဲကြပြီး လက်တွဲဖြုတ်ကြသော အခါ စိုးအောင်သည် ပဂ္ဂိ၏ တတိယမြောက် သူရဲကောင်းလေး ဖြစ်လာသည်။

စိုးအောင်က ကျွန်တော်တို့လို အဆောင်မနေနိုင်သည့် နေ့ကျောင်းသား၊ အလုံကမ်းနားလမ်းမှာ နေသူ၊ ကျွန်တော်တို့ အခြေပြုရာ ဘုန်းကြီးကျောင်းနှင့် သူ့အိမ်ကလည်း မဝေးလှ။ မိတ္ထီလာနယ်မှ ရန်ကုန်ရှိ ဦးလေးအိမ်မှာနေရင်း ကျောင်းတက်နေသူဖြစ်သည်။ စစ်သားလုပ်ရန် စိတ်အားထက်သန်၍ တက္ကသိုလ် အရံတပ်ရင်းလည်း တက်နေသည်။ လက်ရေးလက်သားကောင်း၍ အနုပညာနှင့်





စာပေဝါသနာပါသူ ဖြစ်သည်။ ကျွန်တော်တို့အုပ်စုတွင် သူနဲ့ ကျွန်တော်က အသက်အငယ်ဆုံး၊ စိတ်တူကိုယ်တူ ဝါသနာ တူမို့ အချစ်ခင်ဆုံး၊ ဘိုနီနဲ့ ခွာပြဲသွားသော ပဂ္ဂိက ဘိုနီနဲ့ အဆက်ပြတ်သွားပြီး ရက်ပိုင်းအတွင်း တစ်နေ့ ...

"မမကို စာကူးပေးနော် မောင်စိုးအောင်"

ဟု ဇာတ်လမ်းစသည်။ သိပ်မကြာပါ စာ လေးငါး ခေါက်ခါ ကူးပေးပြီးသောအခါ မအူမလည် မောင်လေး စိုးအောင်သည် မမပဂ္ဂိ၏ ကိုယ်ရံတော်တပ်မှူးလေးဘဝ ကျရောက်သွားပါတော့သည်။

"ဟေ့ကောင် စိုးအောင်၊ ပဂ္ဂိက အသဲစား ဘုရင်မနော်။ မင်း သတိထား"

ဟု ကျွန်တော်တို့တစ်တွေက သတိပေးကြသည်။ ဆေးမိနေသူပမာ ရီဝေမှုန်မှိုင်းသော မျက်နှာဖြင့် စိုးအောင် က ဘာမှပြန်မပြော တုံဏှိဘာဝေ။

ဤသို့ဖြင့် ဒုတိယနှစ် နှစ်စမှာပင် ကျွန်တော်တို့ အဖွဲ့မှ တတိယမြောက် သူရဲကောင်းတစ်ယောက် ကျဆုံး သွားခဲ့ပြန်ပါသည်။

ဒုတိယနှစ်တွင် ပဂ္ဂိနှင့်တွဲနေသည့် မနယ်ငီ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက် ရုတ်တရက် ကြည်းတပ်မှ တပ်မတော်အရာရှိ တစ်ဦးနဲ့ အိမ်ထောင်ကျသွားပြီး ကျောင်းကထွက်သွားသည်။ မနယ်လီ မရှိတော့သည့်နောက်တွင် ပဂ္ဂီ၏ လှုပ်ရှားမှုများက ပိုမိုကျယ်ပြန့်လာ၏။ သူ့ထိန်းမည့်သူလည်း မရှိတော့ စိုးအောင်နဲ့ ပဂ္ဂီ တွဲတာလည်း မတွေ့တော့။ အမြဲတမ်း ရီဝေသောမျက်နှာ မသပ်မရပ် အဝတ်အစားဖြင့် စိုးအောင် ကျောင်းတက်သည်။ တစ်ခါတစ်ရံ ကျောင်းပျက် လာတတ်သည်။ ပဂ္ဂီတစ်ယောက်ကတော့ ပြည်လမ်း လိပ်ခုံးဘက် သွားပြီး ကျက်စားနေပြန်သည်။ ကိုယ်ရံတော်တပ်မှူးလေး စိုးအောင်သာ ယောင်ချာချာဖြင့် ဘုန်းမောင့်တစ်ယောက် တည်းရယ် ဖြစ်သွားသည်။ ကျွန်တော်တို့အုပ်စုကလေး ကတော့ . . .

"စိုးအောင်တော့ သွားပြန်ပြီကွာ။ ကျန်တဲ့လူတွေ မကျဆုံးစေရဘူးဟေ့"

ဟု စုပေါင်းကြွေးကြော်ကြသည်။ တစ်ခါမှ ဘာမှ ဝင်ပြီး မပြောခဲ့ဖူးသော စာကျိုး အေးအောင်ကတော့ . . .

"တောက် . . . ဒီပဂ္ဂီဟာ အလကားဟာမပါကွာ"

ဟု ဆို၏။



အစ်မကြီးများအုပ်စုမှ တည်ကြည်သော မသက်သက်နိုင်နဲ့ မမြမြလွင်တို့ကလည်း . . .

"ကောင်လေးတွေ ပဂ္ဂီ လက်ချက်မိမယ်နော်။ သက်ဦးနဲ့ အေးအောင် နှင်တို့နှစ်ယောက်လည်း ကောင်း ကောင်း သတိထား"

ဟု ထပ်ပြီး သတိပေးကြသည်။

ပဂ္ဂီက ငယ်ရွယ်ချောမောသော ယောကျ်ားလေး များ၊ စာတော်သူများအား သဘောကျတတ်ကြောင်း သူ့တို့ မိန်းကလေးချင်း ပိုသိကြသည်။

ကျွန်တော်တို့အုပ်စုတွင် ပဂ္ဂီ၏လက်ချက်မှ လွတ်ကင်းနေသူများအနက်မှ ဘိုကြည်မှာ ချစ်တီးကုလား ရုပ်၊ ကျော်ရင်က အာလာဒင်ဇာတ်ကားထဲက မီးခွက်စောင့် ဘီလူးရုပ်။ ဒါကြောင့် ပဂ္ဂီ သဘောကျဖွယ်မရှိ။ သို့ရာတွင် စာအလွန်တော်ပြီး ဖြူဖွေးသန့်ပြန့်သော ရုပ်ရည်ရှိသည့် အေးအောင်နှင့် အသက်ငယ်သော ကျွန်တော့်ကိုတော့ အစ်မကြီးများက သိပ်စိတ်မချရှာကြ။

ကျွန်တော်တို့ သူရဲကောင်းလေးများကလည်း ပဂ္ဂီ အတွက် ပန်းဆက်သည့် ဗျတ္တဘာဝ မကျရောက်အောင်

www.burmeseclassic.com

www.burmeseclassic.com



အတော်ကြိုးစားနေရပါသည်။ ဗို–မ သဘာဝဆိုသည်က လွှန်ဆန်၍မရသည့် သဘာဝတရား။ ဒါတင်မက ပဂ္ဂိ ၏ အညှုအခရာ အတာများကလည်း စွဲမက်စရာကောင်းလှသည်ဟု ကျဆုံးသွားသူ သူရဲကောင်းများဆီက ကြားသိရပါသည်။

သည်သို့နှင့် ဒုတိယနှစ်က တရွေ့ရွေ့ကုန်ဆုံးရန် နီးလာသည်။ စိုးအောင် ကျောင်းပျက်ရက်များ၌ တစ်ရက်တွင် စိတ်ပူစွာဖြင့် သူ့အိမ်သို့ ကျွန်တော် လိုက်သွားသည်။ စာမေးပွဲကြီး နီးပြီ။ ကျောင်းပျက်၍ မဖြစ်။ စိုးအောင်နှင့် တွေ့ရာ သူက ရင်ဖွင့်သည်။

"မမပဂ္ဂိနှင့် ငါ မျက်နှာချင်းမဆိုင်တော့ဘူး သူငယ်ချင်း။ တကယ်တော့ သိလျက်နဲ့ ဝိပါတ်ကြမ္မာငင်တာပါကွာ။ ကိုဝင်းတင့်တို့၊ ကိုဘိုနီတို့နဲ့ ဖြစ်ပြီးသားဟာကို သူ့စက်ကွင်းက ငါ မလွတ်ဘူး ဖြစ်သွားတယ်။ ငါ ရှက်တယ် သူငယ်ချင်း။ ခုတော့ ငါ့ကိုပစ်ပြီး လိပ်ခုံးဘက်သွားပြီး သူ အသစ်ရှာနေတယ်လေ။ သူ့ကို မတွေ့ချင်တော့လို့ ကျောင်း မတက်တော့တာ"

"မင်း ကျောင်းမတက်တော့ရင် စာမေးပွဲကျမှာပေါ့





ဟောကောင်ရ ရှုံးမနေစမ်းပါနဲ့ကွာ။ မင်းကလည်း သူ့ သွားယုံတာကိုး"

"မင်းပြောလည်း ခံရမှာပဲ သူငယ်ချင်း။ သူက ငါနဲ့တွေ့တော့ မောင့်ကို အချစ်ဆုံးတဲ့။ ငါ့ကို အချစ်ဆုံးဆိုတာ ယုံအောင်ဆိုပြီး သူ အင်မတန်မြတ်နိုးတယ်ဆိုတဲ့ သူ့ မြလက်စွပ်လေးကိုတောင် ငါ့ ချွတ်ပေးတာကွ။ ငါ မင်းတို့ကို ဖွင့်မပြောရဲလို့ ဟောဒါလေးပဲ"

စိုးအောင်က သူ့လက်သန်းမှာ ဝတ်ထားသည့် ချစ်စဖွယ် မြလက်စွပ်လေးအား ပြသည်။

"ကဲ ... ဒါတွေထား။ သူငယ်ချင်း မင်းကျောင်းမှန်မှန်တက်ပါကွာ။ အခက်အခဲ အမျိုးမျိုးတွေထဲက ကြိုးစားပြီး ကျောင်းထားပေးနေတဲ့ မင်းမိဘတွေကို မသနားဘူးလား။ စာမေးပွဲကြီးတော့ ကြိုးစားဖြေပါဦး"

ကျွန်တော့်စကားကြောင့် စိုးအောင် တွေသွားသည်။ အလေးအနက် စဉ်းစားသွားပုံရ၏။ များမကြာမီမှာပင် ကျွန်တော်နှင့် သူငယ်ချင်းများအားလုံး ဝိုင်းဝန်းဖျောင်းဖျမှုကြောင့် သူကျောင်းပြန်တက်သည်။ စာမေးပွဲကြီးလည်း ဖြေပါသည်။ အောင်စာရင်းများထွက်တော့ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com



ပေါ့နော်''

ပဂ္ဂိက သူ့မျက်တောင်ကော့ကြီးများအား ပုတ်ခတ်ပုတ်ခတ်လုပ်ရင်း မျက်ရည်ကြည်များ လဲ့၍လာသည်။

''ဟုတ်တယ်လေဗျာ''

ကျွန်တော်က ဆောင့်ဆောင့်အောင့်အောင့်ဖြင့် ထပ်ဖြေ၏။

''ကိုစိုးကြောင့် ကိုသက်လည်း ပဂ္ဂိကို စိတ်ဆိုးနေပြီလား မသိဘူး''

''ဘာဆိုင်လို့လဲဗျ။ ခင်ဗျားတို့ကိစ္စနဲ့ ခင်ဗျားတို့ပဲ။ ကျုပ်က ကျုပ်သူငယ်ချင်း ကျုပ် ကူညီတာ။ ဒါတွေ ပြောမနေပါနဲ့တော့ ရော့ ခင်ဗျားလက်စွပ်''

ကျွန်တော်က မကျေမနပ်နှင့် စိုးအောင်ပေးခဲ့သည့် လက်စွပ်လေးအား ပဂ္ဂိ၏ မော်တော်ကားထဲ ပစ်ထည့်ရင်း လှည့်ထွက်ခဲ့ပါသည်။ 'အတော်ဟန်ဆောင်ကောင်းတဲ့ မိန်းမ' ဟုလည်း ပဂ္ဂိအား လူငယ်ပီပီ စိတ်ဆိုး မိပါသည်။

''မောင်လေး ... မောင်လေး၊ ကိုသက်ဦး နေပါဦး''

ဟု ပဂ္ဂိက ခေါ်သည်ကိုတောင် လှည့်မကြည့်မိ





တော့။ ဘီအိုစီကောလိပ်ဘက် ခြေလှမ်းသွက်သွက်ဖြင့် ထွက်ခဲ့ပါသည်။ ပဂ္ဂိဆိုသည်မှာ ကျွန်တော်တို့ရဲ့ သူရဲကောင်းတွေအား တစ်ယောက်ပြီးတစ်ယောက် တဖြုတ်ဖြုတ် ကြွေအောင် ခြွေနေသည့် ပန်းစားဘီလူးမ မဟုတ်လား။ သူ့ကို ဝေးဝေးရှောင်မှ။

ဝေးဝေးရှောင်ချင်ပါသည်ဆိုမှ ပဂ္ဂိက စိုးအောင် စစ်ထဲဝင်သွားရသည့်အကြောင်းတွေ ကျွန်တော့်ကို မကြာမကြာ လာမေးသည်။ ဒါကို ဘေးက အစ်မကြီးများက အထင်လွဲကြသည်ထင့်။

''ဟဲ့ ... သက်ဦး၊ မင်း ပဂ္ဂိကိုတော့ သွားပြီး စလိုက်နဲ့နော်။ ဒီကလေးမက လွယ်တာမဟုတ်ဘူး။ မင်း အကွဲရောက်နေဦးမယ်''

ဟု သတိပေးသည်။ ချို့ချို့တဲ့တဲ့ဖြင့် ကျွန်တော် ကျောင်းတက်နေရကြောင်း သူတို့သိပါသည်။ သတိပေး ခော်ရသဖြင့် ကျေးဇူးတင်ရပါသည်။

ဒီကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တို့ သူရဲကောင်းအုပ်စုမှ တခြားသူတွေက ဘာမှသိပ်မပြော ကြသော်လည်း ဥပစာတန်းတွင် အမှတ်ကောင်း၍ ဂုဏ်ထူး



www.burmeseclassic.com

www.burmeseclassic.com



တက်နေသည့် အေးအောင်ကတော့ . . .

"ဟင်း . . . တောက်၊ ဒီ ပဂ္ဂိုလ်ဆိုတဲ့ မိန်းမက သူကိုယ်သူ ဟုတ်လှပြီထင်ပြီး တို့တစ်တွေကို ဒုက္ခပေးနေတာကွ။ တို့သူငယ်ချင်းတွေကို ကြက်ကလေး ကြက်မကြီး လှည့်စားသလို လှည့်စားနေတဲ့မိန်းမ၊ မင်းတို့ ဝေးဝေးရှောင်ကြ ငါတော့ မျက်နှာများလွန်းလို့ မုန်းတယ်။ သူ့မျက်နှာကို ကြည့်တောင် မကြည့်ချင်ဘူးဟေ့"

ဟု ခါးခါးသီးသီး ဆိုသည်။

အေးအောင်က လူအေး၊ လူရိုး။ စာကြိုးစားဖို့က လွဲပြီး သူ့ရင်ထဲမှာ ဘာမှရှိတာမဟုတ်။ အခုလည်း တကာယ်ခံစား၍ ပြောတာဖြစ်ပါလိမ့်မည်။ မည်သို့ဖြစ်စေ အေးအောင်ကိုတော့ ကျွန်တော် ယုံပါသည်။ ဒီကောင် ကပညာရေး ရည်မှန်းချက်ကြီးမားသည်။ စာအလွန်တတ်ချင်ပြီး ဘွဲ့တွေ တစ်သီကြီး ရချင်သည့်ကောင်။

သည်သို့ဖြင့်ပင် တတိယနှစ်ကုန်ဆုံး၍ အမိတက္ကသိုလ်ကြီးပိတ်ချိန် ရောက်သွားသည်။ ကျွန်တော်နှင့် ဘိုကြည်တို့ နောက်ဆုံးနှစ် မတက်ဖြစ်တော့ ရန်ကုန်မှာပင် မူလတန်းပြဆရာဝင်လုပ်ရင်း လုပ်သားကောလိပ် ပြောင်း





တက်ကြသည်။ ပင်မတက္ကသိုလ်မှ သူငယ်ချင်းများနှင့် အဆက်ပြတ်သွားသည်။ ဘွဲ့ရပြီးချိန်တွင်တော့ စိုးအောင် လမ်းစဉ်လိုက်ရင်း တပ်မတော်ထဲ ဝင်လိုက်ကြသည်။ အာလာဒင်ကျော်ရင်တစ်ယောက်သာ ဘီအီးဒီ တက်ရင်း ကျန်ခဲ့သည်။ မသက်သက်နိုင်၊ မမြင့်မြင့်ရွှေ၊ မမြမြလွင်၊ မသန်းနိုင်၊ မကြည်ကြည်ဝင်းတို့လည်း ဘီအီးဒီ တက်သူ တက်၊ အမိတက္ကသိုလ်တွင်ပင် နည်းပြဆရာ ဝင်လုပ်သူ လုပ်ဖြင့် ဘဝရပ်တည်မှုအတွက် ဆောင်ရွက်ကြသည်။ ဘိုနီနှင့် ဝင်းတင့်တို့ကတော့ ကုန်သွယ်ရေးဝန်ထမ်းများ ဖြစ်သွားကြသည်။ အေးအောင်ကတော့ ဂုဏ်ထူးတန်းမှသည် မဟာဝိဇ္ဇာ ဆက်တက်သည်။

ဩော် . . . လူ့ဘဝဆိုတာ ဒီလိုပါပဲလေ။ တွေ့ကြုံဆုံကွဲ ဖြစ်မြဲဓမ္မတာပေါ့။

အချိန်တန် ကိုယ့်လမ်းကိုယ်သွားကြစမြဲပါပဲ။

❖ ❖ ❖

တပ်ထဲရောက်ပြီး မကြာမီမှာပင် မော်လမြိုင်မှာ မနှင့် ကျွန်တော် အိမ်ထောင်ကျသည်။ တာဝန်အရ



www.burmeseclassic.com

www.burmeseclassic.com



ကော့ကရိတ်ဘက် ရောက်သွားသည်။ ကော့ကရိတ်တပ်တွင် တာဝန်ကျနေသည့် တပ်မှူးကား မနယ်လီ၏ ခင်ပွန်း ဖြစ်နေသည်။ ကော့ကရိတ်တပ်သို့ သွားသတင်းပို့ရင်း မနယ်လီနှင့်တွေ့ရာ ...

"ဟဲ့ ... အောင်မလေး သေကိုရယ်။ နင်လည်း စိုးအောင်နောက် လိုက်လာတာပေါ့လေ။ စိုးအောင် လည်း မော်လမြိုင်မှာပဲ။ နင် တွေ့ခဲ့သေးလား"

"ကျွန်တော်တစ်ယောက်တည်း မဟုတ်ဘူးဗျ။ ဘိုကြည်နဲ့အတူဝင်တာ။ စိုးအောင်နဲ့လည်း မော်လမြိုင်မှာ တွေ့ပါတယ်"

"ကိုလတ်ရေ ဒါ နယ်လီ့သူငယ်ချင်း သက်ဦး။ ကောလိပ်မှာတုန်းက အတူတူတွေ။ သူလည်း စိုးအောင် လိုပေါ့ သိပ်ခင်ကြတာ"

မနယ်လီခင်ပွန်း တပ်မှူးက တည်ကြည်ရင့်ကျက် စွာပြုံးရင်း ခေါင်းညိတ်၍ အသိအမှတ်ပြုသည်။

"စိုးအောင်က ကျွန်တော့် မအူမလည်နဲ့ မိန်းမ ရတော့ လိုတာတွေ အကုန်ဝိုင်းလုပ်ပေးတယ်"

"ပြောပါဦး"





"မေနဲ့ မော်လမြိုင်မှာ ရုံးတက်ပြီး လက်မှတ်ထိုးတော့ စိုးအောင်က သက်သေလေ"

"ဪ ... နင့်အမျိုးသမီးက မေတဲ့လား"

"ဟုတ်ပါတယ်။ အဲဒါထား မပဂ္ဂီရော ဘယ်သူနဲ့လဲ"

"ဘယ်သူရမှာလဲ။ စိုးအောင်နဲ့ နင်တို့ရဲ့ သူငယ်ချင်းကြီး မဟာဝိဇ္ဇာ အေးအောင်နဲ့ပါတော်"

"ဗျာ ... အေးအောင်နဲ့ ဟုတ်လား"

ကျွန်တော် အလန့်တကြား မေးမိသည်။

"ဟုတ်ပါ့တော် တို့တောင် ရန်ကုန်ရောက်နေတုန်း ကြုံတာနဲ့ အင်းလျားလိတ်က သူတို့မင်္ဂလာဆောင်ကို သွားခဲ့ပါသေးတယ်"

"ဘယ်လိုဖြစ်ရတာလဲ မနယ်လီရယ်။ အေးအောင်က အစကတော့ မပဂ္ဂီကို ကြည့်မရဘူး၊ မကြည့်ချင်ဘူး၊ မုန်းတယ်ဆို"

"ဟဲ့ ... မကြည့်ချင်တာတွေ၊ မုန်းတာတွေ ကုန်သွားတော့ ချစ်သွားလို့ဖြစ်မှာပေါ့ဟဲ့။ အလကားပြောတာ ပါဟယ် နင်တို့ကျောင်းက ထွက်သွားပြီးတော့ ပဂ္ဂီလည်း



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သွားရှာပါတယ်။ ကျောင်းမှာ နင်တို့ အုပ်စုထဲက အေးအောင်ပဲ ကျန်တယ်လေ။ သူက စာတော်တယ် မဟုတ်လား။ အဲဒါ မဟာဝိဇ္ဇာတက်နေတုန်း သူ့အိမ်က ဖြုန်းဆို ရေဘေး၊ လေဘေးနဲ့ ဒုက္ခရောက်သွားတော့ ကျောင်းဆက်တက်ဖို့ ခက်နေတာပေါ့။ သူငယ်ချင်း အချင်းချင်းမို့ ပဂ္ဂိက အတင်းဝင်ကူညီလိုက်တာနဲ့ သူတို့ချင်း ပိုရင်းနှီးသွားကြပြီး မင်္ဂလာဆောင်တဲ့အထိ ဖြစ်သွားကြတာ မောင်သက်ဦးရေ သိပြီလား''

မနယ်လီက ပွင့်ပွင့်လင်းလင်းပြောမှ ကျွန်တော်က သိရပါသည်။ သို့ရာတွင် ကျွန်တော့်မှာတော့ ငိုရအခက်၊ ရယ်ရအခက်။ ကျွန်တော်တို့အုပ်စုမှ နောက်ထပ်သူရဲကောင်း တစ်ဦး ကျဆုံးသွားလေပြီလား၊ သို့မဟုတ် ထိုကျွန်တော် တို့၏ ဦးတည်ရန်သူအား ထိုနောက်ဆုံးကျန်ခဲ့သည့် သူရဲကောင်းအေးအောင်က အပြီးအပိုင် သုတ်သင်ချေမှုန်း လိုက်နိုင်သည်လားဆိုသည်ကို ခွဲခွဲခြားခြား မပြောနိုင်ပါပြီ။

❖ ❖ ❖





ချမ်းမြသာစည်လေဆိပ်မှ စစ်ကိုင်းကိုပြန်ထွက်တော့ ကားရှေ့ခန်းမှာ အတူထိုင်ရင်း မေ့လက်ကို ကျွန်တော် ကိုင်မြဲကိုင်ထားခဲ့ပါသည်။ အနှစ်သုံးဆယ်စာ ရှေးဟောင်း နှောင်းဖြစ် အောက်မေ့ဖွယ်များအား စဉ်းစားနေမိသဖြင့် မေ့အား ဖွယ်ဖွယ်ရာရာ စကားမပြောမိ။

''ငြိမ်လှချည်လား ကို။ စကားလေး ဘာလေး ပြောပါဦး။ ဘာတွေ စဉ်းစားနေတာလဲ''

''ဪ ... အင်း မေနဲ့ပဂ္ဂိတို့ တွေ့လာတာ သွားစဉ်းစားမိလို့ပါ။ အခု မေ ဝယ်လာတဲ့ လက်စွပ်လေး ကလည်း ကျောင်းသူဘဝကတည်းက သူဝတ်နေတဲ့ လက်စွပ် ကလေး မေရဲ့''

''ဟင် ... ကိုက သိနေလို့လား''

မေက အံ့ဩဟန်ဖြင့် မေး၏။

''အင်း ... မြင်ဖူးထားလို့ သိနေတာပါ''

''ဪ ... သူပြောလိုက်တာ တစ်ခုကျန် နေသေးတယ်။ မေတို့ လက်ထပ်တုန်းက သက်သေအဖြစ် လက်မှတ်ထိုးပေးတဲ့ ကိုစိုးအောင်လည်း သူ့သူငယ်ချင်းပဲတဲ့။ တို့လိုပဲ အိမ်ထောင်ခင်တာတဲ့။ အဲဒါ တပ်ထဲမှာ ကြံ့ရင်၊ ခုံရင်



www.burmeseclassic.com

www.burmeseclassic.com



လည်း သူက နှုတ်ဆက်လိုက်ကြောင်း ပြောပေးပါတဲ့ ကို”

“ဩော် ... သူက စိုးအောင်ကို သတိရနေသေးတယ်ပေါ့”

“ဟုတ်တယ် ကို။ မေ့ကို သိလားလို့လည်း မေးသေးတယ်။ မေတို့လက်ထပ်တုန်းက လူပျိုရံ လာလုပ်ပေးလို့ ကောင်းကောင်းသိတာပေါ့လို့ ပြန်ပြောခဲ့တယ်”

“မပဂ္ဂီ ကြည့်ရတာတော့ ကျောင်းဆရာကတော်သာပြောတယ် ခပ်ပျော်ပျော်ပဲ။ ကားတစ်စီးနဲ့ သွားလာလှုပ်ရှားနေတာ။ အရွယ်ကလည်း မကျဘူး။ တင်တုန်း”

မေ့စကားမဆုံးမီ ကျွန်တော်တို့ကားလေးက အမရပူရ တောင်သမန်အင်းစပ်ကို ရောက်လာပါသည်။ အင်းထဲတွင် ကျွဲအုပ်တစ်အုပ်က ညွံ့လူးနေသည်။

“အဲ ... သူ့မိဘရဲ့ လက်ငုတ်လက်ရင်း စိန်ရွှေအရောင်းအဝယ်ကိုတော့ သူလုပ်နေတုန်းပဲ ကို။ မေနဲ့ စကားပြောနေတုန်းတောင် သူ့မိတ်ဆွေ ရတနာကုန်သည်လေးတွေ လာကြသေးတယ်။ ချောချောငယ်ငယ် ယောကျ်ားလေးတွေပါပဲ”

ကျွန်တော်တို့ကားလေးက စစ်ကိုင်းတံတားကြီးကို





ဖြတ်သည်။ ဧရာဝတီမြစ်တွင်း သောင်စပ်မှာတော့ ဟင်္သာတစ်အုပ်ကို အမှတ်မထင် သွားမြင်မိ၏။ ဩော် ... မြစ်ထဲမှာ ဟင်္သာတွေ ပျော်နေပါလား။

“သူ့ယောကျ်ားကိုလည်း အလုပ်ကထွက်နိုင်းနေတာ ကြာပြီ။ သူ့ယောကျ်ားက မထွက်လို့ သူက ပူညံပူညံလုပ်နေသတဲ့။ သူ့ယောကျ်ား လခ တစ်လစာက သူတစ်ရက်ရှာစရာတောင် မရှိဘူးတဲ့။ သူပြောတာအဲဒါကြောင့် အရောင်းအဝယ်ကိစ္စတွေနဲ့ အမြဲသွားလာနေတာလို့လည်း ပြောတယ်”

ကျွန်တော့်နားထဲမှာ မေ့စကားများကို မကြားတစ်ချက် ကြားတစ်ချက်နဲ့ ကားကလေးက စစ်ကိုင်းမြို့တွင်းသို့ စဝင်သည်။ စစ်ကိုင်းတောင်ရိုးဘက်သို့ ကြွနေသည့် ရဟန်းတော် လေးငါးပါးအား မြို့အဝင်တွင် လှမ်းမြင်ရပြန်၏။ ထိုစဉ် ...

ကျွန်တော် ငယ်စဉ်ဘဝ သက်နီးစည်းခဲ့စဉ်က သင်ခဲ့ရသည့် စာတစ်ပုဒ်အား သွားပြီးသတိရမိပါသည်။

ဟင်္သာ – ကျွဲကား၊ ပင် – ညွံ့ရှိမှသာလျှင်၊ ရမတိ – မွေ့လျော်၏။



www.burmeseclassic.com

www.burmeseclassic.com



ဟင် – ဟသ်ာကား၊ ပေါက် – ရေကန်ရှိမှသာ လျှင်၊ ရမတိ – မွေ့လျော်၏။

ထိ – မိန်းမကား၊ ပု – ယောကျ်ားရှိမှသာလျှင်၊ ရမတိ – မွေ့လျော်၏။

အထက်ပါစာပိုဒ်လေးအား စိတ်ထဲမှ ရွတ်မိရင်း–

ပဂ္ဂိုတစ်ယောက် ငယ်ကျင့်တွေဖျောက်ပြီး ကျွန်တော့်သူငယ်ချင်းကောင်းတစ်ယောက်အဖြစ် ရောက် ပါစေဟုသာ ဆုတောင်းမိပါတော့သည်။ ကျွန်တော့်ရင်တွင်း မှ ဆုတောင်းကိုတော့ ဘေးမှ ထိုင်လိုက်လာသည့် ချစ်ဇနီးမေ သိချင်မှ သိပါလေမည်။ သိစရာလည်း မလိုဟု ထင်ပါသည်။ ရှိပါစေတော့။

ဩော် ... မိန်းမဟူဘိ ထိုကဲ့တွဲကား ...။

၁၉၉၆ ခုနှစ်၊ မေလထုတ် မြို့တော်မဂ္ဂဇင်း

■





မြည့်စွက်ဖော်ပြချက်

ဝတ္ထုတိုလေးမှာ အထက်ပါအတိုင်းဖြစ်ပါသည်။ အမိကဇာတ်လိုက် စိုးအောင်နှင့် ဘိုကြည်တို့မှလွဲပြီး ကျန် ပုဂ္ဂိုလ်အားလုံးမှာ အသက်ထင်ရှားရှိနေကြဆဲ ဖြစ်ပါသဖြင့် ကျန်အမည်များကိုတော့ အားလုံးလိုလို အမည်လွှဲများနှင့် ရေးလိုက်ရပါသည်ခင်ဗျား။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း ( ၂ )

## စိုးအောင်နဲ့ကျွန်တော့်ကြားက မမေ့စရာကလေးများ

စိုးအောင်နဲ့ကျွန်တော့်ကြားတွင် မမေ့စရာကလေးများ အတော်များများရှိ၏။

ပထမဆုံးကတော့ ကျွန်တော် မိန်းမယူခဲ့သည့်ကိစ္စ။ ဒါက ပြောရင်တော့ နည်းနည်းရှည်ပါမည်။ ထိုကိစ္စမှာ စိုးအောင်သည် တရားခံ နံပါတ် (၂) ဖြစ်ခဲ့၏။

ပြဿနာက ဒီလိုပါ။

၁၉၆၈ ခုနှစ် နွေဦးတွင် ကျွန်တော်သည်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဒေါ်ကြီးဆုံး၍ အညာခွင့်ပြန်ခဲ့၏။ ယယ်ရည်းစားနှင့် မြို့မှ အပြန် မန်းတက္ကသိုလ်ဝင်တွေ့သည်။ သူက တတိယနှစ် တက္ကသိုလ်ကျောင်းသူကြီး။ မူလကပင် အတော်လှသူဖြစ်၍ ယခုအခါတွင်တော့ အလှတွင် အယဉ်ဆင့်ပြီး အသွင်က အလွန်တင့်နေ၏။

တစ်သက်လုံး အထီးအကျန်နေခဲ့ရသူ ကျွန်တော်သည် လူချင်းတွေ့သည်နှင့် . . .

"မောင်တို့ လက်ထပ်ကြပါစို့ မရယ်"

ဟု အပူတပြင်းတောင်းဆို၏။

သူမက ခေါင်းတွင်တွင်ယမ်းကာ . . .

"မဖြစ်သေးပါဘူး မောင်ရယ်။ မမှာ အငယ်တွေ ရှိသေးတယ်။ အဖေတို့ အမေတို့က မရှိမဲ့ရှိမဲ့ကြားက ကျောင်းထားပေးရတာ။ ဘွဲ့ရပြီး အနည်းဆုံး ၂ နှစ်လောက်တော့ မိသားစုကို စောင့်ရှောက်ချင်တယ်။ မကို နားလည်ပေးပါ မောင်ရယ်"

ဟု ဆိုလာ၏။ အစွရှေးပါလက်စတိုင်း အရှေးအခင်းလို အသည်းအသန်ဆွေးနွေးပြီး မအောင်မမြင်နှင့် ဆွေးနွေးပွဲ ရုပ်သိမ်းခဲ့ရ၏။ ယယ်ရည်စားကို လက်ကလေး





ဘာလေးကိုင်တာကလွဲပြီး ဘာမှမလုပ်ခဲ့မိပါ။ ပါးတောင် ကောင်းကောင်း မနမ်းမိခဲ့ပါ။ ဒါလောက် ထိန်းသိမ်းခဲ့တာတောင် အဆင်မပြေခဲ့၍ စိတ်ဓာတ်တွေ အထွေထွေ ချွတ်ချုံကျပြီး တပ်ကို ပြန်ခဲ့ပါတော့သည်။

တပ်ပြန်ရောက်တော့ အချစ်နာကျပြီး လောကကြီးကို စိတ်ပျက်နေသည့် ကျွန်တော်သည် ယခု ကျွန်တော့်ဇနီးသည် မေနှင့် တွေ့ကြ၏။ သူမက ဖာပွန်လာပြီး တက္ကသိုလ်ဝင်တန်းလာဖြေသူ။ ကျွန်တော်က စိတ်ညစ်ညစ်နှင့် အချစ်နာကျလာသူ။ ဤတွင် ကြောင်ခံတွင်းမျက်နှင့် ဆက်ရက်တောင်ပံကျိုး တွေ့ကြသည်ဟု ဆိုကြရမလားတော့မသိ။ မေနှင့် ကျွန်တော်တွေ့သည်။ စတွေ့သည့် ညမှာပင် ချစ်ကြိုက်သွားကြ၏။ ကျွန်တော်က သူမကို လက်ထပ်မည်ဟု ရဲဝံ့စွာ ကတိပေးလိုက်၏။

ထိုကတိအတိုင်း ၁၉၆၈ ခုနှစ် နှောင်းပိုင်းတွင် ကျွန်တော် အစာအိမ်ရောဂါဖြင့် မင်္ဂလာဒုံစစ်ဆေးရုံကြီးတက်ပြီး ဆေးရုံကဆင်းတော့ မေ့ကို တပ်သို့တစ်ပါတည်းခေါ်ခဲ့၏။ ဘားအံရောက်တော့ ကချင် (၂) တွင် ရှိနေသည့်မိုးအောင်တို့နှင့် တိုင်ပင်ရတော့၏။ ဇနီးလောင်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆက်ပေးရ၏။

စိုးအောင်က . . .

"ဟော့ကောင် . . . တပ်မဟာကနေပြီး မင်းတစ်ကို လက်ထပ်ခွင့်တောင်းတဲ့ ကြေးနန်းပို့လိုက်ဦး။ ခွင့်ပြုချက်ရရင် တစ်ခါတည်း ရုံးတက် လက်မှတ်ထိုးသွား။ ဒါမှ မင်းဟို ရောက်ရင် အိမ်တွေ ဘာတွေရမှာ။ တပ်မဟာမှာလည်း မင်းတို့တပ်က ပြောင်းလာတဲ့ ငါတို့အပတ်စဉ်က သက်ဆွေကြီးရှိတယ်ကွ။ ငါ ပြောပေးမယ်"

တပ်မဟာ (၁၁) စခန်းမှူးမှာ ဖာပွန်တပ်မှ မကြာမီကမှ ပြောင်းသွားသော ဗိုလ်သက်ဆွေသည် စိုးအောင်တို့ အပတ်စဉ် (၂၉) မှဖြစ်၏။

ကျွန်တော်တို့ သွားသတင်းပို့တော့ ကိုသက်ဆွေက ဝမ်းမြောက်ဝမ်းသာဖြင့် ကြေးနန်းပို့ပေးသည်။ ဆက်သွယ်ရေးအရာရှိ ဗိုလ်ခင်စိုးကလည်း ကူညီသည်။ ဖာပွန်တပ်က ချက်ချင်းအကြောင်းပြန်သည်။ ခွင့်ပြုပါသည်တဲ့။

နောက်တစ်နေ့တွင် ဘားအံပြည်နယ်တရားသူကြီးရုံး၌ မေနှင့် ကျွန်တော် ရုံးတက် လက်မှတ်ထိုးခဲ့ကြ၏။ ကျွန်တော့်ဘက်က သက်သေများက ဗိုလ်စိုးအောင်၊





ဗိုလ်သက်ဆွေ၊ ဗိုလ်ခင်စိုး၊ မေ့ဘက်က သက်သေများက ဘားအံကုန်သွယ်ရေးမှ ကိုခင်မောင်မြင့်၊ ကိုကြည်ရှင်း။ ညကျတော့ ဘားအံကမ်းနားက မတီကျွေးတို့ လေယာဉ်ပျံ Restaurant မှာ **Wedding Dinner** ကလေး လုပ်ခဲ့၏။

နောက်တစ်နေ့ ဘားအံမှ ကမမောင်းသို့ စိန်ချစ်စရာ မော်တော်ဖြင့် ပြန်ခဲ့၏။

ဤတွင် ပြဿနာဖြစ်တော့သည်။ ပြဿနာက–

တစ်။ လက်ထပ်ခွင့် တောင်းသည့် ကြေးနန်းကို တပ်မဟာမှူး မသိဘဲ တပ်ရင်းသို့ တင်ပြခြင်း။

နှစ်။ ခွင့်ပြုချက်ကို တပ်ရင်းမှူးဆီ ရေးမဆွကပင် ကြိုတင် မတင်ပြခဲ့ခြင်း။

သုံး။ ကချင်(၂)မှ ဗိုလ်စိုးအောင်နှင့် တပ်မဟာ (၁၁) မှ ဗိုလ်သက်ဆွေ၊ ဗိုလ်ခင်စိုးတို့မှ သက်သေ အဖြစ် လက်မှတ်ထိုးကြခြင်း စသည်တို့ဖြစ်ပါသည်။

တပ်မဟာမှူး ဗိုလ်မှူးကြီးခင်ဇော်မုံက ဗိုလ်သက်ဆွေနှင့် ဗိုလ်ခင်စိုးကို သူမသိဘဲ ကြေးနန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



အပို့ အဖမ်း လုပ်သည့်ကိစ္စကို ဆိုသည်။ စိုးအောင်ကိုတော့ ဘုမသိ ဘမသိ လက်မှတ်ထိုးသည်ကို ခေါ်ဆိုသည်။ သတိပေးဆုံးမလုပ်သည်။ ကျွန်တော့်ကိုတော့ ကျွန်တော့် တပ်ရင်းမှူးကြီးအား သတိပေးဆုံးမစေသည်။ ကျွန်တော် က မလုပ်တတ် မကိုင်တတ်၍ မှားသွားပါကြောင်း တပ်ရင်းမှူးကြီးကို ကန်တော့၍ ရှင်းလင်းတောင်းပန် ပါသည်။

ထို့နောက် တစ်လ နှစ်လကြာမှ တပ်ရင်းမှူးကြီးက တရားဝင်လက်ထပ်ခွင့်ကို ထုတ်ပြန်ပေးလိုက်ပါသည်။

ထူးခြားသည်က မေ့အဖေက **KNU** အလင်းဝင် လူကြီး ဖြစ်နေခြင်းပါတည်း။ ဒါကို တပ်က လူကြီးတွေက သိပ်သဘောတွေ့ဟန် မတူပါ။ မတတ်နိုင်ပါဘူးခင်ဗျာ။ မင်းမှာ သစ္စာ၊ လူမှာ ကတိတဲ့။ ယူပါ့မယ်ပြောပြီး ယူကို ယူရမှာပါပဲ။ သူ့ဟာသူ **KNU** ပဲဖြစ်ဖြစ်၊ **KIA** ပဲဖြစ်ဖြစ် ပေးပြီးသားကတိတော့ ကျွန်တော် ပြန်မဖျက်နိုင်ပါ။ အညာက ငယ်ရည်းစားက သုံးလေးငါးနှစ် စောင့်ခိုင်းတာ လည်း မစောင့်နိုင်တော့ပါ။ ကျွန်တော် နေမကောင်းလို့ ဆေးရုံလိုက်ပြုစုတာက မေ ဖြစ်သည်။ အညာက ငယ်





ကချင်သေနတ်ကိုင်တပ်ရင်း (၂)တွင် အတူတကွ တာဝန်ထမ်းဆောင်ခဲ့ကြသော
(ဝဲမှယာ) ဗိုလ်မှူး လှထွန်း၊ ဒုဗိုလ်မှူးကြီး ဖေညီမိန်း၊ ဗိုလ်မှူး ထွန်းကြည်နှင့် ဗိုလ်မှူးကြီး သူရစိုးအောင်
အငြိမ်းစားယူပြီးနောက် တွေ့ဆုံကြပုံ

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၉) မှ အငြိမ်းစားအရာရှိကြီးများ တွေ့ဆုံနေကြပုံ

www.burmeseclassic.com

ရည်းစား မဟုတ်။ ထို့ကြောင့် စစ်သားတစ်ယောက်အနေဖြင့် ဘဝရှေ့ရေးအတွက် ပြတ်သားစွာ ဆုံးဖြတ်ခဲ့ပါသည်။

ဤကိစ္စမှာ မမေ့စရာဖြစ်၍ စိုးအောင်နှင့်ဆုံတိုင်း ကြုံတိုင်း ပြောဖြစ်ကြ၏။ ရယ်ကြ၏၊ မောကြ၏။ အလားတူ ပင် ကိုသက်ဆွေတို့၊ ကိုခင်စိုးတို့နှင့် ဆုံတိုင်းလည်း ဤကိစ္စကိုပင်ပြောပြီး တဟားဟားရယ်မော ဖြစ်ခဲ့ကြပါ သည်။ ပင်စင်ယူ အငြိမ်းစားဘဝတွင် ကိုသက်ဆွေ၊ ကိုစိုးအောင်၊ ကျွန်တော်တို့ ရပ်ကွက်နီးချင်း လာဖြစ်နေ၏။ ယူချင်းဆုံတိုင်း ရှေးဖြစ်ဟောင်းများ ပြန်ပြောင်း အောက်မေ့ မိပါသည်။ ယခုအခါ ကိုသက်ဆွေလည်း မရှိရှာတော့ပါ။ သူဆုံးတာ စိုးအောင်ထက် တစ်နှစ်ခန့် စောပါသည်။ ၂၀၁၁ တ တောင်ဥက္ကလာမှာ ဆုံးပါးသွားခဲ့ပါ၏။

သူ ဆုံးသွားကြောင်း စိုးအောင်နှင့် တွေ့တော့ ပြောဖြစ်ပါသေးသည်။

နောက်တစ်ခုကတော့ ၁၉၅၁ ခုနှစ်လောက်က ဖြစ်သည်။

ရတာခတွင် လမ်းစဉ်ပါတီ တိုင်းအဆင့် စည်းရုံးရေး ကော်မတီကိုယ်စားလှယ်များ အစည်းအဝေးလုပ်သည်။

www.burmeseclassic.com



တပ်တစ်တပ်လျှင် တပ်ရင်းမှူးဦးစီး လူသုံးဆယ်ခန့် တက်ကြရ၏။ အရာရှိ လေးငါးဦးပါသည်။ ကျွန်တော်လည်း ကိုယ်စားလှယ် အရွေးခံရ၍ တက်ရသည်။ ကျွန်တော့် တပ်ခွဲမှူး ဗိုလ်ကြီးအေးကျော်လည်း ပါသည်။

တပ်ရင်းပေါင်း ၂၀ ကျော်မှ လူ ၁၀၀၀ နီးပါး လာကြရ၏။ အစည်းအဝေးမှာ သုံးရက်ကြာသည်။ နောက်ကြ ပြောင်ကြနှင့် ပျော်စရာကောင်းလှ၏။

အစည်းအဝေး ဒုတိယနေ့တွင် ကချင် (၂) ကိုယ်စားလှယ်ပါလာသူ ဗိုလ်ကြီးစိုးအောင်သည် ကျွန်တော့် တပ်ခွဲမှူး ဗိုလ်ကြီးအေးကျော်တို့ ရယ်စရာ မောစရာပြော နေသည့် စကားဝိုင်းသို့ ဝင်ရောက်၍ စကားလာပြော၏။ ဗိုလ်ကြီးအေးကျော်က လေထီးခုန်သူများသည် လေထီးခုန် တာ များသွားရင် ဦးနှောက်ထိခိုက်ပြီး ခပ်ကြောင်ကြောင် ခပ်ပေါက်ပေါက် ဖြစ်သွားတတ်ကြောင်း၊ Normal မဟုတ် တော့ကြောင်းကို အားရပါးရ အထောက်အထားများနှင့် ပြောပြနေ၏။ ကျွန်တော်အပါအဝင် အရာရှိငယ်လေးများက ဝိုင်း၊ နားထောင်နေကြသည်။ ဗိုလ်ကြီးအေးကျော်မှာ အသုံးလုံးကျောင်းဆရာဘဝကလာသူဖြစ်၍ အပြောက





လည်း အလွန်ကောင်းပေသည်။

ထိုစကားဝိုင်းတွင် ကိုစိုးအောင်မှာ အသက် အငယ်ဆုံး ကပ္ပတိန်ဖြစ်၏။ သူ့အသက်က ရှိလှ ၂၅၊ ၂၆ ဝင် ဖြစ်မည်။ လူငယ်ငယ်လေးတွင် ကပ္ပတိန်ရွှေဘား သုံးချောင်းသာမက ရွှေရောင် လေထီး **Wing** များကလည်း အပြည့်။ **Jump Master** ခေါ် ကြယ်ကလည်း ပါလိုက် သေး၏။ ကိုစိုးအောင်တစ်ကိုယ်လုံး ရွှေရောင်တွေ ဝင်းလက် နေရာ အားလုံးက ငေးကြည့်ရ၏။

"လေထီးခုန်တာများရင် ခြေထောက်နဲ့ မြေကြီး ခဏ ခဏ ဆောင့်မိတော့ ဦးနှောက်သွားထိတယ်။ အဲဒါကြောင့် အဲဒီလူက **Normal** မဟုတ်တော့ဘူး။ ကြောင် သွားရော"

ဗိုလ်ကြီးအေးကျော်က ကိုယ်စားလှယ်တော် အတော်များများထဲမှ လွှားလွှား လွှားလွှားနှင့် လေထီး **Wing** တပ်လာသူများကို ရည်ညွှန်းကာ ကျီစယ် လိုက်ခြင်းသာ ဖြစ်ပါ၏။

ဒါကို စကားဝိုင်းထဲရောက်နေသည့် ဗိုလ်ကြီး စိုးအောင်က စောစောက စကားတစ်လုံးမှ မပြောဘဲ အခု



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ ... ကျွန်တော်ကတော့ **Normal**"ပါဗျာဟု ရုတ်တရက် ဝင်ပြောလိုက်ရာ အားလုံးက သူ့ကို ဝိုင်းကြည့်ပြီး တဟားဟားနှင့် ရယ်မောကြ၏။

ထိုနေ့ ထိုအချိန်မှစ၍ ဗိုလ်ကြီးအေးကျော်မှ စိုးအောင်ကို တွေ့တိုင်း စိုးအောင်၏ရင်ဘတ်ကို လက်နှင့် သွားဖိပြီး ...

"ဗိုလ်ကြီးစိုးအောင် **Normal** ပါနော်" ဟုကျီစယ်လေတော့၏။

စိုးအောင်မှာ အစည်းအဝေးမပြီးမချင်း **Normal** ပါနော်ဟု အများတကာ၏ အစခံရရှာပါသည်။

ဒါကလည်း မမေ့စရာလေးတစ်ခုပါ။

သူနှင့်ကျွန်တော် စစ်သားဘဝတွင် မမေ့စရာကလေးများ အတော်များများရှိသော်လည်း ယခု စာအုပ်၌ သင့်လျော်ရာကလေးများကိုသာ ဖော်ပြလိုက်ပါသည်။

၁၉၇၂ ခုနှစ်တွင် ကျွန်တော် ဖာပွန်မှ မော်လမြိုင် ပြောင်းရသည်။ စိုးအောင်လည်း တားအံ ကချင် (၂) မှ မော်ဘီ လေထီးသင်တန်းကျောင်းသို့ ပြောင်းရွှေ့သွားသည်။ ထိုအချိန်မှစ၍ သူနှင့် ကျွန်တော် လုံးဝ ပြန်မတွေ့ကြတော့





ပါခင်ဗျာ။ တွေ့မယ့်တွေ့တော့ ဆယ့်လေးငါးနှစ်ကြာမှ ပြန်တွေ့ကြသည်။ သူရော ကျွန်တော်ပါ အသက် ၄၀ ရှိနေကြပြီ။

၁၉၈၆ ခုနှစ် နွေဦးပေါက်တွင်ဖြစ်သည်။ ကျွန်တော်က အောင်လံတပ်တွင် ဒု-တပ်ရင်းမှူး။ စစ်ဦးစီး တက္ကသိုလ်တက်ရန် ရွှေ့တန်းမှတပ်သို့ ပြန်ရောက်နေ၏။ နေ့လယ် ထမင်းစားပြီးချိန်လောက် ဖြစ်သည်။ ပြည် တပ်မ (၆၆) မှ နစ်ဆန်းပက်ထရို ကားငယ်လေးတစ်စီး အိမ်ရှေ့ ထိုးရပ်လာ၏။ ထွက်ကြည့်လိုက်သည်။

"ဟိုက်"

ကျွန်တော့်သူငယ်ချင်း ဗိုလ်မှူးကြီး သူရစိုးအောင် ပါလား။

"ရှေ့တန်းသွားမလို့၊ မင်းရောက်နေတယ် ကြားလို့ ခဏ ဝင်လာတာ"

"ကဲ ... လာ ... သူငယ်ချင်း ကြို့တုန်း ညှိခံမယ်။ ဘီယာကလေး ဘာလေးသောက်သွားပါဦး"

"ဟောတော့ ကိုစိုးအောင်ကြီး"

"အေး ... နင့်ယောက်ျား ပြန်ရောက်နေတယ်



www.burmeseclassic.com

www.burmeseclassic.com



ကြားလို့ ဝင်လာတာကွာ''

ဘီယာလေးနည်းနည်းပါးပါး သောက်ဖြစ်ကြတော့ ရှေးဟောင်းနှောင်းဖြစ်များ ပြောဖြစ်သည်။ ထိုအခါ အရင်းနှီးဆုံး မိတ်ဆွေ ဘိုကြည်အကြောင်းကိုပါ ပြောဖြစ်၏။ ဗိုလ်သင်တန်းဆင်းတော့ ဘိုကြည်က ဗန်းမော်တပ်ကို ရောက်သွားသည်။ ဗန်းမော်က တရုတ်မနှင့် ရ၏။ စိုးအောင်က ဗန်းမော်တပ်တွင် ဒု-တပ်ရင်းမှူး ဘဝနှင့် **KIA** နှင့် တိုက်ပြီး သူရဘွဲ့ရလာသည်။ ထို့နောက် ခမရ (၁၀၄) တပ်ရင်းမှူးသွားဖြစ်၏။ တပ်ရင်းမှူးဖြစ်တော့ သူ့အသက်က သုံးဆယ့်လေးငါးနှစ်။ ထိုစဉ်က အငယ်ဆုံး တပ်ရင်းမှူးထဲမှာ ပါသည်။ တပ်ရင်းမှူးတာဝန်လဲတော့ သူ ဘယ်သူ့ဆီက လဲရတယ် ထင်ပါသလဲ။ တခြားသူ ဟုတ်ပါရိုးလားခင်ဗျား။ ၁၉၇၁ ခုနှစ် ရတခ တိုင်းမျက်နှာစုံညီအစည်းအဝေးတွင် သူ့ကို ''ဗိုလ်ကြီးစိုးအောင် **Normal** ပါနော်'' ဟု ခဏခဏ စသွားသည့် ကျွန်တော့် တပ်ခွဲမှူး ဗိုလ်ကြီးအေးကျော်ထံမှ ဖြစ်ပါသည် ခင်ဗျား။

ယခု သူ နည်းဗျူဟာမှူးဖြစ်တော့ သူ့တပ်မမှူးမှာ ကျွန်တော့်ဆရာသမား တပ်ခွဲမှူးဟောင်း ဗိုလ်မှူးချုပ်





အေးကျော်ပင် လာဖြစ်နေ၏။ ထိုအခါ ၁၉၇၁ ခုနှစ်က အဖြစ်အပျက်ကို ပြောကြရင်း ကျွန်တော်တို့နှစ်ယောက်စလုံး ငယ်မူပြန်သွားကြပါသည်။ ဘိုကြည်အကြောင်း ဆက်ပြောတော့ သူက အောက်ပါအတိုင်း ပြော၏။

''မင်းနဲ့ ဘိုကြည်အတွက် ငါစိတ်မကောင်းဘူး သူငယ်ချင်း''

''ဟ ... ဘာဖြစ်လို့လဲ''

''မင်းတို့ သိပ်နောက်ကျနေပြီ သူငယ်ချင်း''

''ဘာလဲ **promotion** လား''

''အေး''

''စိတ်မကောင်းမဖြစ်ပါနဲ့ သူငယ်ချင်းရာ။ ငါတို့က သိပ်နောက်ကျနေတာ မဟုတ်ပါဘူး။ မင်းက သိပ်စောနေတာပါ။ အသက် ၄၀ တူးအိုင်စီဆိုတာ ပုံမှန်ပဲလေကွာ။ လောလောဆယ် တပ်မတော်မှာ ကာနယ်နဲ့ ဒီအသက် ဒီအရွယ်ဖြစ်နေတာ မင်းပဲရှိတယ်။ အေး ... မင်းလိုလူ ကတော့ ဂျုံးဂျုံးဂျက်မှာတိုက်ခဲ့တဲ့ ဗိုလ်မှူးကြီး သိန်းဟန်ပဲ ရှိမယ်ထင်တယ်''

ဟု ကျွန်တော်က ပြန်ပြောမိသည်။ ထို့နောက် သူ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အိမ်က ညနေစောင်းမှ ရွှေ့တန်းသို့ ထွက်ခွာသွားပါသည်။ ထို့နောက် သူနှင့်ကျွန်တော်တို့ ဝေးသွားကြပါ၏။ ၁၉၈၈ ခုနှစ်တွင် ကျွန်တော် တပ်ရင်းမှူးဖြစ်သည်။ ထိုနှစ် နှစ်ကုန်၌ စိုးအောင်တပ်က ထွက်သွားသည်ဟု သတင်းစကား ကြားရ၏။ မဲသဝေါ တိုက်ပွဲကိစ္စနှင့် ပတ်သက်ပြီး အထက်နှင့်အဆင်မပြေဖြစ်ကာ ထွက်သွားသည်ဟု သတင်းစကား ကြားရသည်။ ဟုတ်,မဟုတ်တော့ ကျွန်တော် အတိအကျ မသိပါ။

ကျွန်တော်လည်း တပ်ရင်းမှူးမှသည် ဗျူဟာမှူးများ ဆက်ဖြစ်လာသည်။ စိုးအောင်ကိုတော့ လူကြီးတွေက ကြာကြာ ပစ်မထားဘဲ နယ်ဘက်တွင် ပြန်တာဝန်ပေးလိုက်သည်ဟု ကြားရပြန်၏။ ကျွန်တော်နှင့်တော့ မတွေ့ပါ။ ၁၉၉၅ ခုနှစ် နှစ်ကုန် ကျွန်တော် YCDC ရောက်တော့ စိုးအောင်ကို နယ်စပ်စည်ပင်တွင် အရာရှိကြီး တစ်ဦးအနေနှင့် ပြန်တွေ့ရပါတော့သည်။ အစည်းအဝေးများတွင် ပြန်တွေ့ရခြင်း ဖြစ်၏။ ကိုယ့်ကိစ္စနှင့်ကိုယ်မို့ ရှေးယခင်ကလို စကားတွေ တွေလီကာလီ မပြောဖြစ်ပါ။ အချိန်လည်း သိပ်မရ။ ဘယ်မှာနေသလဲ မေးတော့ စမ်းချောင်းက ကချင်





ဂေဟာမှာနေသည်ဟုသာ ပြောသွားပါသည်။ ထို့နောက် သူနှင့်ကျွန်တော် အဆက်အသွယ် ပြတ်သွားကြပြန်ပါသည်။ သို့ရာတွင် သတင်းစာများ၌ ရံဖန်ရံခါ သူ၏ဆောင်းပါးကလေးများကို သူရိုးအောင်အမည်နှင့် တွေ့တော့ ဝမ်းသာရပါသည်ခင်ဗျား။

## ပြန်လည်ဆုံတွေ့ကြရာဝယ်

ကျွန်တော် အငြိမ်းစားယူတော့ စိုးအောင်လည်း မရှေးမနှောင်း အငြိမ်းစားယူသည်။ ကချင်ဂေဟာမှ ရန်ကင်းသို့ သူပြောင်းလာသည်။ တောင်ဥက္ကလာပရှိ ကျွန်တော့်အိမ်ကို လာလည်သည်။ ယမကာအတူ သောက်ရင်း ရှေးဟောင်းနှောင်းဖြစ်ကလေးတွေ ပြောဖြစ်သည်။ ကျွန်တော့်အိမ်လာတော့ သူ့အကြောင်း ကျွန်တော်ရေးထားသည့် ဝတ္ထုစာအုပ်ကလေးကို ဂျိုင်းကြားညှပ်လာ၏။

"မင်းစာတွေ ဖတ်ရတယ်ကွာ။ ကောင်းပါတယ်။ ငါလည်း စာပြန်ရေးဖို့ ကြိုးစားနေပါတယ်"

"အေးကွာ ... ကောင်းပါတယ်။ ဒါပေမဲ့ သူငယ်ချင်း ... မင်း ရုပ်တွေများနေတယ်လို့ သတင်း



www.burmeseclassic.com

www.burmeseclassic.com



ထွက်နေတယ်။ သိပ်မလုပ်နဲ့လေ''

သူသည် တွေတွေငေးငေးဖြစ်နေ၏။ ကိုယ်ရေးကိုယ်တာများ အဆင်သိပ်ပြေပုံမရ။ သတင်းစကားများကြားနေရသည်။ မမေးရက်၍ ကျွန်တော် မမေးခဲ့ပါ။

အလုပ်မှနား၍ အငြိမ်းစားဘဝ၌ ကျွန်တော်စာတွေ အဆက်မပြတ်ရေးဖြစ်သည်။ စာပုံနှိပ်စက်လုပ်ငန်းလည်း ထူထောင်လိုက်သည်။ စာအုပ်များလည်း အဆက်မပြတ် ထုတ်ဖြစ်သည်။ ပရိသတ်လက်ခံအားပေး၍ ဝမ်းသာရသည်။ စာရေးတော့ အချက်အလက်များ ခိုင်မာအောင်မကြာခဏ ခရီးထွက်ဖြစ်၏။ ခရီးထွက်ရင်း ကရင်ပြည်နယ်ကို အကြိမ်ကြိမ်ပြန်ရောက်သည်။ မြို့တော် ဘားအံသို့ မကြာခဏ ဝင်ဖြစ်သည်။ ထိုအခါ ကချင်(၂) ကရဲဘော်ရဲဘက်များကို သတိရ၏။ လွမ်းဆွတ်အောက်မေ့၏။ ကချင် (၂) တွင် ကိုစိုးအောင်၊ ကိုဖေငြိမ်း၊ ကိုလှထွန်း၊ ကိုထွန်းကြည် စသည့် OTS (၂၉) မှ အရာရှိများရှိကြသည်။ ကိုဖေငြိမ်းက ကျွန်တော့် မွေးစားအမ မမလေးနှင့် ရသည်။ ကိုလှထွန်းက BOC ကောလိပ်တုန်းက ကျောင်းနေဖက်သူငယ်ချင်း ဖြစ်၏။ ကိုထွန်းကြည်က တပ်မတော်(ကြည်း)





တိုက်ခိုက်ရေးကျောင်း ဗထူးတွင် သုံးနှစ်နီးပါး အတူနေခဲ့ပြီးဘုရင့်နောင်ခြေလျင်ဌာနခွဲတွင် နည်းပြအတူလုပ်ဖော်လုပ်ဖက်။ သူတို့အကြောင်းတွေ ပြန်စဉ်းစားရင်း ကျွန်တော်သည် ထိုခရီးစဉ်က အပြန်၌ သူတို့တစ်တွေနှင့် ဆရာသမားဟောင်း ဗိုလ်ချုပ်အေးကျော်အကြောင်းတွေပါသည့် ဝတ္ထုတစ်ပုဒ်ကို ကောက်ကာငင်ကာ ရေးလိုက်သည်။

ထိုဝတ္ထုလေးအား မြဝတီမဂ္ဂဇင်းက ကြိုက်သည်ဆို၍ မြဝတီမဂ္ဂဇင်းတွင် ထည့်သွင်းဖော်ပြရန် ပေးလိုက်ပါသည်။ ထိုဝတ္ထုကလေးကို ဖတ်မိသည့်စိုးအောင် အိမ်ကိုပေါက်ချလာပြန်သည်။ ထုံးစံအတိုင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြပြန်သည်။ သူကမှ ခွေးခွေးမြည့်မြည့်ဖြင့်. . .

''မင်းဝတ္ထုလေးဖတ်ရတာ ဟိုတုန်းကကိစ္စတွေပြန်သတိရတယ်ကွာ''

ဟု ပြောလာ၏။ ကျွန်တော်ကတော့ ဘာမျှမပြောပြုံး၍သာနေလိုက်ပါသည်။ ထိုဝတ္ထုပါသည့် မြဝတီ မဂ္ဂဇင်းအား သူ့ကိုပေးလိုက်၏။ အပြန်တွင်မှ သူက . . .

''မင်းပေးတဲ့ဝတ္ထုစာအုပ်တွေ ငါ သိမ်းထားပါတယ်ကွာ။ အားတဲ့အခါတိုင်း ငါ ပြန်ဖတ်တယ်။ အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း စာဖတ်တဲ့အလုပ်ပဲ ရှိတော့တာ''

ဟု ပြောသွားခဲ့ပါသည်။

ယခု ထိုဝတ္ထုကလေးအား စာဖတ်ပရိသတ်များ ဖတ်ရှုခံစားနိုင်ပါရန် ထည့်သွင်းဖော်ပြလိုက်ပါသည် ခင်ဗျား။



## အမှတ်တရဘဝသံသရာ

မေ့ရဲ့ တောင်းဆိုမှုကြောင့် ဘားအံတစ်ခေါက် ရောက်ရပြန်ပါပြီ။ သံလွင်မြစ်နဲ့ ဖွဲကပင်တောင်ကြီးကို မြင်ရပြန်ပြီပေါ့။

ညကမှ ဒူးရင်းဆိပ်တပ်မှာ တစ်ညဝင်အိပ်ခဲ့သည်။ သမီးအငယ်ဆုံးက ဘားအံတပ်မှ ဒုတပ်ရင်းမှူး ကတော် ဖြစ်နေသဖြင့် . . .

''ပါးပါးနဲ့ မိုးမိုး ဘားအံသွားရင် သမီးတို့တပ်မှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ညတော့ ဝင်အိပ်ပါဦး''ဟု ပြောထားဖူး၏။

ထို့ကြောင့် ဝင်အိပ်ခြင်းပါပေ။ ရန်ကုန်က အထွက် နောက်ကျသဖြင့် ဒူးရင်းဆိပ်သို့ ညအတော်မိုးချုပ်မှ ရောက်၏။ သမီးက ရန်ကုန် ပြန်ရောက်နေသည်။ သူ့အမျိုးသားက သထုံခရိုင် မြောက်ခြမ်းတွင် စစ်ဆင်ရေး တာဝန်ဖြင့် လှည့်လည်သွားလာနေရသည်။ ထို့ကြောင့် ကျွန်တော်နှင့် မေ့ကို ထိုတပ်က သိသူမရှိပါ။ သို့ရာတွင် ညှော်ရိပ်သာကို အသင့်ပြင်ကာ တပ်ရေးဗိုလ်ကြီးရှင် အဖွဲ့က စောင့်နေကြရှာ၏။

ကျွန်တော်တို့ကားလေး ရိပ်သာရောက်တော့ ည ကိုးနာရီထိုးပြီ။

“အဘတို့ မိုးချုပ်တယ်နော်”

“ဟုတ်တယ် ... ရန်ကုန်က ထွက်လာ ကတည်းက နေ့လည် တစ်နာရီထိုးပြီးပြီ”

တစ်ခါမှ မမြင်ဖူးသေးသော်လည်း တပ်ရေးဗိုလ်ကြီး က ရင်းရင်းနှီးနှီး နွေးနွေးထွေးထွေး စကားပြောရှာ၏။ ကျွန်တော် တပ်မ(၃၃)တွင် တာဝန်ထမ်းဆောင်နေစဉ်က ရှေ့တန်းတပ်မဌာနချုပ် သထုံတွင် သူတာဝန် ထမ်းဆောင်





ခဲ့ဖူးသည်။ ကျွန်တော့်ကိုလည်း မြင်ဖူးသည်ဆို၏။ ကျွန်တော် ကတော့ သူ့ကို ကောင်းစွာမသိပါ။ မြင်လည်း မမြင်ဖူးခဲ့ပါ။ ထိုစဉ်က သူသည် တပ်ကြပ်ကြီးအဆင့်ဟု သိရသည်။ ဆယ်တန်းအောင်ပြီး ဝိဇ္ဇာဘွဲ့ကို အလွတ်ဖြေဆို အောင်မြင် ပြီးနောက် ဗိုလ်သင်တန်းတက်ခွင့် ရခဲ့ပြီး သူအရာရှိဖြစ်လာခဲ့ သည်ဟု ဆို၏။ ကောင်းပါသည်။ သာမန်ရဲဘော်မှသည် အကြပ်ကြီးအဆင့်၊ ထိုမှသည် အရာရှိဖြစ်လာသည်ဆိုတော့ အောက်ခြေအဆင့် စစ်သည်များ၏ သဘောသဘာဝကို သိမြင်နားလည်၍ ကျွမ်းကျွမ်းကျင်ကျင်ဖြင့် တပ်ကိုထိန်းသိမ်း ပေးနိုင်ပေလိမ့်မည်။ ထို့ကြောင့်လည်း သူ့ကို တပ်ရေး ဗိုလ်ကြီး တာဝန်ပေးထားသည် ထင်ပါသည်။

နာမည်က ဗိုလ်ကြီးကျော်မင်းအောင်။

လူမျိုးက ကရင်။ ဒါပေမဲ့ ဗမာတောထဲ ကြီးလာ သည့် ကရင်ဖြစ်ခြင်းကြောင့် ကရင်စကား ကောင်းကောင်း မတတ်။ အခုမှ ကရင်စကားနှင့် ကရင်စာ ပြန်သင်နေရ သတဲ့။ သူ့စကားကြောင့် ပြုံးရပါသည်။

ထိုညက ညစာကို ဆယ်နာရီထိုးမှ စားနိုင်၏။ ရိပ်သာတွင် ကောင်းစွာ အိပ်စက်အနားယူပြီး နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့မနက်စာကိုလည်း မြိန်ယှက်စွာစားသုံး၍ ဒူးရင်းဆိပ်တပ်မှ ညှော်ခံခဲ့ကြသော တပ်ရေးဗိုလ်ကြီးနှင့် ရိပ်သာ တပ်ကြပ်ကြီးဖနီးမောင်နံ့ကို နှုတ်ခွန်းဆက်ပြီး ခရီးဆက်ခဲ့ကြသည်။

"ကဲ . . . လိုလေသေးမရှိ ပြုစုကြတာ ကျေးဇူးအထူးတင်ပါတယ်။ ရန်ကုန်ရောက်ရင်လည်း ဝင်ပါ။ လိုတာလည်း မှာပါ။ သမီးနဲ့ ထည့်ပေးလိုက်ပါမယ်"

တပ်နဲ့ ကင်းဝေးခဲ့တာ ကြာပြီ။ ဆယ့်လေးငါးနှစ်တောင် ရှိခဲ့ပြီပဲ။ အခုတပ်မှာ တစ်ညဝင်နားလိုက်မိတော့ ရေးဖြစ်ဟောင်းများကို အောက်မေ့မိသည်။ ဒုဗိုလ်ဘဝမှသည် နည်းဗျူဟာမှူး ဘဝအထိ စုစုပေါင်း ၁၅-နှစ်တာ ကာလမျှ ဤဒေသ၌ ကျင်လည်ကျက်စားခဲ့ရ၏။

ကျိုက်ထို၊ ဘီးလင်း၊ သထုံ၊ မော်လမြိုင်၊ ဘားအံ၊ ကျုံဒိုး၊ ကော့ကရိတ်၊ မြဝတီ၊ ရွှေဂွန်း၊ ကမမောင်း၊ ဖာပွန်၊ ကရင်ပြည်နယ် မွန်ပြည်နယ်အနှံ့ ခြေဆန့်ခဲ့ရသည်။ တိုက်ပွဲကြီးငယ်အသွယ်သွယ်ကို ဟိုးဗိုလ်ဖြစ်စ တပ်စုမှူးဘဝမှသည် ဗိုလ်မှူးကြီးအဆင့် နည်းဗျူဟာမှူးဘဝအထိ ဆင်နွှဲခဲ့ရသည်။ ကိုယ်ငယ်ငယ်က သတ်ဖော် သတ်ဖက် ရန်သူ

မြရတနာစာပေ



ခေါင်းဆောင်များ၏ နောက်ဆုံးအခြေအနေကို ဒူးရင်းဆိပ်တပ်မှာ ညစာစားရင်း မေးဖြစ်သည်။

"ဗိုလ်ချုပ် ထိန်မောင် အလင်းဝင်လာတော့ သူနေရာကို ဂျော်နီက ဆက်ခံသတဲ့"

"ဪ"

"အဘ လေးကေမှာ ဗျူဟာမှူးနဲ့ နေခဲ့တုန်းက လေးကေသားတပ်စုမှူး စောမြင့်ထွေးက အခုတပ်ရင်းမှူးလေ"

"ဪ"

ဟုတ်ပါလိမ့်မည်။ သူ့ဘက်ကိုယ့်ဘက် ရာထူးတွေ လျင်မြန်စွာတက်လာကြရာ လေးကေသားလေး စောမြင့်ထွေးနဲ့ ကျွန်တော်တွေ့စဉ်က သူ့အသက် ၂၀-သာသာ ဖြစ်မည်။ ယခုဆို လေးဆယ်နီးပါးဖြစ်မည်။ တပ်ရင်းမှူးဖြစ်မည်ဆိုပါက ဖြစ်လောက်၏။ ကျွန်တော် ဗျူဟာမှူးဘဝ၌ သမီးအငယ်ဆုံးလေး အမျိုးသားက စစ်တက္ကသိုလ် ဗိုလ်လောင်း သူပင်လျှင် ယခုအသက်သုံးဆယ်သာသာမှာ ဒုတပ်ရင်းမှူးဖြစ်နေပေပြီ။

ရေးဟောင်းနှောင်းဖြစ်များကို စဉ်းစားရင်း

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒူးရင်းဆိပ်မှာ ၁၈ မိုင်ကွာသော ဘားအံသို့ တစ်နာရီကျော်ကျော် ကားမောင်းခဲ့ရသည်။ လမ်းများက ကျဉ်းသည်။ နာဂစ် အဖျားခတ်ခဲ့သဖြင့် သထုံနှင့် ဘားအံသည်လည်း အပျက်အစီးများ ရှိခဲ့၏။ ဒါသာမက ထိုင်းမြန်မာ နယ်စပ်ကုန်သွယ်ရေးကလည်း အရှိန်အဟုန်ကောင်းနေသဖြင့် မြဝတီမှဆင်းလာသည့် ကုန်တင်ကားကြီးများမှာ ဟီးနေအောင် ကုန်တွေတင်လာကြသည်။ ဆယ်ဘီး ကားကြီးများမဟုတ်။ ဘီးပေါင်း ၁၄ ဘီး ရှိသည်ကို အသေအချာရေတွက်ကြည့်မိ၍ မှတ်မိခဲ့၏။ ကားကြီးများကို ဟောတစ်စီးဟောတစ်စီး ရှောင်ပေးနေရသည်။ ယာဉ်အသွားအလာများ၍ ဒူးရင်းဆိပ် ဘားအံလမ်းက အပျက်အစီးများလှ၏။ ကားကြီးတွေ အဝေးကလာသည်ကို လှမ်းကြည့်လိုက်လျှင် ကားဟုပင် မထင်ရ။ ဂိုဒေါင်ကြီးတွေ လိမ့်လာလေသလားဟုထင်မှတ်မှားရ၏။

"ကားတွေက ကြောက်စရာကြီးနော်။ ကုန်တွေကို အပြည့်အသိပ် တင်လာတာ"

မေက ဆို၏။

"အင်း . . . ဒါမှလည်း သူတို့အတွက် တွက်ခြေ





ကိုက်မယ် ထင်ပါရဲ့"

ကုန်သွယ်ရေး သဘောသဘာဝကို ကျွန်တော်ကောင်းစွာ မသိပါ။ ယခုကဲ့သို့ တစ်ခေါက်ဆို ဆိုသလောက် ကုန်များတင်ဆောင်သယ်ယူနိုင်မှ သူတို့အတွက် စီးပွားရေးအခြေအနေကောင်းမည်ဟုသာ မှန်းဆရပါသည်။ ဒါဆို ဒီလိုပဲ တင်ကြပါလိမ့်မည်။

မေနှင့် ပြောရင်းဆိုရင်း သံလွင်တံတားကြီးကို ကျော်၍ ကားက ဘားအံမြို့တွင်း ဝင်လာသည်။ အရှေ့ဘက် ဇွဲကပင်တောင်ကြီးကိုလည်း မြင်ရပြီ။ တည်းခိုမည့် ပါရမီ **Motel** တွင် ပစ္စည်းချသည်။ မရောက်တာကြာသည့် ဘားအံကို ကားဖြင့် တစ်ပတ်ပတ်ကြည့်သည်။ မေနှင့် မြင်တာတွေ့တာတွေ ပြောဖြစ်ကြသည်။ ဘားအံ၏ အဓိက လမ်းမကြီးဖြစ်သော ဗိုလ်ချုပ်လမ်းကြီးကို ကားမောင်းရင်း လေ့လာမိကြသည်။ ၆-လမ်းသွား လမ်းမကြီး အဖြစ်တွေ့ရပြီး ကားတွေ ဥဒဟိုပြေးနေသည်ကို မြင်ကြရ၍ မှဒိတာပွားရသေးသည်။ ကျွန်တော်တို့ငယ်စဉ်က တွေ့မြင်ခဲ့ရသည့် ဘားအံနှင့်ကားများစွာ ကွာခြားသွားခဲ့ပေပြီ။

"ကိုရေ ဘားအံတပ်က မေတို့မိတ်ဆွေတွေ အခု



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ရောက်နေကြသလဲ''

မေနှင့် ကျွန်တော့်မှာ ဘားအံနှင့် ပတ်သက်ပြီး ပြောစရာများကား များလှချေ၏။ လွန်ခဲ့သည့် အနှစ် ၄၀-ကျော်က မေနှင့်ကျွန်တော် ဘားအံတွင် ရုံးတက်လက်မှတ်ထိုးခဲ့သည်။ သူ့ဘက် ကိုယ့်ဘက် သက်သေများ ပါဝင်ခဲ့သည်။ တပ်မဟာ (၁၁)နှင့် အမှတ် (၂) ကချင်သေနတ်ကိုင်တပ်ရင်းမှ အရာရှိငယ်များက ကျွန်တော့်ဘက်က ကုန်သွယ်ရေးမှ ဦးစီးအရာရှိများက မေ့ဘက်က ပြီးတော့ မေ့အမျိုးတော်တော်များများကလည်း ဘားအံသူ ဘားအံသားများ။ ထို့ကြောင့် ဘားအံကို မကြာခဏရောက်ခဲ့သည်။ တပ်မဟာ (၁၁) ဧည့်ရိပ်သာတွင် တည်းခိုဖြစ်ခဲ့သည်။ ဘားအံတွင် ထိုစဉ်က ပုဂ္ဂလိက ဧည့်ရိပ်သာများ မရှိသေးပါ။ စစ်သားမို့ တပ်က ဧည့်ရိပ်သာတွင်သာ တည်းရသည်။ အမျိုးတွေ ခေါ်သော်လည်း အမျိုးတွေအိမ်မှာ တစ်ကြိမ်တစ်ခါမှ မတည်းဖြစ်ခဲ့ပါ။

''ကိုရေ တပ်မဟာ (၁၁)နဲ့ ကချင် (၂) လည်း မရှိတော့ဘူးနော်''

''အင်း ... တပ်မဟာ (၁၁)က တပ်မဟာတွေ

မြရတနာစာပေ



ဖျက်သိမ်းလိုက်တာထဲ ပါသွားပြီ။ ကချင် (၂)ကတော့ အရှေ့ဘက်ကို ရွှေ့သွားပြီ။ သာမညတောင် သွားတဲ့လမ်းမှာတဲ့''

''ဩော် ... ကိုစိုးအောင်တို့ ကိုဖေငြိမ်းတို့ရော''

''ပင်စင်စားတွေပေါ့ မေရယ်။ ဒို့တောင် ပင်စင်စားတွေ ဖြစ်ကုန်ကြပြီပဲ''

''အင်း ... ဟုတ်တာပေါ့လေ''

ကိုစိုးအောင်နှင့် ကိုဖေငြိမ်းကား ကချင် (၂)မှ ကျွန်တော်နှင့် အရင်းနှီးဆုံးမိတ်ဆွေနှစ်ဦးပါပေ။ သာမန်ရင်းနှီးသည် မဟုတ်ပါ။ သူတို့နှစ်ဦးနှင့်က ဟိုအရပ်သားဘဝကတည်းက သိလာကြသူတွေ၊ ကိုစိုးအောင်က ၁၉၆၁ ရန်ကုန် B.O.C ကောလိပ်တွင် ဘာသာတွဲအတူ တက်ခဲ့ကြသည့် ကျောင်းနေဖက် သူငယ်ချင်း။ ကိုဖေငြိမ်းကတော့ ကျွန်တော့်မွေးစားအဖေအမေ၏သမီး မမလေး၏ခင်ပွန်း။ ကျွန်တော်နှင့်က သွေးမစပ်သည့် သမီး ယောက်ဖ၊ သူ့ကို တက္ကသိုလ်ကျောင်းသားဘဝထဲက မမလေးဆီ မကြာမကြာလာပြီး အနုအလှနှင့် သမုဒယ စကားများ လာပြောနေကတည်းက သိခဲ့သည်။ ထို့ကြောင့် သူတို့နှစ်ဦးနှင့် အရင်းနှီးဆုံးဖြစ်ခဲ့ရသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့ ဖနီးမောင်နံ့ ဘားအံမှာ ရုံးတက် လက်မှတ်ထိုးတော့ ကိုစိုးအောင်က ကျွန်တော့်ဘက်က သက်သေ။

ကိုစိုးအောင်သည် အသက် ၂၀ မရှိသေးဘဲ တပ်ထဲဝင်သွားခဲ့သူပင်။ ငယ်ငယ်ရွယ်ရွယ်နှင့် ရာထူးတွေ လျင်မြန်စွာတက်ခဲ့ပြီး သူရဘွဲ့တွေ ဘာတွေလည်း ရခဲ့၏။ အသက် ၄၁ ခန့်တွင် ဗိုလ်မှူးကြီး **Full Colonel** ဖြစ်ခဲ့ရာ ဟိုခေတ် ဟိုအခါက အသက်အငယ်ဆုံးဗိုလ်မှူးကြီးမို့ ငါလိုသူ ဖမ္ဘူမှာရှိဦးမှာလားဟုပင် ဆိုရမလောက် ဖြစ်ခဲ့၏။ သူက **Full Colonel** နည်းဗျူဟာမှူးဖြစ်ချိန်တွင် သူနှင့် အသက်ရွယ်တူ ကျွန်တော်က တူးအိုင်စီခေါ် **Second in Command** ဒုတပ်ရင်းမှူးသာ ရှိသေးသည်။ စစ်မြေပြင်တွင် စွမ်းရည်ရှိ၍ သူရစိုးအောင် ... သူရစိုးအောင်နှင့် တပ်မတော်တွင် နာမည်ကြီးခဲ့သူဖြစ်၏။

မေက ကိုစိုးအောင်ကို အလွန်ခင်သည်။ ကိုစိုးအောင်အကြောင်း မကြာမကြာ ပြောလေ့ရှိသည်။ ယခု လည်း ပြောလာပြန်သည်။ မေပြောမှ ကိုစိုးအောင်အကြောင်း ကို ပြန်ပြောင်းစဉ်းစားရင်း စစ်သားဘဝများကို ကျော်လွန်





ဘာ ဟိုလွန်ခဲ့သည့် အနှစ် ၄၀ ကျော် ၅၀ နီးပါးက ဘတ္တာသိုလ်ကျောင်းသားဘဝသို့ ပြန်ရောက်သွားတော့၏။

ထိုစဉ်က ကျွန်တော်တို့တစ်တွေကား ၁၆၊ ၁၇၊ ၁၈ အရွယ် ဆယ်ကျော်သက်များ။ ထိုကာလများကို ပြန်ပြောင်းအောက်မေ့ရင်း ဘယ်တော့မှ ပြန်မရနိုင်တော့ သည့် ငယ်ဘဝကို လွမ်းတမိပါသည်။

အတိတ်ပန်းချီကားသည် မှုန်ဝါးနေရာမှ ဖြည်းဖြည်း ပီပြင်လာ၏။

## ချစ်ရက်ရှည်ရှည် အင်းယားမြေ

ကျောင်းဖွင့်ချိန် ××× စိန်ပန်းတွေလဲ ××× မြှော်ကျဲပြန့်နေ ×××

ကံ့ကော်ပန်းတွေနဲ့အတူ ××× သူနဲ့တွေ့ရာမြေ ××× တက္ကသိုလ် သို့မဟုတ် ×××

မြကျွန်းသာအင်းယားကန်မြေပေ ×××

ချိန်ညနေချမ်း ××× နေခြည်ဖြန်းရင်လေ ××× ချိုနီလမ်းကလေးမှာ ××× အပန်းဖြေ အပန်းဖြေ ×××

ချစ်စရာအလှအပစကားများ ××× ပြောကြတော

www.burmeseclassic.com

www.burmeseclassic.com



တွေ ××× ချစ်သောမိမိငယ်ရေ ××× အင်းယားကန်က
ကိုယ်တို့ ကိုယ်တို့ မေတ္တာမြေ ×××
သိုသိပ်ဝှက်ကွယ်ထားတဲ့ မေတ္တာတရားတွေ ×××
ရင်ထဲမှာ ကိုယ်စီကိုယ်ငှနေ ××× ချစ်စရာနှုတ်ခမ်း များက
စကားများ မပွင့်လင်းကြပေ ××× သဇင်တွေဖူး
ပါတဲ့ ဆောင်းဦးကိုလဲ ကျော်ခဲ့ပြီလေ ×××
ရာသီတွေပြောင်းပေမယ့် ကိုယ်တို့နှစ်ဦးရဲ့ မထူး
မထူးတဲ့အခြေ ××× ချစ်စိတ်တွေ ရင်မှာ ××× အစဉ်သာ
သိမ်းကာထားခဲ့ပေ ×××
နွေဦးလေရူးတွေလဲ မြူးပြီလေ ××× ကံ့ကော်
တွေလဲ ဖူးလို့နေ ××× သစ်ရွက်ကြွေ မြေမှာလူးကာ ×××
ဥဩငှက်တွေတွေ့တော့ ချစ်ရက်တွေရှည် ×××
ဒီအခါ ဒီသမယ ခွဲကြရမဲ့အခြေ ××× အချိန်တန်
အိမ်ပြန်ရပေမဲ့ အစ်ကို့လိပ်ပြာက မင်းရဲ့ထံမှာနေ
××× အင်းယားကိုလဲ မမေ့နိုင်ပေ ×××

အဆိုတော်ကြီး ကိုသိန်းတန်ရဲ့ "ချစ်ရက်ရှည်ရှည် အင်းယားမြေ" သီချင်းက ပတ်ဝန်းကျင်တွင် ပျံ့လွင့်နေ



သည်။ ကျွန်တော်တို့ တက္ကသိုလ်စတက်သည့် ၁၉၆၁ ကာလ၌ အဆိုတော်တွံတေးသိန်းတန်၏ "ချစ်ရက်ရှည်ရှည် အင်းယားမြေ" အဆိုတော်ကြီး ကိုမင်းနောင်၏ "တက္ကသိုလ်ကျောင်းသူတစ်ဦး" အဆိုတော်ချိုပြုံး၏ "ဘဝချင်းဆုံတွေ့ပါရစေ နဲ့ တက္ကသိုလ်ကျောင်းက ငွေလမင်း" မင်းသားဝင်းဦး၏ "မီးပုံပွဲ"၊ အကော်ဒီယံ အုန်းကျော်၏ "နှင်းပွင့်ရွှေကြာ" တို့သည်ကား တက္ကသိုလ်ကျောင်းသား ကျောင်းသူများပါးစပ်ဖျား၌ အလွန်ရေပန်းစားပြီး အလွန် Popular ဖြစ်နေသော သီချင်းများ ဖြစ်၏။

၁၉၆၂ ကုန်၍ ၁၉၆၃ ရောက်ပြီ။ ဥပစာ ဝိဇ္ဇာ အပိုင်း(ခ) ခေါ် ဒုတိယနှစ်အား ကျွန်တော် ဖြေခဲ့ပြီးပြီ။ တက္ကသိုလ်တွင် နှစ်နှစ်တက်ခဲ့ပြီးဖြစ်၍ အညာက ဆင်းလာခါစ အူကြောင်ကြောင်တောသားပုံတော့ မဟုတ်တော့ပါ။ ကျွန်တော့်တွင် ယောက်ျားလေး မိန်းကလေး မိတ်ဆွေ အတော်များများ ရှိနေခဲ့ပါပြီ။ ယခု အိုင်အေ ဒုတိယနှစ် ဖြေပြီး အညာပြန်ရတော့မည်။ မပြန်မီ ချစ်သော ကျောင်းနေဖက်များကို နှုတ်ဆက်ရမည်။ ယနေ့ကား စာမေးပွဲကြီးနောက်ဆုံးဖြေပြီးသောနေ့။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အတူနေသူငယ်ချင်း ကိုဘိုကြည်နှင့်အတူ သူငယ်ချင်းများကို လိုက်လံနှုတ်ဆက်၏။ ကိုဘိုကြည်နှင့် ကျွန်တော်က ကြည့်မြင်တိုင် ကျောင်းကြီးတိုက် ဘုန်းတော်ကြီးကျောင်းမှ ကျောင်းတက်နေသော ရှေ့ဦးသားနှစ်ယောက်။

စာမေးပွဲခန်းမ အပြင်မှစောင့်၍ သူငယ်ချင်းများကို နှုတ်ဆက်ကြရသည်။

ပထမ ဝါးခယ်မ အုပ်စုဖြစ်၏။ ကိုရီ၊ ကိုကျင်ဝ၊ ကိုသိန်းကြည်၊ ကိုစိန်ထွန်း၊ ကိုဝင်းမြင့်၊ ကိုမြင့်သော်၊ နောက် **Day Scholar** အုပ်စု ကိုကျော်ရင်၊ ကိုတင်သိန်း၊ ကိုထွန်းသိန်း၊ ကိုအုန်းမောင်၊ အမျိုးသမီးများထဲက မသန်းနိုင်၊ မမြင့်မြင့်ရွှေ၊ မမြလွင်၊ မမြမြဝင်း၊ မခင်မြမြ၊ မကြည်ကြည်ဝင်း စသူစသူတို့ပါပေ။

"ဟေ့ကောင် . . . သက်ဦး မိတ္ထီလာက သော်ဇင်နဲ့ **Day** က စိုးအောင်တို့ ကျန်တယ်ကွ"

"ဟိုမှာ လာပါပြီဗျာ သော်ဇင်"

သော်ဇင်ကား မိတ္ထီလာမှ ရှေ့နေကြီးတစ်ဦးသား၊ သဘောသကာယကောင်းမွန်၍ ပေါင်းလို့ သင်းလို့ အလွန်





ကောင်းသူဖြစ်၏။

"ဟေ့ကောင် . . . သော်ဇင် ဖြေနိုင်လား"

"ဖြေနိုင်ပါတယ်ကွ။ မင်းတို့ရော"

"ဖြေနိုင်ပါတယ်။ ဒို့ဆရာတွေ ဆရာမတွေက လောက်မရက်စက်ပါဘူး။ တပည့်တွေ မဖြေနိုင်မယ့် အမျိုး မမေးပါဘူး။ ငါတို့ကလည်း စာမေးပွဲ အကျမခံနိုင်ဘူး ဟေ့ကောင်ရေ။ ပိုက်ဆံရှိလို့ ကျောင်းလာတက်တာ မဟုတ်ဘူးဟ။ ဘွဲ့လေးတစ်ခုရချင်လွန်းလို့ ဘုန်းကြီးကျောင်းက လာတက်နေရတာ"

"ကဲ . . . ထားပါကွာ။ စိုးအောင်တစ်ယောက်ကော ဖြေနိုင်ပါလား"

စိုးအောင်သည် ကျွန်တော်တို့ **V.Combination** ၏ အသက်အငယ်ဆုံး လေးငါးယောက်အုပ်စုတွင် ပါဝင်သည်။ စကားနည်း၍ အနုပညာ ဝါသနာပါသည်။ ပေါင်းလို့ သင်းလို့လည်း ကောင်းသည်။ အသက်ငယ်ငယ် ရုပ်ရည်လေးက သနားကမားမို့ ကျောင်းသူမများက စိုးအောင်ကို မောင်လေး မောင်လေးနှင့် ချစ်ကြရှာသည်။ စိုးအောင်က တစ်ခါတစ်ခါ တက္ကသိုလ်စိုးအောင် ကလောင်အမည်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



စာတိုပေစများလည်း ရေးတတ်သည်။ သူ့စာလေးများ တက္ကသိုလ်က နံရံကပ်စာစောင်များတွင် မြင်တွေ့ကြရသည်။ ကဗျာတွေရေးနေသည့် ရွှေမြိုင်ဝတ်မှုံဦး ခေါ် မမြင့်မြင့်ရွှေ နှင့် မြန်မာစာ အလွန်တော်သည့် မသန်းနိုင်တို့က စိုးအောင် ကို ဝါသနာတူချင်းမို့ အထူးရင်းနှီးစွာ ဆက်ဆံတတ်သည်။ မကြာခဏ တစ်ပူးတတွဲတွဲနေတတ်သည်။

"စိုးအောင် ... သူ့မမတွေနဲ့ရှိမယ်ထင်တယ်"

"ကဲ ... ဒါဆို ဒို့သွားမယ်ကွာ"

ကျွန်တော်နှင့် ကိုဘိုကြည်တို့ **B.O.C** မှ အင်္ဂလိပ် ပိတောက်ပင်ကြီးများ တန်းစီပေါက်နေသည့် ပုဂံ လမ်းမကြီး အတိုင်း အပိုင်းလေးသို့ ထွက်ခဲ့ကြ၏။ ၁၆ လိုင်းကားစီးပြီး ကြည့်မြင်တိုင်သို့ ပြန်ရန်ဖြစ်သည်။

တက္ကသိုလ်ရေကူးကန်နားအရောက်တွင်

"ဟော့ကောင် ဟိုစုံတွဲကို ကြည့်စမ်း။ ဘယ်သူနဲ့ ဘယ်သူလဲလို့"

"ဟိုက် ... စိုးအောင်နဲ့ ဝင်ဒါမီယာ မမပါလား"

"စိုးအောင် ပျောက်သွားတာ ဒီမှာလာတွေ့နေပါ လား။ ဒီကောင် ဘယ်တုံးက ဝင်ဒါမီယာမမနဲ့ ဖြစ်သွားလဲ





မသိဘူး။ ငနဲမက အသဲစားဘုရင်မကွ။ ရုပ်ကလေးက လှသလောက်၊ အသဲနှလုံးက ရက်စက်တယ်။ ဝါးခယ်မ က ဝင်းတင့်နဲ့ အရင်ဖြစ်နေတာ။ ဝင်းတင့်အရင်လည်း တစ်ယောက်နှစ်ယောက် ရှိဖူးတယ်"

"ဩော် ... မင်းတယ်သိပါလား"

"သိဆို သူ့အကြောင်းတွေ သူနဲ့ စိန့်ဖီလိုမီနာမှာ အတူတက်ခဲ့တဲ့ မခင်သီတာကြီးက ပြောတာကွ"

"ဘယ်လိုပြောလဲ"

"ဒီကောင်မက အထက်တန်းကျောင်းသူဘဝ ကတည်းက နာမည်ကြီး။ ယောကျ်ားလေး ငယ်ငယ် ချောချောဆိုရင် သူကြိုက်ပြီ။ ဖနဲ့ ဗလနဲ့ပါဆောာ်။ တော်တို့ အငယ်ကောင်အုပ်စုတွေ သတိထား။ သူ့လက်ချက် မိသွားဦး မယ်တဲ့"

"ဩော် ... ဟိုတလောက **Army** က **Captain** တစ်ယောက်နဲ့ ယူသွားတဲ့ မခင်သီတာကြီးလား"

"ဟုတ်ပါ့ဗျာ။ အဲဒါကြီးက ရှင်းရှင်းဘွင်းဘွင်းကြီး ပွင့်ပွင့်လင်းလင်းကြီး။ သူပြောတာက အမှန်တွေကွ။ သူ့ရဲ တွေ ဝိုင်းကူးပေးတဲ့နေ့က ငါ့ကို ပြောသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . ဒီမချောက အထက်တန်း ကျောင်းသူဘဝကတည်းက ဒီအတိုင်းပဲတဲ့ဗျာ။ အခုလဲ B.O.C မှာ ၂ နှစ်ပဲ တက်ရသေးတယ်။ သူ့အတွဲဖြုတ်သွားတာ သုံးလေးယောက်ရှိသွားပြီ"

"ဒို့သူငယ်ချင်း စိုးအောင်က အခုအတိုင်းဆို Top Five ထိပ်ဆုံးငါးယောက်ထဲမှာ ပါသွားပြီပေါ့"

"ဟုတ်ပါ့ဗျာ . . . ဟုတ်ပါ့"

"ဟား . . . ဟား . . . ဟား . . . ဟား . . . ဟား"

ကျွန်တော်နှင့် ကိုဘိုကြည်တို့နှစ်ဦးသည် ရေကူးကန်ဘေးတွင် ပိတောက်ပင်ကြီး၏ ပင်စည်ကိုမှီကာ ကယုကယင် ချစ်တုန့်တင်နေကြသည့် ကိုစိုးအောင်နှင့် ဝင်ဒါမီယာမမအားကြည့်ပြီး စိုးအောင်အတွက် အလွန် စိုးရိမ်နေသည့်ကြားကပင် ရယ်ပွဲဖွဲ့လိုက်ကြပါသည်ခင်ဗျား

တက္ကသိုလ်က လူငယ်ဘဝ

၁၉၆၃ ခုနှစ် မိုးဦးကျချိန်ကာလ။

ကျွန်တော်တို့ ရန်ကုန်တက္ကသိုလ်ကြီးကား ကံ့ကော် နှင့် ပိတောက်နံ့သင်းသော အင်းလျားလေ၊ ကံ့ကော်တော





သစ်ပုတ်ပင်၊ အဓိပတိလမ်းမကြီး၊ အွဲ့နှင်းသဘင်ခန်းမ တို့နှင့် အလွန်ပနံရနေသည်။ ကျောင်းသူ ကျောင်းသားများ ကလည်း နှစ်သစ်တွင် စိတ်သစ်လူသစ်များဖြင့် သွားလာ လှုပ်ရှားနေကြသည်။

ကျွန်တော်တို့ အားလုံးလိုလို အိုင်အေခေါ် ဥပစာ တန်းကို အောင်မြင်ခဲ့ကြပြီး ဝိဇ္ဇာအပိုင်း(က)ခေါ် ဘီ့ အေ ပထမနှစ် စတက်ရပြီ။ ထိုသည့်အခါတွင်လည်း Main University ခေါ် ပင်မတက္ကသိုလ်ကြီး၌ တက်ရသည်။ Main ကိုတက်ဖူးမှ တက္ကသိုလ်ကျောင်းသား ဖြစ်ရကျိုးနပ် သည်။ B.O.C လောက် Dome လောက်နဲ့တော့ မရသေး။ ဒါက Intermediate သာဖြစ်၏။ Bachelor မဖြစ်သေး၊ Main ရောက်မှ Bachelor ဖြစ်သည်။ အခု Main ရောက် ပြီဆိုတော့ ကျွန်တော်တို့တစ်တွေ Bachelor ဖြစ်ပြီပေါ့။

"ဟော့ . . . သက်ဦးနဲ့ဘိုကြည် ငါတို့ ဘီအေ ပထမ နှစ် ပထဝီသမားတွေ ပထဝီအသင်း အမှုဆောင် အရွေးခံဖို့ ရှိတယ်ကွ။ မင်းတို့ လိုက်ခဲ့ဦးကွာ"

ကျောင်းဖွင့်စတစ်ရက်တွင် ကိုကျော်ရင်လာခေါ် သဖြင့် Faculty of Forestry သစ်တောသိပ္ပံမဟာဌာန



www.burmeseclassic.com

www.burmeseclassic.com



၌ ပြုလုပ်သည့် ရန်ကုန်တက္ကသိုလ် ပထဝီဝင် ကျောင်းသားကျောင်းသူများအသင်း ပြန်လည်ဖွဲ့စည်းခြင်းနှင့် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ပွဲကို သွားတက်ဖြစ်ကြသည်။

ကျွန်တော်တို့ V. Combination မှ ပထဝီယူခဲ့သူ ကျောင်းသူကျောင်းသား လေးငါးဆယ်ခန့် အမှုဆောင်သစ် ရွေးချယ်ပွဲကို တက်ကြသည်။ B.A တန်းတွင် ကျွန်တော်က Political Science ခေါ် နိုင်ငံရေးသိပ္ပံ ကို ယူလိုက်သဖြင့် ယခုကဲ့သို့သော Social Activity များကို စိတ်ဝင်စားစပြုနေသည်။ ယခု အစည်းအဝေးကိုလည်း အသေအချာလေ့လာ၏။

အစည်းအဝေးစသည်နှင့် B.A နောက်ဆုံးတန်းရောက် အသင်းအမှုဆောင်ဟောင်းများက အသင်း၏ အစီရင်ခံစာကို တင်သွင်း၍ ဘဏ္ဍာရေးရှင်းတမ်းကို ဖတ်ပြကြ၏။ အားလုံးပြီးစီးသွားသောအခါ အမှုဆောင်သစ် မရွေးချယ်မီ တက်ရောက်လာသူများအား ဆွေးနွေးလိုသည်များ ဆွေးနွေးခွင့်ပြုသည်။

ထိုအခါ နောင်တွင် ပထဝီဝင် ကိုကျော်ရင်ဟု နာမည်ကြီးလာသည့် ကျွန်တော်တို့ရောင်းရင်းကြီး





ကိုကျော်ရင်က အောက်ပါအတိုင်း စပြောတော့၏။

"အခုရှိတဲ့ ရန်ကုန်တက္ကသိုလ် ပထဝီဝင် ကျောင်းသား ကျောင်းသူများအသင်းကြီးဟာ ပြီးခဲ့တဲ့ ၁၉၆၂–၆၃ ပညာသင်နှစ်မှာ ဘာတစ်ခုမှ မယ်မယ်ရရ စွမ်းဆောင်ခဲ့တာ မတွေ့ရပါဘူး။ လေ့လာရေးခရီးလည်း ဘယ်မှမသွားခဲ့နိုင်ဘူး။ Function တွေလည်း မလုပ်ခဲ့နိုင်ဘူး။ ဆရာကန်တော့ပွဲတွေလည်း မလုပ်ခဲ့ဘူး။ မိတ်ဆုံပွဲတွေလည်း မလုပ်ခဲ့ဘူး။ ဆင်းရဲနွမ်းပါးတဲ့ ကျောင်းသားတွေကိုလည်း ဘာမှထောက်ပံ့ခဲ့တာ မတွေ့ရဘူး။ ဘာသာရပ်နဲ့ဆိုင်တဲ့ စာစောင်တွေလည်း မထုတ်ခဲ့ဘူး။ ဒါကြောင့် လက်ရှိအမှုဆောင်အဖွဲ့ကို အယုံအကြည်မရှိပါဘူး။ တစ်ဖွဲ့လုံးနုတ်ထွက်ပေးဖို့နဲ့ အမှုဆောင်ဟောင်းများကို ပြန်လည် အရွေးမခံဖို့ ပြောကြားလိုပါတယ်"

"ဟိုက်"

"ပထဝီဝင် ကျော်ရင်ကွ"

"ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း ... ဖြောင်း"

B.A နောက်ဆုံးတန်းမှ အမှုဆောင်ဟောင်းအဖွဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



"ဟိုက်"ခနဲဖြစ်သွားပြီး **B.A** ပထမနှစ်မှ ကျောင်းသူကျောင်းသားများက လက်ခုပ်တဖြောင်းဖြောင်းတီးကာ ဩဘာပေးကြကုန်၏။

အမှုဆောင်ဟောင်းအဖွဲ့က သူတို့ အခက်အခဲများကို ရှင်းပြကြသည်။ တက်ရောက်သူများက လက်မခံပါ။

"မလိုဘူး။ ထွက်ပေး ... ထွက်ပေး"

ဟု ဝိုင်းအော်ကြသည်။ နောက်ဆုံးတော့ အမှုဆောင်ဟောင်းတစ်ဖွဲ့လုံး နှုတ်ထွက်သွားတော့၏။

ကိုကျော်ရင် ပြောလည်း ပြောလောက်စရာပါပေ။ အမှုဆောင်ဟောင်းအဖွဲ့သည် **Activity** နှင့် **Performance** များမလုပ်ခဲ့ရုံမက ဘဏ္ဍာရေးရံပုံငွေများကိုလည်း အကုန်လုံးနီးနီး သုံးထားသည်။ ရံပုံငွေလက်ကျန်မှာ ရာဂဏန်းမျှသာရှိ၏။ ဒါကို ဆရာများကလည်း သဘောမကျကြပါ။ ဆရာများက ပြောတာဆိုတာ နားထောင်မည့်အမှုဆောင်အဖွဲ့သစ်ကို လိုချင်ကြသည်။ ဒီလူဟောင်းများက ဒီအသင်းကြီးကို အုပ်စီးထားတာ ကြာပြီ။ ပြီးတော့ သူတို့အထဲ၌ အရောင်အသွေးရှိသူအချို့လည်း ရှိနေသည်ဟုလည်း ကြားရသည်။





အမှုဆောင်အသစ်ပြန်ရွေးတော့ ...

ကိုတင်ဦး ဥက္ကဋ္ဌ

ကိုအောင်နိုင် အထွေထွေအတွင်းရေးမှူး

မသန်းနိုင် တွဲဖက်အတွင်းရေးမှူး

ကိုကျော်ရင် ဘဏ္ဍာရေးမှူး

မမြင့်မြင့်ရွှေ ပြန်ကြားရေးတာဝန်ခံ တို့ဖြစ်ပြီး အထွေထွေတာဝန်များ ထမ်းဆောင်ရန် ကျွန်တော်အပါအဝင် အောက်ပါကျောင်းသူကျောင်းသားများကို အဖွဲ့ဝင်များအဖြစ် ရွေးချယ်လိုက်တော့၏။

ကိုစိုးအောင် မမြမြဝင်း

ကိုဘသော် မကြည်ကြည်ဝင်း

ကိုသော်ဇင် မချောချော

ကိုသက်ဦး မခင်နီနီ

ကိုဘိုကြည် မသန်းဝင်း

ကိုထွန်းမြင့်(၁) မမြလွင်

ကိုထွန်းမြင့်(၂) မနွဲ့နွဲ့ဇင်

ကိုရီ မခင်မြမြ

ကိုကျင်ဝ မယဉ်မြင့်(၁)



www.burmeseclassic.com

www.burmeseclassic.com



ကိုသိန်းကြည် မယဉ်မြင့်(၂)

အမှုဆောင်သစ်ရွေးပြီးတော့ ကျွန်တော်တို့ တစ်ဖွဲ့လုံး ပါမောက္ခဆရာမကြီး ဒေါက်တာဒေါ်သင်းကြည်နှင့် ပထဝီဝင် ဆရာ၊ ဆရာမများကို သွားတွေ့သည်။ ဆုံးမသြဝါဒများ နာခံသည်။ ပါမောက္ခဒေါက်တာဒေါ်သင်းကြည်က အသင်းကောင်းကျိုး၊ ဌာနကောင်းကျိုး၊ တက္ကသိုလ်ကြီးကောင်းကျိုး၊ ကျောင်းသူကျောင်းသားများကောင်းကျိုး အတတ်နိုင်ဆုံး သယ်ပိုးကြရန်နှင့် အရောင်အသွေးကင်းကင်းရှင်းရှင်းဖြင့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

"ဟော့ကောင်တွေ မင်းတို့အသင်းက ပိုက်ဆံမရှိဘူးကွ။ ငွေရှာကြဦး"

ကျွန်တော်တို့နှင့် အလွန်ရင်းနှီးသည့် ဆရာဦးမြင့်မောင်က ပြောသည်။

"ဟုတ်တယ် ... ငွေရှာရမယ်။ ဒါမှ အသင်းအတွက် လိုအပ်တာတွေ လုပ်နိုင်မယ်။ သူများကြတော့ စွဲချက်တွေ ဘာတွေတင်ခဲ့ပြီး ကိုယ့်အလှည့်ကျတော့ ဘာမှမလုပ်ခဲ့နိုင်ရင် ပြောတော့ မိုး၊ ထိုးတော့ မြေကြီး





ဖြစ်နေဦးမယ်"

အတွင်းရေးမှူး ကိုအောင်နိုင်နှင့် တွဲဖက်အတွင်းရေးမှူး မသန်းနိုင်တို့က ဆိုကြ၏။

ဤသို့ဖြင့် အသင်းဖွဲ့စည်းပြီး မကြာမီမှာပင် ဌာန၏ ခွင့်ပြုချက်ဖြင့် Globe ရုံ (ယခု Trader Hotel နေရာ)၌ Charity Show ရုံပုံငွေရှာသည့်အနေဖြင့် Let's make love အမည်ရ ကမ္ဘာကျော် ညို့မင်းသမီး MaryLyn Monroe ၏ ရုပ်ရှင်ကားကို ပြဖြစ်တော့၏။

ရုပ်ရှင်ပြတော့ အမှုဆောင်များ တစ်မြို့လုံးလှည့်ပြီး လက်မှတ်လိုက်ရောင်းရသည်။ တစ်ပတ်ခန့် လက်မှတ်ရောင်းထွက်သည်။ လက်မှတ်ရောင်းသည့်ကိစ္စ၌ ဝင်ဒါမီယာမမက သူမ၏ ကိုယ်ပိုင်ကားဖြင့် ကြွကြွရွရွလေး လာရောက်ပြီး ပါဝင်ကူညီသည်။ သူနှင့်အတူ တာဝန်ကျသူက ကိုရီ။ တစ်ပတ်ခန့်အတူသွား အတူစား၊ အတူလာလိုက်တော့ ကိုရီသည် ဝင်ဒါမီယာမမ၏ နံပါတ်ငါးမြောက် သူရဲကောင်းဖြစ်သွား၏။ ကိုရီကလည်း အသက်ငယ်ငယ် ရုပ်ဖြောင့်ဖြောင့်ပင်။ ဇာတ်ဆောင်အသစ်တက်လာ၍ အဟောင်း ကျွန်တော်တို့၏ ဇာတ်လိုက်ကျော် ကိုစိုးအောင်



www.burmeseclassic.com

www.burmeseclassic.com



အလိုလို ကျဆုံးသွားတော့၏။

ဝင်ဒါမီယာမမ၏ လက်ချက်ကြောင့် ကိုစိုးအောင် **Knock out** ကျသွားရာ အတော်စိတ်ထိခိုက်သွားပုံရ၏။ ကျောင်းမကြာခဏ ပျက်သည်။ အသင်းအစည်းအဝေးများလည်း လာမတက်တော့။ သူက လက်ရေး လက်သား ကောင်းပြီး ပန်းချီလေးဘာလေးပါ ဆွဲတတ်သူဖြစ်ခြင်းကြောင့် အသင်းနှင့်ဆိုင်သည့် စာများပုံများကို ဒိုင်ခံရေးပေးလေ့ ရှိသည်။ သူမရှိတော့ မရေးတတ်ရေးတတ်နှင့် သော့်ဇင်နှင့် ကျွန်တော်က ဝင်ရေးရသည်။ စိုးအောင် ပျက်ကွယ်မှုများလာတော့ ဘေးက သတိပေးကြရသည်။

"မောင်စိုးအောင် ကျောင်းပျက် အစည်းအဝေး ပျက်နဲ့ ဘယ်တွေ လျှောက်သွားနေတာလဲ"

"**UTC** ကို"

အစ်မကြီးမသန်းနိုင်က မေးတော့ သူက **UTC** ဟု ဖြေသည်။ စိုးအောင်က **B.O.C** မှာကတည်းက **UTC** ခေါ် တက္ကသိုလ်အရံတပ်ရင်းသို့ဝင်ပြီး စစ်သင်တန်းတက်ခဲ့သည်။ ယခုအခါ **Lance Corporal** ခေါ် ဒုတပ်ကြပ်ရာထူးပင် ရထားနေပြီ။ **UTC** မှာ သူ နည်းပြဆရာ လုပ်





နေသည်ဟုလည်း ကြားရ၏။ သူ့သမုဒယ ဇာတ်လမ်းကြောင့် သူငယ်ချင်းများနှင့်တွေ့ရမှာ ဝန်လေးနေ၍ **UTC** ကို အမြဲတမ်းလိုလို သူသွားနေသည် ထင်ပါ၏။ စစ်ယူနီဖောင်းကိုလည်း သူ မချွတ်တော့၊ အမြဲတမ်း ဝတ်ထားသည်။

ဤသို့ဖြင့် ၁၉၆၃ သီတင်းကျွတ်ကာလအရောက်၌ အရောင်အသွေးရှိသော ကျောင်းသားများ၏ ပယောဂကြောင့် ရန်ကုန်တက္ကသိုလ်ကြီးကို ရက်အကန့်အသတ်မရှိ ပိတ်လိုက်ရပြန်သည်။

ကျောင်းသားတွေအားလုံး အိမ်ပြန်ကြပါတဲ့။ သက်ဆိုင်ရာက အမြန်ဆုံးပြန်နိုင်း၍ ကျွန်တော်နဲ့ ကိုဘိုကြည်တို့ ဇာတိချက်ကြွေ အညာမြေသို့ အမြန်ပြန်ခဲ့ကြရ၏။ ရုတ်ရုတ်ရက်ရက်မို့ ဘယ်သူ့ ဘယ်သူမှ နှုတ်မဆက်နိုင်ကြတော့ပါ။

အညာပြန်ရောက်ပြီး သိပ်မကြာပါ။ သတင်းစာထဲ၌ အိုင်အေအောင်ထားသူများ ကြည်းတပ် ဗိုလ်သင်တန်း လျှောက်နိုင်ကြောင်းခေါ်သည့် ကြော်ငြာပါလာ၏။

"ဟော့ကောင် ... သက်ဦး ဘယ်လိုလဲ တပ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ကြမလား"

ကိုဘိုကြည်က အဖော်စပ်လာ၏။

"ငါက ခရိုးခယိုင်နဲ့ ချိန်နဲ့နဲ့ကောင်ကွ။ ကျန်းမာရေးက သိပ်ကောင်းတာ မဟုတ်ဘူး။ သိပ်ပင်ပန်းတဲ့ ကြည်းတပ်နဲ့ ဖြစ်မှာမဟုတ်ပါဘူးကွာ။ ပြီးတော့ ငါက ဘွဲ့ရချင်တာကွ။ အိုင်အေလောက်နဲ့ ရပ်မထားချင်ဘူး။ မင်းကတော့ ကျန်းမာရေးကောင်းပြီး တောင့်တောင့်တင်းတင်းဆိုတော့ မင်း သဘောပဲ"

"မင်း မဝင်သေးလည်း ငါလည်း မဝင်သေးပါဘူးကွာ။ ကျောင်းပြန်ဖွင့်ပြီး ဘွဲ့ရတဲ့အထိ စောင့်ကြည့်ဦးမယ်"

"ကောင်းပါတယ်။ မင်းက စတိုင်ပင်လည်း ရထားတာပဲ"

ကိုတိုကြည်က တက္ကသိုလ်မှ စတိုင်ပင်ရထားသည်။ ကျွန်တော်က ဘာစတိုင်ပင်မှ မရပါ။ သူ ဘွဲ့ရဖို့ ကဘာမှ မခက်ခဲ။ ကျွန်တော့်မှာသာ ကျောင်းစရိတ်အတွက် အလွန်ခက်ခဲနေ၏။ ကျောင်းထားပေးသည့် အရီးက စီးပွားရေးကျနေသည်။ စီးပွားရေးသာမက ကျန်းမာရေးပါ ကျလာနေ၏။





တက္ကသိုလ်ကြီးက တော်တော်နှင့် ပြန်မဖွင့်ပါ။ တက္ကသိုလ်စာမေးပွဲများကိုပင် နယ်မှာ ဖြေကြရ၏။ ၁၉၆၄ ခုနှစ် မတ်လ၌ ဘီအေ ပထမနှစ်စာမေးပွဲကို ရွှေဘိုသွားဖြေရသည်။ ကျွန်တော်ရော ကိုဘိုကြည်ပါ အောင်ကြပါသည်။ နောက်ဆုံးနှစ်တက်ရန် ရန်ကုန်ပြန်ဆင်းခဲ့သည်။ အလုပ်ရှာရင်း လုပ်ရင်း ကျောင်းပြန်တက်မည်ဟု ဆုံးဖြတ်ကာ ဆင်းခဲ့ခြင်းဖြစ်၏။

ရန်ကုန်ရောက်တော့ အလုပ်မရမီစပ်ကြား ဟိုဟိုဒီဒီ လျှောက်သွားမိသည်။ ကျွန်တော် တည်းခိုအခြေပြုနေသော အလုံကွင်းကျောင်းစာသင်တိုက်မှာ ကိုစိုးအောင်တို့အိမ်နှင့်က သိပ်မဝေးလှ။ ရောက်ရောက်ခြင်း ကိုစိုးအောင်တို့အိမ်သို့ သွားလည်မိသည်။ ကိုစိုးအောင်ကို မတွေ့တော့။

"စိုးအောင် တပ်ထဲ ဝင်သွားပြီ"

သူ့အစ်ကို ကိုဝင်းမြင့်က ဆီးပြော၏။

ဪ ကိုစိုးအောင် တပ်ထဲဝင်သွားပါပကောလား။ ကောင်းပါသည်။ သူ့အတွက် အကောင်းဆုံးလမ်း ကို သူ ရွေးချယ်သွားပုံရ၏။ ကျောင်းမတက်ရဘဲ အချစ်နာကျကာ အချိန်တွေ အလကားကုန်နေမည့်အစား စစ်တပ်ထဲ လိုက်



www.burmeseclassic.com

www.burmeseclassic.com



သွားတာကမှ တပ်မတော်အကျိုး၊ တိုင်းပြည်အကျိုး သယ်ပိုး နိုင်သေးသည် မဟုတ်ပါလား။ ဒါဟာ ယောကျ်ားကောင်းတို့ အလုပ်ပေပဲ။

## ပြန်ခတွေ့ကြပြန်ပြီ

လောကကြီးသည် မျှော်လင့်မထားတာတွေ အလွန် ဖြစ်တတ်၏။ အရာရာ ကြောက်တတ်သော သွေးနှင့် သေနတ်ကိုကြောက်သော ချည့်နဲ့နဲ့ကျွန်တော်သည် တစ်ခု သော နှလုံးသားကိုစွကြောင့် ဘွဲ့ရအပြီး၌ ဘယ်သူမှ အသိ မပေးဘဲ တပ်မတော်ထဲသို့ စွတ်ရွတ်ဝင်လိုက်၏။ ဗိုလ်လောင်း အဖွဲ့ရောက်မှ ကိုဘိုကြည်နှင့် ပြန်တွေ့သည်။

"ခွေးမသား ...တပ်ထဲဝင်တာ ငါ့တောင် မပြောဘူး"

ဟု အဆဲခံလိုက်ရသေး၏။ သူငယ်ချင်းနှစ်ယောက် ဗိုလ်သင်တန်း တစ်ပတ်တည်း ပြန်ဆုံကြသည်။ စစ်ဆို ရင်တောင် စစ်မသောက်ဖူးသည့် ကျွန်တော်သည် ခရိုးခယိုင် နှင့် ဗိုလ်သင်တန်းတွင် နောက်ဆုံး ဆယ်ယောက် လွတ်ရုံ ကလေးမှ ကျောင်းဆင်းခဲ့၏။ ကျောင်းဆင်းတော့ ကရင်

ပြည်နယ်က ဖာပွန်မြို့ကလေးကို အပို့ခံရသည်။ ကိုဘိုကြည် က ဗန်းမော်ဘက်ရောက်သွား၏။ ထိုအချိန်၌ ကိုစိုးအောင်က ဘားအံတပ်မှာ ရောက်နှင့်နေ၏။ သူ သာမကပါ မမလေး ၏ ခင်ပွန်းလောင်း ကိုဖေငြိမ်းကိုပါ ပြန်တွေ့ရ၏။

ဘားအံတပ်မဟာကို သတင်းပို့သွားတော့ သူတို့ နှစ်ဦးကို ကချင်(၂) မှာ ပြန်ဆုံရ၏။ နှစ်ဦးလုံး **O.T.S 29** ဗိုလ်သင်တန်း အမှတ်စဉ် (၂၉) မှ ကျောင်းဆင်းဖက်များ၊ မှတ်မှတ်တရရ ပြည်ဆောင်မှ ဝါးခယ်မသား ကိုလှထွန်း လည်း **O.T.S 29** မှဆင်းပြီး ကချင် (၂) ရောက်နေသည်။ သူက **G G Combination** က ...

"ဟော့ကောင် သက်ဦး"

"ဟော့ကောင် စိုးအောင်"

သူငယ်ချင်းနှစ်ယောက် ပြန်တွေ့ကြတော့ ဝမ်းသာ အားရ ပွေ့ဖက်ကြ စကားတွေပြောဖြစ်ကြသည်။

"ငါ့ **Lady** သတင်း ဘာကြားသေးလဲ"

"ဘာကြားရမှာလဲ သူငယ်ချင်းရာ။ မင်း ပြီးတော့ ဝါးခယ်မက ကိုရီကွာ။ နောက် ပြည်က ကိုအေးကွာ၊ တစ်ယောက်ပြီး တစ်ယောက်ပါပဲ မောင်ရာ။ အခု





www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးနေ့နဲ့က သူ့အိမ်က သဘောတူလို့ ယူတော့မှာတဲ့မျ။ ကိုကျော်ရင်တို့ ပြောလိုက်တာပဲ"

"ဩော်"

"မင်း စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး"

"သော်ဇင်ကတောင် ပြောသေးတယ်။ မမြင့်တို့က ပြောတယ်ဆိုပဲ။ ငါတို့ကောင်လေးတွေအုပ်စု ဒီအမျိုးသမီး လက်ချက်မမိအောင် သတိထားရှောင်ခိုင်းတဲ့။ အားလုံးထဲမှာ စိုးအောင်ကို အသနားဆုံးတဲ့။ လူရိုးလေးတဲ့၊ ငယ်ငယ် ရွယ်ရွယ်နဲ့ ဒီအမျိုးသမီး လှည့်စားတာ ခံသွားရတာတဲ့"

"ဒါပေမဲ့ သူငယ်ချင်းရာ သူ့ကြောင့် တပ်ထဲ မြန်မြန်ဝင်ဖြစ်တော့လည်း မြန်မြန် တာဝန်ထမ်းဆောင်၊ မြန်မြန်အလုပ်ရ၊ မြန်မြန်အရာရှိဖြစ်၊ ဒါတွေက သူ့ကျေးဇူး တွေပေါ့"

"ဟုတ်ပါ့ဗျာ ... ဟုတ်ပါ့။ ဟုတ်ပါ့ ... ဟား ... ဟား ... ဟား .... ဟား"

ဟိုတုန်းက မရယ်နိုင်ကြပေမယ့် အခုတော့ ရယ် နိုင်ကြပါပြီ။ ကိုစိုးအောင်မှာ အသက် (၂၀) မပြည့်မီ





ဗိုလ်ဖြစ်ပြီး လေထီးခုန်ထားသဖြင့် လေထီး Wing တွေ ဘာတွေနဲ့ အခုမှ အလွန်သားနား၍ ကရင်ပြည်နယ် မြို့တော် ဘားအံ၌ ပျို့တိုင်းကြိုက်တဲ့ နှင်းဆီခိုင်ဖြစ်နေ၏။ အပျိုလေးတွေကြား အလွန်ရေပန်းစားနေ၏။ ချစ်သူတွေ ဝိုင်းဝိုင်းလည်နေပြီး ချစ်သူရွေးမယ် ချစ်ဝဲလည်ဖြစ်နေ၏။ တပ်မဟာမှူး၏ သမီးချော ကောလိပ်ကျောင်းသူများကပင်

"ဟင်း ... လူကိုက ရှိုးချည်းပဲ။ ကြည့်လို့ကို မရဘူး"

ဟု ဖွဲကပင်တောင်တက်စဉ်က တပ်မှ တာဝန်ပေး၍ လိုက်ပို့ရတော့ ကိုယ်ရံတော်တစ်မှူးလေး သူ့ကို ပြော သွားသည်ဆို၏။ တကယ် ကြည့်မရ၍ ပြောခြင်းတော့ ဟုတ် ဟန်မတူပါ။ အလွန်ကြည့်ကောင်းနေ၍ အထက်ပါအတိုင်း ပြောခြင်းသာဖြစ်မည်ထင်ပါသည်။

ကျွန်တော့်သူငယ်ချင်း ကိုစိုးအောင်၏ စန်း အပွင့်ဆုံး ကာလများပါတည်း။

ကရင်ပြည်နယ် ဖာပွန်တွင် ကျွန်တော် ငါးနှစ်ခွဲ ကြာခဲ့ပါသည်။ တပ်ရောက်ပြီး တစ်နှစ်ကျော်ကျော်၌ မေနဲ့ ရတော့၏။ မေနဲ့ ဘားအံရုံးတက်လက်မှတ်ထိုးတော့



www.burmeseclassic.com

www.burmeseclassic.com



ကိုစိုးအောင်၊ ကိုသက်ခွေ၊ ကိုခင်စိုး စသည့် တပ်မဟာနှင့် ကချင်(၂)မှ အရာရှိများက သက်သေအဖြစ် လက်မှတ်ထိုး ပေးကြ၏။

"မင်းက တပ်ထဲ ဝင်တာကျတော့ ငါ့ထက် နောက်ကျပြီး မိန်းမယူတာတော့ ငါ့ထက်စောသွားပြီ … ဟေ့ကောင်ရေ"

ဟု ကိုစိုးအောင်က ရယ်ရယ်မောမောပြော၏။

"ကိုယ့်အကြောင်းနဲ့ ကိုယ်ပါပဲ သူငယ်ချင်းရာ"

ဟုပြန်ပြောခဲ့ရသည်။

သိပ်မကြာပါ။ ကိုစိုးအောင် မှော်ဘီလေ့ထီး သင်တန်းကျောင်း ပြောင်းသွားသည်။ ကျွန်တော်က မော်လမြိုင် ကျောက်တစ်လုံး ပြောင်းရသည်။

သူနှင့်ကျွန်တော် လုံးဝ အဆက်အသွယ်ပြတ် သွားတော့၏။ P.D.P ခေါ် ပြည်ပြေးများထကြွစပြုသည့် ကာလမို့ စစ်ဆင်ရေးတာဝန်များနှင့်သာ နပန်းလုံးပြီး တောထဲတောင်ထဲ၌သာ အချိန်တွေကုန်နေသဖြင့် ပြင်ပ ကမ္ဘာမှာ ဘာဖြစ်နေသည်ကို မသိတော့ပါခင်ဗျား။

❖ ❖ ❖





ကိုစိုးအောင်နှင့် ၁၉၈၆ မှပြန်ဆုံရတော့၏။ ဒီတစ်ကြိမ်မှာတော့ သူက အလွန်အောင်မြင်နေပြီး ပြည် တပ်မ၌ နည်းဗျူဟာမှူး Full Colonel ဗိုလ်မှူးကြီးပင် ဖြစ်နေပြီ။ ကျွန်တော်ကတော့ Major ဗိုလ်မှူးအဆင့်ဖြင့် ခုတပ်ရင်းမှူးရာထူးမှာပင် ရှိနေသေး၏။ အသက်ကျတော့ အတူတူ။ တစ်နှစ်တည်း တစ်လတည်း မွေးခဲ့ကြသူများ။

"သူငယ်ချင်းက တပ်ထဲဝင်ကာ နောက်ကျတာ ကိုး"

ဟု ကျွန်တော့်အတွက် စိတ်မကောင်းဟန်ဖြင့် ဆို၏။ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ပြုံးရုံပြုံးရတော့၏။ ကိစ္စဝိစ္စအကုန်လုံးကလည်း ပြော၍မဖြစ်။ လူတိုင်းတွင် ဘယ်သူ့မှ ပြောမဖြစ်သည့်ကိစ္စလေးတွေက ရှိတတ်ကြစမြဲ မဟုတ်လား ခင်ဗျာ။

ကျွန်တော့်ဇနီးမေကတော့ ကိုစိုးအောင်ကို မှတ်ရေးနတ်ကြီးဆိုပြီး ပြည်မှ အောင်လံရောက်လာတိုင်း အမြဲတမ်း စောင့်ကြိုပြုစုတတ်၏။ တပ်တွင် ကျွန်တော် ရှိရှိ မရှိရှိ ကိုစိုးအောင်ကလည်း ကြုံတိုင်းပင် ဝင်လာ တတ်၏။ ထိုအချိန်က ပြည်တပ်မသည် ရှမ်းပြည်နယ်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကရင်ပြည်နယ်ကို အလှည့်ကျဝင်နေသည့်ကာလ။

အောင်လံတပ်တွင် သုံးနှစ်နေခဲ့ရသည်။ ကျွန်တော်တို့တပ်က မိုးမိတ်မဘိမ်းဘက်၌ တာဝန်ထမ်းဆောင်ရရာ ခြောက်လ ခုနစ်လလောက်ကြာမှ တပ်ကို လေးငါးဆယ်ရက် ပြန်နားရ၏။ ထို့ကြောင့် သုံးနှစ်တာကာလ၌ ကိုစိုးအောင်နှင့် တစ်ခါနှစ်ခါသာ တပ်မှာ ဆုံဖြစ်သည်။ မေနှင့်တွေ့ကြတာများ၏။ ထိုအကြောင်းများနှင့်ပတ်သက်ပြီး ဘားအံ အိပ်သည့်ညက မေနှဲ့ အောက်ပါအတိုင်းလည်း စကားစပ်ပြောမိသေး၏။

"ကိုစိုးအောင်နဲ့ကိုယ်က မင်းသားကြီး ဝင်းဦးလိုပဲကွ"

"ဘာဖြစ်လို့လဲ ကို"

"ဝင်းဦးကလည်း သိပ်စစ်သားလုပ်ချင်တာမဟုတ်ဘူး။ ငယ်ငယ်က ဖြူဖတ်ဖြူရော်နဲ့ ခယိုးခယိုင်လေးတဲ့။ ခပ်နွဲ့နွဲ့လေးရယ်တဲ့။ သူ့ **Girl Friend** က နင့်လို ခယိုးခယိုင် ပျော့တိပျော့ဖတ်လေး လင်မတော်ချင်ပါဘူးလို့ စိတ်နာအောင် ပြောလွှတ်လိုက်တာနဲ့ စစ်တပ်ထဲ စွတ်ရွတ်ဝင်လိုက်တာတဲ့။ အဲဒီလို ခယိုးခယိုင်လေးလို့ အပြောခံလိုက်





ကြီးသူရစိုးအောင် နည်းဗျူဟာမှူးဘဝက သူ၏တပ်မ(၆၆)တပ်မမှူး ဗိုလ်ချုပ်အေးကျော် (ယခုကွယ်လွန်)

www.burmeseclassic.com

www.burmeseclassic.com



ရုတာနဲ့ ရောက်တဲ့တစ်တိုင်းမှာ ဝင်းဦးက ဝိတ်ချည်းပဲ မတော့တာတဲ့"

"ကို့ အဲဒါ ဘယ်သူပြောလဲ"

"ကိုအုံးကြိုင်က ပြောသွားတာလေ"

"ကိုအုံးကြိုင်ဆိုတာ ဘယ်သူလဲဟင်"

"ဝင်းဦးရဲ့ညီ မင်းသားအောင်မိုးလေ။ သူ့နာမည်က အုံးကြိုင်တဲ့။ တက္ကသိုလ်မှာ ဒွိမြို့တော်ဝန်ကြီး ဦးကိုလေးနဲ့ ကျောင်းနေဖက်၊ ဝိတ်မဖက်၊ သူက စာလည်း ရေးတယ်။ မြင့်ဦးတဲ့။ ဘာသာပြန်တွေရေးတာ"

"ကိုနဲ့ ဘယ်လိုလုပ်ပြီး သိကြတာလဲဟင်"

"Y.C.D.C မှာတုန်းက ဦးကိုလေး မိတ်ဆက်ပေးတာလေ။ သူရော ကိုယ်ရော စာသမားတွေဆိုတော့ ခဏနဲ့ ရင်းနှီးသွားတာပေါ့။ အဲဒီအချိန်မှာ ကိုအုံးကြိုင့်က ကျန်းမာရေးသိပ်မကောင်းတော့ဘူး"

"ဘာဖြစ်လဲ"

"နှလုံးရောဂါဖြစ်နေတာ။ ကိုယ်က သူ့ကို ကြာခဏဖိတ်၊ ကျွေးမွေးပြုစု၊ ရေးဟောင်းနှောင်းဖြစ်တွေ ပြော၊ မေးချင်တာလေးတွေမေး။ ကိုယ်က တက္ကသိုလ်တုန်း



www.burmeseclassic.com

www.burmeseclassic.com



က သူ့အဖေ ဦးဘညွန့်ကြီးရဲ့တပည့်လည်း ဖြစ်ခဲ့ဖူးတယ်။ သူက သူသိတာတွေ ပြောပြဆိုတော့ ကိုယ်လည်း ဗဟုသုတရ၊ သူလည်း စိတ်ထွက်ပေါက်ရတာပေါ့။ Y.C.D.C မှာတုန်းက ကိုအုံးကြိုင် ကိုယ့်ဆီ မကြာမကြာ လာလည်တယ်။ နောက်တော့ ဒီ Heart နဲ့ပဲ ဆုံးသွားရှာတယ်''

''ဩော်''

''ဝင်းဦးကတော့ ရည်းစားကြောင့် Heart ထိပြီး တစ်ထဲဝင်သွားတာလေ။ ပြန်ထွက်တော့ နိုင်ငံကျော် မင်းသားကြီးဖြစ်ရော။ ကိုစိုးအောင်ကလည်း Heart ထိပြီး တစ်ထဲဝင်သွားတာ ငယ်ငယ်ရွယ်ရွယ်နဲ့ Full Colonel ကြီးဖြစ်သွားတယ်လေကွာ''

''နို့ … ကိုကရော''

''မေသိရဲ့သားနဲ့။ ဘာပြောစရာရှိသေးလဲ။ တစ်ထဲဝင်တုန်းက ကိုယ်အလေးချိန် ပေါင် ၉၀ ငပိန်ချိ လေးကအခု ပေါင် ၁၆၀ တောင်ရှိနေပြီ။ ကျန်တာတွေ မပြောကောင်းဘူး။ ကိုယ်ပြောရမယ့်ဟာ မဟုတ်ဘူး။ သေးသေးပြောရမယ့်ဟာ။ တစ်ခုပဲရှိတယ်။ ဒီတစ်တွေကို တစ်မတော်က Totally Change လုံးဝပြောင်းလဲပေးလိုက်တာတော့





အမှန်ပဲ။ လူသာမကဘူး Heart နှလုံးသားကိုပါ ပြောင်းလဲပေးလိုက်တာ''

''ဘာနှလုံးသားလဲ''

''ဟိုဟာမတွေ ပစ်ပြီး မေ့ကိုပြောင်းချစ်တဲ့ နှလုံးသားလေ''

''ကဲ … မဟုတ်ဘူးလား''

ကျွန်တော့်အပြောကို မေက သဘောကျပြီး …

''ဟုတ်ပါ့ရှင် … ဟုတ်ပါ့ … ဟုတ်ပါ့''

''ဟား … ဟား … ဟား … ဟား … ဟား''

ကျွန်တော်ကလည်း သဘောကျစွာ ရယ်မောလိုက်မိပါ၏။

အပြန်ခရီးမှ အမှတ်တရ

ဘားအံမှ အပြန်တွင်တော့ ၃၅ မိုင်ဝေးသည့် မော်လမြိုင်ဘက်က လှည့်ခဲ့သည်။ မော်လမြိုင် ကျောက်တစ်လုံးတွင် လေးနှစ်နေခဲ့ရသည်လေ။

ဘားအံ မော်လမြိုင် ကတ္တရာလမ်းက ကောင်းသည်။ ကားကြီးတွေ သိပ်မသွားရှာတင့်။ ပထမ ဂျိုင်းမြစ်



www.burmeseclassic.com

www.burmeseclassic.com



ကူးတံတား ဖြတ်ရသည်။ မော်လမြိုင်ရောက်ခါနီးတော့ အတ္တရံမြစ်ကူးတံတားဖြတ်ရပြန်၏။ ဒီနေရာတွေကား ကျွန်တော်တို့ ကိုစိုးအောင်တို့ ငယ်စဉ်က **KNU** များ၊ **NMSP** များ၊ **P.D.P** များနှင့် အလွန်သတ်လို့ ပုတ်လို့ကောင်းသည့်နေရာများဖြစ်ခဲ့ပါ၏။ ယခုတော့ အေးချမ်းသာယာပြီ။ ကားတွေ ဥဒဟိုသွားနေကြသည်။ ရှေးယခင်က ကားလမ်းကောင်းကောင်း မရှိ၊ မော်လမြိုင်သွားမည်ဆိုက **I.W.T** က နှစ်ထပ်သင်္ဘောများနှင့်သာ သံလွင်မြစ်ကြောင်းအတိုင်း သွားခဲ့ရ၏။ မကြာခဏ သောင်းကျန်းသူများ ကမ်းပေါ်က ပစ်တာခံခဲ့ရ၏။

မော်လမြိုင်ရောက်တော့ မေ့ဆွေမျိုး မိတ်သင်္ဂဟများကို နှုတ်ဆက်ပြီး ပြန်ခဲ့ကြ၏။ မော်လမြိုင် လေဆိပ်အနီးတပ်က ကျွန်တော့်ဆရာသမား ဗိုလ်ချုပ်အေးကျော် တပ်ရင်းမှူးလုပ်ခဲ့သည့်တပ်။ ဗိုလ်ချုပ်အေးကျော် ပြောင်းသွားတော့ တပ်ရင်းမှူး ဘယ်သူထင်ပါသလဲ။ တခြားသူ ဟုတ်ပါရဲ့လား။ ကျွန်တော့်သူငယ်ချင်း ဗိုလ်မှူးကြီး သူရစိုးအောင်ပါခင်ဗျား။

မုတ္တမ မြစ်ကူးတံတားသစ်ကြီးကို ဖြတ်ကြတော့





မေက ...

"မေတို့ ဒီတစ်ဝိုက်မှာ ဆယ်နှစ်နေခဲ့ ကို"

"ကိုယ်က ဆယ်နှစ်မကဘူးကွ။ ဗျူဟာမှူး လေးငါးနှစ်ပါပေါင်းလိုက်တော့ ဆယ့်ငါးနှစ်လောက်ရှိမယ်"

"ဪ ... ဟုတ်တယ် ... ဟုတ်တယ်"

"လူ့ဘဝကြီးက ကျဉ်းကျဉ်းလေး မေရဲ့။ တက္ကသိုလ်တက်တုန်းက ကျောင်းအတူတက်ခဲ့တဲ့သူအတော်များများ တပ်ထဲမှာ ပြန်တွေ့ကြရတယ်။ ကိုစိုးအောင်တို့၊ ကိုတိုကြည်တို့၊ သူရ ဖုန်းစိန်တို့၊ ကိုထွန်းမြင့်တို့ ဆိုတာ တက္ကသိုလ်မှာ ဘာသာတွဲတစ်ခုတည်း ယူခဲ့ကြသူတွေ။ တပ်ထဲမှာ ပြန်တွေ့ကြရော။ တက္ကသိုလ်မှာ ဆရာဖြစ်ခဲ့တဲ့ ဆရာမြင့်နောင်တို့၊ ဆရာထင်ကျော်တို့၊ ဆရာခင်အောင်တို့လည်း တပ်ထဲမှာ ပြန်တွေ့ကြရတယ်လေ။ ဆရာခင်အောင်က ရေတပ်မှာ ဗိုလ်မှူးချုပ်တောင် ဖြစ်သွားပါရောလား။ ကိုယ်နဲ့ ဗီယက်နမ်မှာ ပြန်တွေ့ကြသေးတယ်"

"နောက် နယ်ဘက်ရောက်ပြန်တော့လည်း ဒီလူတွေနဲ့ မကြာမကြာ ပြန်ဆုံတယ်ဗျာ။ အခုလည်း စာရေးဖို့ ခရီးထွက်တာတောင် လမ်းမှာလာဆုံသေးတယ်။ မနက်က



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝါကဖီးမှာ တွေ့ခဲ့တဲ့ ပိုလ်မှူးကြီးမြေအောင် နဲ့က ၁၉၉၁ က မိုင်းယန်းမှာ ကိုယ်နဲ့အတူ နေခဲ့ဖူးတယ်။ သူက ကိုယ့်ထက် ငါးနှစ်ငယ်တယ်။ ရှေ့နှစ် ပင်စင်သွားရတော့မယ်တဲ့''

''ဪ''

''အဲဒါပါပဲ မေရယ်။ ကိုယ်တို့တစ်တွေလည်း ချစ်သူခင်သူမြတ်နိုးသူတွေနဲ့ ဘဝသံသရာ ရထားကြီး အတူစီးနေကြရတာ။ ကိုယ့်နေရာ ကိုယ်ရောက်တော့ ဆင်းကြစတမ်းပေါ့။ သူ့အလှည့် ကိုယ့်အလှည့်ပေါ့''

''ကို့စကားက တရားသံတွေ ပါနေပြီ''

''ဟဲ့ ... အသက် ၆၀ ကျော်ပြီလေ မိန်းမရဲ့''

''ဒါပေမဲ့ ဘားအံရောက်ခဲ့တော့ ကိုစိုးအောင်နဲ့ အစ်ကိုကြီးကိုဖေငြိမ်းကို သိပ်သတိရတယ်။ မော်လမြိုင်ရောက်တော့ ဆုံးသွားတဲ့ ကိုကြီးအေးကျော်ကို သိပ်သတိရတယ်''

''ကိုယ်လည်း သတိရပါတယ်''

မုတ္တမမြစ်ကူးတံတားကြီးကို ကျော်သည်နှင့် အနောက်ဘက်ကမ်း သီတင်းကျွတ် အလှူပွဲတစ်ခုမှ ဆရာကြီးဦးသုခ၏ ဘဝသံသရာသီချင်းကို ဖွင့်နေသည်။

(ဘဝသံသရာ ××× ရှည်လျား × ထွေပြား × မနေမနား × တသွားတည်း သွားကြတာ ××× )၂

(ခရီးပန်းတိုင် ××× မရောက်မချင်း ××× တစ်ယောက်ဆင်း ××× တစ်ယောက်တက် ဆက်လက်ထွက်ခွာလာ ××× )၂

(လောဘရယ် ××× ဒေါသရယ် ××× မောဟရယ် ××× အဝိဇ္ဇာ ပစ္စယာ ××× သင်္ခါရာ ××× ချော်လိုက် ချွင်လိုက် ဒိုကာရယ်ကာ ××× ဘယ်ဟာမတည်မြဲ ××× ဖောက်လဲ့ဖောက်ပြန် ××× အကြောင်းကံ ကမ္မသကာ ××× )၂

တွေ့ကြု ××× ဆုံကွဲ ××× တစ်ခရီးတည်း ××× ထမ်းနည်းဝမ်းသာ ××× ဝိပ္ပလ္လာ ××× ဖြစ်ချင်တာလည်း မဖြစ်ရပါ ××× မဖြစ်ချင်တာလည်း ××× ဖြစ်ရမှာ ဟင်သုံးဆယ့်တစ်ဘုံဝဋ်အတွင်းရောက်တော့ ××× ကရွတ်ကင်းလျှောက်တဲ့ ××× တေဘုမ္မာ ××× အဲဒါ ××× အဲဒါ ××× အဲဒါ ××× ဘဝသံသရာ ××××××

ဪ ... ကျွန်တော်တို့၊ ကိုစိုးအောင်တို့၊




မြရတနာစာပေ

www.burmeseclassic.com



ကိုဘိုကြည်တို့ သူငယ်ချင်းများ ဘဝသံသရာ ရထားကြီးကို စီးနေကြရဆဲပါလား။ ကိုယ့်ဘူတာ ကိုယ် မရောက်မချင်း တော့ စီးကြရဦးမှာပါလော။

၂၆. ၁၀. ၂၀၀၈

■

ဖြည့်စွက်ဖော်ပြချက်

ဤဝတ္ထုလေးအား ၂၀၀၈ ခုနှစ်က ရေးခဲ့ခြင်း ဖြစ်ပါသည်။ ၂၀၁၀ ခုနှစ်၊ ဧပြီတွင် ဗိုလ်မှူးကြီး ဘိုကြည် ကွယ်လွန်၍ ၂၀၁၂ ခုနှစ် ဒီဇင်ဘာတွင် ဗိုလ်မှူးကြီး သူရစိုးအောင် ကွယ်လွန်သွားခဲ့ပါပြီ။ ဘဝသံသရာ ရထားကြီးပေါ်မှာ ကျွန်တော်တစ်ယောက်တည်းသာ ကျန်ပါတော့သည်ခင်ဗျား။

စာရေးသူ



## အခန်း ( ၃ )

## သူရစိုးအောင်နှင့် သူတိုက်ခဲ့သည့် နားလုံတိုက်ပွဲ

လွန်ခဲ့သည့် ၂ နှစ်ခန့်ကဖြစ်သည်။ ကိုစိုးအောင် ကျွန်တော့်အိမ်ကို တစ်ရက် ရောက်လာပြီး သူတိုက်ခဲ့သည့် နားလုံတိုက်ပွဲစာမူလေးအား ပေးသည်။

“ဒီစာမူက ငါ သူရ ရတဲ့တိုက်ပွဲကလေးကွာ။ ဖြစ်ရပ်မှန်ပေါ့။ မင်း ဖတ်ကြည့်ပါဦး။ နည်းနည်းပါးပါး ပြင်စရာရှိတာလေး ပြင်ပြီး သင့်လျော်တဲ့ မဂ္ဂဇင်းမှာထည့်

www.burmeseclassic.com



ပေးလို့ရရင် ထည့်ပေးကွာ''

"ရပါတယ်''

သူ့စာမူကို ကျွန်တော် ဖတ်ကြည့်သည်။ ကိုစိုးအောင် စာရေး မဆိုးပါ။ သူ့စာမူကို ကျွန်တော် ဘာမှ ထူးထူးခြားခြား မပြင်လိုက်ရပါ။ သူ ရေးထားသည့်အတိုင်း ကွန်ပျူတာ စာစီပြီး မဂ္ဂဇင်းတိုက် ၂ ခုကို ပို့ပေးလိုက်သည်။

မဂ္ဂဇင်းတိုက်တွေက တိုက်ပွဲစာမူမို့ ကာကွယ်ရေးကို **Through proper Channel** တင်ရသည်။ ထိုကိစ္စကို မဆောင်ရွက်နိုင်ကြသဖြင့် သူ့ဝတ္ထုလေးမထွက်လာပါ ခင်ဗျာ။ လပေါင်းအတော်ကြာမှ ကျွန်တော့်ဆီ ပြန်လာပို့ကြသည်။ လူချင်းတွေ့တော့ ကိုစိုးအောင်က သူ့ဝတ္ထုလေး အကြောင်း မေးသည်။ စစ်ရုံးတင်ထားတယ်၊ ပြန်မကျသေးဘူးဟုသာ ဖြေလိုက်ရတော့၏။ နောက်တော့လည်း သူ ဘာမှမမေးတော့ပါ။ ကိုစိုးအောင် ကျေးဇူး ကျွန်တော့်အပေါ်မှာ ရှိခဲ့ဖူးသည်။ ကျွန်တော် မိန်းမယူတော့ ဘုမသိ ဘမသိ သက်သေအဖြစ် လက်မှတ်ထိုး၍ တပ်မဟာမှူး၏ ခေါ်ယူသတိပေးဆုံးမ သူခံခဲ့ရသည်။ ထို့ကြောင့် သူ့ဝတ္ထုကလေးကို





တစ်နေ့နေ့ တစ်ချိန်ချိန်တွင်တော့ ကျွန်တော် ထုတ်မည်ဟု ဆုံးဖြတ်ထားသည်။ သူ့လိုပင် ခင်မင်ရင်းနှီးသော တပ်ထဲက အရာရှိတစ်ဦး နှစ်ဦးကလည်း အလားတူဝတ္ထုကလေးတွေ လာပို့ထားကြသည်။ စစ်ဝတ္ထုတွေဆိုတော့ စစ်ရုံးတင်မှရမည်။ သူတို့နှင့်အတူ ကျွန်တော်လည်း တစ်ပုဒ်တလေပါဝင်ရေးမည်ဟု စိတ်ကူးထားသည်။ သို့ရာတွင် စိတ်ကူးက အကောင်အထည် မပေါ်ခဲ့ပါ။ ကျွန်တော်က ၂၀၁၂ ခုနှစ် တစ်နှစ်လုံး အဘိဓမ္မာသွားတက်နေသည်။ အဘိဓမ္မာကလည်း အတော်ခက်၏။ ဘုရားရှိခိုးတောင် ကောင်းကောင်း အလွတ်မရသည့် ကျွန်တော့်မှာ ပါဠိပါဒ်သား ဘုန်းကြီးစာများကို အသည်းအသန် ကျက်မှတ်ရင်း ဒုက္ခနှင့်လှလှ တွေ့တော့၏။ စာမေးပွဲဖြေဖို့လည်း လက်မှတ်ထိုးပြီး လျှောက်လွှာတင်ထားသည်။ စာမေးပွဲက သုံးဘာသာ သုံးကျမ်း တစ်ရက်ဖြေရသည်။ ပထမဆင့် ဖြစ်၏။ ဒုတိယဆင့်၊ တတိယဆင့်များလည်း ထိုနည်းအတူ သုံးဘာသာ သုံးကျမ်းစီ ဖြစ်၏။ ကျွန်တော်က အချိန်ပေးနိုင်သူမို့ စာမေးပွဲအဆင့်သုံးခုစလုံး တစ်ကြိမ်တည်းနဲ့ ဖြေမည်ဟု စာရင်းသွင်းလိုက်သည်။ တကယ်တော့ သုံး



www.burmeseclassic.com

www.burmeseclassic.com



တာသာ သုံးကျမ်းကို တစ်နှစ်တစ်ကြိမ်ဖြေရင် အေးအေး ဆေးဆေးနှင့် သုံးနှစ်အကြာတွင် အဘိဓမ္မာ အောင်နိုင် ပါသည်။ ကျွန်တော်က သုံးဆင့်စလုံး တစ်နှစ်တည်း တစ်ကြိမ်တည်းဖြေမည်ဟု လျှောက်လွှာတင်လိုက်ရာ အသက်ကြီးကာမှ စာတွေ အသည်းအသန်ကျက်ရ၏။ မနိုင်ဝန်ကို ဒယီးဒယိုင်နှင့် ထမ်းရတော့သည်။ ကိုယ်က လျှောက်လွှာတင်မိထားပြီဖြစ်၍ ဆိုခဲစေ မြဲစေ ဖြစ်အောင် အသည်းအသန် ကြိုးစားရပါတော့သည်။ ကျွန်တော် အဘိဓမ္မာတက်နေစဉ် ကိုစိုးအောင်ကလည်း အသည်း အသန် နေမကောင်းဖြစ်နေသည်။ သုံးလေး ငါးလ ရောဂါ အပြင်းအထန် ခံစား၍ သူ ဆုံးသွားခဲ့သည်။ အဘိဓမ္မာနှင့် နပန်းလုံးနေရသဖြင့် သူ့အသုဘကိုပင် လိုက်မပို့နိုင်ခဲ့ပါ။ အိမ်က အမျိုးသမီးကိုသာ လွှတ်လိုက်ရပါတော့သည်။

ယခုတော့ အဘိဓမ္မာလည်း ပြီးပြီ၊ ကျွန်တော်လည်း နည်းနည်းအချိန်ရလာသည်။ ထို့ကြောင့် ကိုစိုးအောင် စာမူလေးကို သူ့အကြောင်း စာစ်စိတ်တစ်ပိုင်းနှင့်အတူ စာရှုသူများသို့ တင်ပြသွားပါမည်။

ကွယ်လွန်သူ ဗိုလ်မှူးကြီးသူရစိုးအောင် ရေးသွား





သည့် နားလုံတိုက်ပွဲ (ခေါ်) အသက် သွေးချွေး စဉ်မနေး ပေးဆပ်ခဲ့ပါသည် ဝတ္ထုကလေးမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်ခင်ဗျား။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

## အသက်သွေးချွေးစဉ်မနေး ပေးဆပ်ခဲ့ပါသည်

ရေးသူ(သူရစိုးအောင်)

**မိုးလဲချောင်း၏ရေစီးသံ**

ယခုလို မိုးလယ်ကာလရောက်ပြီဆိုလျှင် ကချင်ပြည်နယ်ဒေသ မိုးမောက်မြို့နယ် မြောက်ဖျားရှိ မိုးလဲချောင်းရေသည် မြောက်အရပ်မှ တောင်အရပ်ဘက်ဆီသို့ ကွေ့ဝိုက်ကာ အရှိန်အဟုန်ဖြင့် စီးဆင်းနေပေရော့မည်။

ကျွန်တော်သည် ရန်ကုန်မြို့ရှိ ကျွန်တော်နေထိုင်ရာ ရန်ကင်းအိမ်ရာဝရံတာမှ ဩဂုတ်လ မိုးတဖြိုင်ဖြိုင် ရွာသွန်း





နေသည်ကို ငေးကြည့်ရင်း မိုင်ပေါင်းများစွာဝေးသော ဟိုးအဝေးတစ်နေရာရှိ ထိုချောင်းလေးကို သတိရနေမိခြင်းဖြစ်ပါသည်။

အဘယ်ကြောင့်ဟူမူ ထိုမိုးလဲချောင်းကလေးသည် ကျွန်တော့်ဘဝ တစ်စိတ်တစ်ပိုင်းတွင် သူက ကျေးဇူးပြုခဲ့၍ဖြစ်သည်။ မိုးလဲချောင်းသည် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံနယ်စပ်ရှိ လိုင်ဇာ၊ ဂျာထုကောင်းရွာများဘက်မှ စီးဆင်းလာပြီး နားလုံ၊ တုံဟုံ၊ မံမော် စသည့်ကျေးရွာများကို ဖြတ်သန်း၍ ဧရာဝတီမြစ်အတွင်းသို့ စီးဝင်သွားသော ချောင်းကလေးဖြစ်ပေသည်။

ထိုချောင်းကလေးသည် သူဖြတ်သန်းစီးဆင်းခဲ့သော ကျေးရွာများ၏ သွားလာကူးသန်းဆက်သွယ်မှုကို အထောက်အကူပြုခဲ့သည်။ နောင်တွင်လည်း သူ့တာဝန်ကို ဆက်လက်ထမ်းဆောင်နေဦးမည်ဟု ကျွန်တော် ယုံကြည်သည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပါပြီ။ အတိအကျပြောရလျှင် ၁၉၈၂ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ မိုးလယ်ရက်တစ်ရက် ကျွန်တော်နှင့်ရဲဘော်များ တပ်စခန်းချသည့် နားလုံစခန်းကို ရန်သူအလုံးအရင်းဖြင့် တိုက်ခိုက်လာသောအခါ သူ၏



www.burmeseclassic.com

www.burmeseclassic.com




ရေစီးအားမာန်ဖြင့် ခံစစ်၏အနောက်ဘက်စစ်မျက်နှာကို တားဆီးကာကွယ်ပေးခဲ့သည်။

"ကျွန်ုပ် ယနေ့တိုင် မမေ့နိုင်သော မိုးလဲချောင်း သင်၏ရေစီးသံကို ကျွန်ုပ်ကြားယောင်နေဆဲ"

အချိန်နာရီ၊ ရက်၊ လ တို့ကား စဉ်ဆက်မပြတ် ရပ်နားခြင်းအလျဉ်းမရှိ၊ စဉ်ဆက်မပြတ် ရွေ့လျားကုန်ဆုံးနေသည်။ လူ့ဘဝဆိုသည်မှာလည်း မွေးသည်မှသေသည်အထိ အခက်အခဲများကို ရုန်းကန်ကျော်လွှား တိုက်ပွဲဝင်နေရခြင်းပင်။ ဘဝဆိုတာ တိုက်ပွဲမဟုတ်ပါလား ခင်ဗျာ။

ကျွန်တော် ဖြစ်သန်းခဲ့ရသော စစ်သားဘဝ စစ်မြေပြင်တိုက်ပွဲများနှင့် နယ်ဘက်ဝန်ထမ်းအတွေ့အကြုံများသည် ဘဝတစ်ခုအတွက် သင်ခန်းစာများဟုပင် မှတ်ယူရပေမည်။ ထို့အပြင် မပြီးဆုံးသေးသော တိုက်ပွဲများကလည်း အသင့်စောင့်နေချေဦးမည်။ မပြီးဆုံးသေးသော ဘဝတိုက်ပွဲကို ကျွန်တော့်အမြင်အရ အဓိပ္ပာယ်ဖွင့်ဆိုရလျှင် ယနေ့တိုင် မနှိမ်နင်းနိုင်သော ကိုယ်တွင်းရန်သူများဖြစ်သည့် လောဘ၊ ဒေါသ၊ မောဟ ဟူသော ရန်သူများတည်း။ ထိုရန်သူများကိုလည်း ရင်ဆိုင်ချေမှုန်းရပေဦးမည်။






နားလုံတိုက်ပွဲမြေပုံကြမ်း

www.burmeseclassic.com

www.burmeseclassic.com



နားလှံ့တညိနေရာပြမြေပုံ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လူ့စတင်ဖြစ်သည့်ကာလကား ၁၉၄၅ ခုနှစ်၊ မတ်လ မြန်မာ့တပ်မတော်နှင့် ပြည်သူများပူးပေါင်း၍ ဖက်ဆစ်တို့ကို တွန်းလှန်တိုက်ခိုက်ခဲ့သည့် တော်လှန်ရေးကာလ။ ထိုတိုက်ပွဲအတွင်း မွေးဖွားလာသော ကျွန်တော်သည် တိုက်ပွဲများနှင့်ကြုံဆုံရသည်မှာ မထူးဆန်းတော့ပေ။

၂၅ နှစ်ကျော်ကာလ တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့ရာ တိုက်ပွဲငယ်၊ တိုက်ပွဲကြီးများစွာ ကြုံတွေ့ခဲ့ရဖူးသည်။ ယခုတင်ပြလိုသောတိုက်ပွဲက ကျွန်တော်နှင့် ကျွန်တော့်ရဲဘော်ရဲဘက်များ၏ အနိုင်မခံ အရှုံးမပေး အလံမလှဲ မဆုတ်စတမ်းစိတ်ဓာတ်ဖြင့် အသက်သွေးချွေးများဖြင့် ရင်းနှီး၍ ရယူခဲ့သော အောင်ပွဲ။ "မိုးလဲချောင်းနံ့ဘေးတိုက်ပွဲ၊ ၂၆ နာရီကျော်ကြာ တိုက်ခိုက်ခဲ့သောတိုက်ပွဲ"၊ "ရဲဘော်မသေ သေသော်ငြားရဲမလား" ဖြစ်ရပ်မှန်ဓာတ်လမ်းတစ်ပုဒ် ပါပင်တည်း။

## ၂၆ နာရီကြာခဲ့ပါသည်

အချိန်က ၁၉၈၂ ခုနှစ်၊ ဩဂုတ်လ မိုးလယ်ကာလ၊ နေရာက ကချင်ပြည်နယ်၊ မိုးမောက်မြို့နယ်၊ မိုးလဲချောင်း



www.burmeseclassic.com

www.burmeseclassic.com



နံ့သာရှိ နားလုံစခန်းတွင် ကျွန်တော် ဗိုလ်မှူးစိုးအောင်သည် လူအင်အား ၇၄ ယောက်ရှိ ရှေ့တန်း အမှတ် (၄၇) ခြေလျင်တပ်ရင်းစစ်ကြောင်း (၂) နှင့် တပ်ခွဲတစ်ခွဲ စခန်းချထားပါသည်။ မဆုတ်တမ်းခံစစ် စခန်းတစ်ခုဖြစ်သည်။ ရှေ့တန်းအကျဆုံး၊ ရန်သူနှင့်အနီးဆုံး။ ထိုစဉ်က ကချင်သောင်းကျန်းသူ (ယခုအခါ တပ်မတော် နှင့် ငြိမ်းချမ်းရေးရယူထားသည့် အဖွဲ့)၊ တပ်မဟာ (၃) ဌာနချုပ် တည်ရှိရာ ဂျာထုကောင်း လိုင်ဇာသည် နားလုံစခန်းနှင့် ၆ မိုင်ခန့်သာ ကွာဝေးပြီး GHQ ပါဂျိုနားဖော့သည် ကျွန်တော့် စခန်းနှင့် ၁၀ မိုင်ခန့်တွင် ရှိသည်။ စစ်သားခြေထောက်ဖြင့် တိုင်းလျှင် တပ်မဟာတည်ရှိရာ ဂျာထုကောင်းနှင့် ကျွန်တော့်စခန်းသို့ ၂ နာရီ ခရီး၊ ဗဟိုဌာနချုပ် ပါဂျိုနားဖော့မှဆိုလျှင် ၃ နာရီခရီးသာသာခန့်သာ ရှိပါသည်။ ရှေ့တန်းအကျဆုံး တပ်စခန်း ဖြစ်၍လည်းကောင်း၊ ရန်သူနှင့်နီးကပ်စွာ တည်ရှိနေ၍ လည်းကောင်း အချိန်မရွေး လာရောက်တိုက်ခိုက်နိုင်သည် ဖြစ်ရာ စခန်းခံစစ်ကို ကောင်းစွာပြင်ဆင်ထားခဲ့သည်။

ခံစစ်လုပ်ငန်းစဉ်နှင့်အညီ ကြည့်ကင်း၊ ထောင်ကင်း၊ လှည့်ကင်း၊ ကင်းပုန်း စသည်များကို နေ့စဉ်မပြတ်

မြရတနာစာပေ



ဆောင်ရွက်ခဲ့စေသည်။ ထို့အပြင် အရာရှိ၊ အရာခံ၊ အကြပ်တပ်သားများအား စခန်းအနီး စာသင်ကျောင်းတွင် စုရုံးစေပြီး ကျွန်တော်၏တိုက်ပွဲအတွေ့အကြုံများ၊ ကျွန်တော်တပ်စုမှူး၊ တပ်ခွဲမှူးသင်တန်းများတွင် သင်ကြား ခဲ့ရသော ခံစစ်သဘောတားများ၊ လေ့လာဖတ်ရှုခဲ့သော ခံစစ်အောင်ပွဲများအကြောင်းကို ဟောပြောခဲ့သည်။ သစ်သားကျောက်သင်ပုန်းတွင် မြေပြုဖြင့်ရေးခြစ်၍ တိုက်ပွဲပုံသဏ္ဌာန်ကို ရှင်းလင်းခဲ့သည်။ စစ်ဥပဒေသများကိုလည်း ရဲဘော်အဆင့်အထိ နားလည်အောင် ဆွေးနွေးခဲ့သည်။

ရှေးမြန်မာ့တပ်မတော်မှ သူရဲကောင်းများအကြောင်းလည်းပါသည်။ အင်းဝဘုရင်ဆင်ဖြူရှင်ယက်ထက် ကောင်းတုံခံစစ်ကို တရုတ်တို့က အင်အားကြီးမားစွာဖြင့် တိုက်ခိုက်လာသည်ကို ဗလမင်းထင်ဦးဆောင်သည့် မြန်မာသူရဲကောင်းများက ခုခံတွန်းလှန်ခဲ့ပုံ၊ လူအင်အား အနည်းငယ်မျှဖြင့် မိမိတို့ထက် အင်အားအဆမတန်များသော ရန်သူကို အောင်မြင်ခဲ့ပုံများ၊ ရှေးမြန်မာစစ်သည်များ၏ အနိုင်မခံအရှုံးမပေး စိတ်ဓာတ်ကောင်းစွာဖြင့် ခုခံအောင်မြင်ခဲ့ပုံများကို ပြောပြသည်။

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ငယ်စဉ်က သမ္မတရုပ်ရှင်ရုံတွင် ကြည့်ခဲ့ဖူးသော ရုပ်ရှင်ကား ZULU ဇာတ်ကားရဲ့ဇစ်မြစ်နေရာက ဇင်ဘာဘွေဟု ထင်ပါသည်။ အသေအချာတော့ မပြောနိုင်ပါ။ အင်္ဂလိပ်စစ်တပ်က တပ်ခွဲတစ်ခွဲ တပ်စွဲထားသည်။ တပ်ခွဲမှူးက မင်းသား Stanley Baker ၊ ဇူးလူးများက ရာနဲ့ချီပြီး အဲဒီစခန်းကို ဝင်ရောက်တိုက်ခိုက်ရာမှာ လုံးထွေးသတ်ပုတ်ရတဲ့ အခြေအနေထိ ရောက်သွားသည်။ သို့ရာတွင် နောက်ဆုံးတော့ အင်အားများတဲ့ ဇူးလူးတွေ အကျအဆုံးများစွာနဲ့ ဆုတ်ခွာသွားခဲ့ပြီး သူတို့မနိုင်ခဲ့တဲ့ ရန်သူကို ဂုဏ်ပြုတဲ့အနေနဲ့ ရိုးရာဗုံများတီးခတ်၍ ကောင်းချီးသြဘာပေးခဲ့သည်။ ထိုတိုက်ပွဲတွင် ရှပ်ရှပ်ချွံချွံ ခုခံခဲ့သူများကို အင်္ဂလိပ်အစိုးရက (Victoria Cross) ဘွဲ့ ချီးမြှင့်ခဲ့သည်။ ဒီအကြောင်းဖြစ်ရပ်မှန်တွေကို လက်အောက် ငယ်သား၊ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက်များအားလုံး သိစေသည်။ ကျွန်တော်က စစ်ကြောင်း (၂) မှူး၊ ကျွန်တော့် စစ်ကြောင်းတွင် တပ်ခွဲမှူးက ဗိုလ်ကျော်မောင်၊ တပ်စုမှူးက ဗိုလ်ခင်မောင်ကြီး၊ တပ်ခွဲ အရာခံဗိုလ်က ဒုအရာခံဗိုလ် ညွန့်ဝေ၊ တပ်ခွဲတပ်ကြပ်ကြီး မောင်ဝင်း၊ ပြီးတော့





အကြပ်ကြီး၊ အကြပ်ငယ်နှင့် တပ်သားများ အားလုံးပေါင်းတော့ လောင်းကျော်ပြီပေါ့။

စခန်းရှိ အရာရှိ၊ အရာခံ အကြပ်ကြီးများနှင့် တပ်သားများကို ကျွန်တော် နောက်ဆုံးပြောလိုက်တာကတော့ ...

"ငါ တိုက်ပွဲမှာကျရင် ဗိုလ်ကျော်မောင် ဦးစီးတွပ်ကဲ။ ဗိုလ်ကျော်မောင်ကျရင် ဗိုလ်ခင်မောင်ကြီးက ဆက်တိုက်ပွဲဝင်။ ဗိုလ်ခင်မောင်ကြီးကျရင် ဒုအရာခံဗိုလ် ညွန့်ဝေက ဆက်လုပ်။ တစ်ယောက်ကျရင် နောက်တစ်ယောက်တက် ဒါပဲ။ လေ့ခွက်ချည်းကျန် အလံမလှဲ စတမ်းဟေ့။ အားလုံးကြားလား"

"ကြားပါတယ်"

"အေး ... ကောင်းပြီ။ ဆက်လုပ်"

ထို့နောက် တပ်ခွဲဆက်သားတပ်သား တင်အောင်အား သစ္စာလေးချက်ရဲ့ နောက်ဆုံးအချက်က ဘာလဲလို့ မေးလိုက်တဲ့အခါ ရဲဘော်တင်အောင်က သတိအနေအထားဖြင့် မတ်တတ်ရပ်လျက် . . .

"ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ့တပ်မတော်အတွက်



www.burmeseclassic.com

www.burmeseclassic.com



ငါ၏အသက်ကို စွန့်လွှတ်ရန် အဓိဋ္ဌာန်ပြုပါ၏” ဟုဆို၏။ မှန်၏။

“မင်းကတိသစ္စာပြု ထားတဲ့အတိုင်း ဆက်လုပ်ကွာ။ ကျုပ်တို့ရဲဘော်များကတော့ ဘယ်လို ကတိသစ္စာပြုကြမလဲ” ဟုမေးရာ အားလုံးသောရဲဘော်များက သစ္စာလေးချက်ကို ဦးထိပ်ရွက်မည်ဟု တညီတညွတ်တည်း ပြောကြရာ ကျွန်တော် အလွန်ကျေနပ်သွားပြီး “တန်းဖြုတ်” ဆိုသည့်အသံသည် ကျွန်တော့်ပါးစပ်မှ ကြည်နူးစွာ ထွက်ပေါ်လာခဲ့ပါသည်။

မဆုတ်တမ်း ခံစစ်နှင့်စပ်လျဉ်း၍ ကျွန်တော်၏ အတွေ့အကြုံအရ အယူအဆတစ်ရပ်ကို ပြောလျှင် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာတို့ အညမညဖြစ်နေတာ တွေ့ရသည်။ ရုပ်ပိုင်းဆိုင်ရာ ခံစစ်တည်ဆောက်မှု ဘယ်လောက်ကောင်းကောင်း ထွက်ပြေးချင်တဲ့စိတ်ဓာတ်က ရှိနေရင် ခံစစ်စခန်း ကျဆုံးမှာပဲ။ စိတ်ဓာတ်ကောင်းပြီး အသေခံဝံ့ပေမယ့် ခိုင်မာစွာ တည်ဆောက်မထားတဲ့ စခန်းကို အင်အားကြီးမားတဲ့ ရန်သူက လွယ်ကူစွာ ထိုးဖောက်ချေမှုန်းသိမ်းပိုက်မှာပဲ။ စစ်သည်အားလုံး ကျဆုံးကြမှာပဲ။





အဲဒီတော့ ခံစစ်တည်ဆောက်မှု ကောင်းမွန်ဖို့နဲ့ ခံစစ်စခန်းရှိ စစ်သည်အားလုံး စိတ်ဓာတ်မြင့်မားနေဖို့ လိုသည်ဟု ကျွန်တော် ရဲရင့်စွာ ပြောချင်ပါသည်။

တိုက်ပွဲမဖြစ်မီတစ်နေ့ ၁၉၅၂ ခုနှစ်၊ ဩဂုတ်လ ထယ် နေ့လယ်ခင်း၊ နားလုံ တပ်စခန်းတွင် ဖြစ်၏။

“မင်းအောင် ... ဒီနေ့ မိုးအုံ့နေပြီး မိုးလည်း မရွာပါလားကွ”

တပ်သားမင်းအောင်ကား ကျွန်တော့်အကူရဲဘော်၊ Batman။ ရဲဘော်မင်းအောင်က သူ၏ကာဝတိုင် သေနတ်ကို တိုက်ချွတ်နေရင်း ...

“မိုးဖြူမစဲ မိုးမည်းမရွာဆိုတာ ဒါမျိုးပေါ့ ဗိုလ်မှူး”

“အောင်မယ် ... မင်းက ငါ့ထက်ပိုတတ်နေပါလား”

သူက ဆက်ပြီး ...

“ညက ကျွန်တော် တာဝန် ၁၀ နာရီက ၁၂ နာရီထိ ကင်းကျတုန်းမှာ အရှေ့ဘက်က ဗုံသံတွေ ကြားနေရတယ်။ ကင်းတာဝန်ပြီးတော့ အိပ်တဲ့အခါ ကျွန်တော်တို့ စခန်းကို ရန်သူတွေလာတိုက်တယ်လို့ အိပ်မက် မက်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူး။ အဲဒါကြောင့် သေနတ်ကို ပြောင်အောင် တိုက်နေတာပါ''

ကျွန်တော်က သူ့အပြောကို သဘောကျသွားပြီး ပြုံးလိုက်၏။

''အေး ... အေး ... ကောင်းတယ်။ စစ်သားဆိုတာ ကိုယ့်သေနတ်ကို ကိုယ့်ရည်းစားလိုမှတ်ပြီး အမြဲ ယုယနေသင့်တာပေါ့ကွာ''

''ဗိုလ်မှူးကလည်း ရယ်စရာပြောတတ်သားပဲ''

''ငါ ရယ်စရာပြောနေတာ မဟုတ်ဘူး မင်းအောင်။ သေနတ်ဆိုတာ စစ်သားတစ်ယောက်ရဲ့ အသက်။ ကိုယ်နဲ့ မကွာ အမြဲရှိနေရမှာ။ ရှေ့တန်းမှာ ငါ့မိန်းမက ငါ့ကို လာ မကူနိုင်သလို၊ မင်းရည်းစားကလည်း မင်းကို အရေးကြုံလာရင် လာမကယ်နိုင်ဘူး။ ဒို့ရဲ့ ရဲဘော်ရဲဘက်တွေနဲ့ ဒို့ရဲ့ သေနတ်တွေကပဲ ဒို့ကို ကူညီမှာ''

''ဟုတ်ကဲ့ ... ဗိုလ်မှူး''

''အဲဒီတော့ တပ်ခွဲမှူး၊ တပ်စုမှူးတွေနဲ့ ခွဲထောက် မောင်ဝင်းကို သွားခေါ်ကွာ။ ဆရာကြီးညွန့်ဝေပါ ခေါ်ခဲ့''

''ဟုတ်ကဲ့ ... ဗိုလ်မှူး''





လူစုံသောအခါ ကျွန်တော်က အောက်ပါအတိုင်း ပြောဖြစ်သည်။

''ဒီနေ့ နေ့လယ်က ကချင်တုံးဟုံးရွာလူကြီး ကျွန်တော်နဲ့ လာတွေ့တယ်။ ရွာသားတွေ လိုင်ဇာဈေးကို သွားတဲ့အခါ ကချင်စစ်သားတွေ အများကြီးတွေ့ရတယ်တဲ့။ နောက်ပြီး ဗန်းမော်စစ်ဗျူဟာက ကြေးနန်းရတယ်။ 'စခန်း လုံခြုံရေး အထူးဂရုစိုက်ပါ။ ရက်ပိုင်းအတွင်း စခန်းတစ်ခုခုကို ရန်သူလာရောက် တိုက်ခိုက် နိုင်တယ်တဲ့' အဲဒီတော့ တပ်စုတိုင်းမှာ အရန်ကျည်တွေရှိပါစေ။ လက်ပစ်ဗုံးတွေ အရန် ထုတ်ပေးထား။ ရှေ့ထွက်မိုင်းတွေအားလုံး အသက်သွင်းထား။ ၂ လက်မစိန်ပြောင်း၊ ၃ လက်မစိန်ပြောင်းနဲ့ ၅၅ မီလီမီတာ နောက်ပွင့်၊ အားလုံး ပစ်ခတ်ဖို့ အသင့်ပြင်ထား။ ဒီညမှာ တစ်ဝက်အိပ်၊ တစ်ဝက်နိုးစနစ်နဲ့ တာဝန်ချထား။ တပ်ခွဲမှူး၊ တပ်စုမှူးတွေကလည်း လိုက်စစ်။ ငါကိုယ်တိုင်လည်း လိုက်စစ်မယ်''

''ဘာမေးစရာ ရှိသေးလဲ''

''မရှိပါဘူး ဗိုလ်မှူး''

''ဒါဆို ဆက်လုပ်''



www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ညက ကျွန်တော်သည် အတွေ့အကြုံအရ ရန်သူကို မျှော်လင့်ထားပြီးဖြစ်သဖြင့် စစ်ယူနီဖောင်း ဝတ်စုံပြည့်ကို ဝတ်ဆင်ပြီး ညသန်းခေါင်ကျော်၌ တပ်ခွဲမှူး ဗိုလ်ကျော်မောင်နှင့် စခန်းကို လိုက်လံစစ်ဆေး၏။ ကျွန်တော် အမိန့်ပေးထားသည့်အတိုင်း စစ်သည်များ အားလုံး တာဝန်ကျေစွာ အသင့်အနေအထားဖြင့် ရှိနေပါ သည်။ ကတုတ်ကျင်းများတွင် ဝါးကျည်တောက်များ ရေအပြည့်ဖြည့်ထားသည်ကိုလည်း တွေ့ရှိရပါသည်။ သောက်သုံးရန်နှင့် သေနတ်ရပ်တန့်မှုဖြစ်သည့်အခါ ဆေးကြောရန် ဖြစ်ပါသည်။

မိုးလဲချောင်းရေစီးသံကား ပြင်းထန်စွာ ကြားနေဆဲ ဩဂုတ်လ ၂၆ ရက်နေ့ညတွင် ဗန်းမော်ဗျူဟာမှ နားလုံ စခန်းသို့ ကြေးနန်းတိုတစ်စောင် ရောက်လာသည်။ **နားလုံ စခန်းအနီးတွင် မှိုတွေပေါက်နေသည်တဲ့။** အဓိပ္ပာယ်မှာ ကျွန်တော့်စခန်းအနီး ရန်သူတွေရောက်နေပြီဟု ဆိုလို ပါသည်။

ကျွန်တော် နားလည်လိုက်ပါပြီ။ ကျွန်တော်ကွပ်ကဲ တဲ့ နားလုံစခန်းရှိ အရာရှိ၊ အရာခံ၊ အကြပ်တပ်သား





အားလုံး ဒီညမှာ အသင့်ပြင်ထားခဲ့ပြီ။ သေနတ်များလည်း ကျည်အပြည့်နှင့် အသင့်အနေအထား။ လက်ပစ်ဗုံးများ ကလည်း အသင့်။ ခံစစ်စည်းရှေ့ကာမိုင်းများကိုလည်း အသက်သွင်းထားပြီးပါပြီ။ ဝါးကျည်တောက်များတွင်လည်း ရေအပြည့်ဖြည့်ထားပြီးပါပြီ။

တပ်ကြပ်ကျော်လှိုင် ဦးစီးတဲ့ တပ်စိတ်တစ်စိတ်ကို လည်း ရန်သူလာနိုင်တဲ့လမ်းမှာ သွားရောက်စောင့်ဆိုင်း စေခဲ့ပါသည်။ စခန်းတွင်ရှိ ရဲဘော်များရဲ့ တာဝန်ကျေမှု ကိုလည်း လိုက်လံစစ်ဆေးခဲ့ပြီးပြီမို့ စိတ်ချနေရပါပြီ။ ကဲ လာစမ်း ရန်သူတွေ။ မင်းတို့ပဲ သေမလား၊ ငါတို့ပဲ သေမလား။ တပ်မတော်တဲ့ဟေ့။

**ဆွေသေ ကိုယ်သေ တိုက်ပွဲတစ်ခုရဲ့နိဒါန်း (သို့မဟုတ်) သေမလား၊ သတ်မလား**

၁၉၈၂ ခုနှစ်၊ ဩဂုတ်လ ၂၇ ရက်နေ့ နံနက် စောစော ၆ နာရီခန့်တွင် စခန်းအနီးမှ လက်နက်ကြီး ပစ်ခတ်သံ၊ ပေါက်ကွဲသံများ အဆက်မပြတ်ကြားရသည်နှင့် ကျွန်တော်သည် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် တည်တည်ငြိမ်ငြိမ်ပင် စခန်း၏အရှေ့ဘက်ရှိ တပ်ခွဲမှူး ဗိုလ်ကျော်မောင် ကွပ်ကဲသောနေရာသို့ ရောက်ရှိခဲ့သည်။ မိုးလဲချောင်း တစ်ဖက်ကမ်းရှိ အမြင့်စီး တောင်ကုန်းမှ ရန်သူက ၇၅ မီလီမီတာနှင့် ၃ လက်မ စိန်ပြောင်းတို့ဖြင့် အဆက်မပြတ် ပစ်ခတ်ရာ တိုက်ပွဲအစမှာပင် တပ်ခွဲမှူး ဗိုလ်ကျော်မောင် မှန်သွား၍ ရင်ဘတ်တွင် ကျည်စတစ်ခုကို တွေ့ရပါသည်။ သို့သော် ကျည်စက ကိုယ်တွင်းဝင်နေပြီး ဖောက်ထွင်းမသွားခဲ့ပါ။

ထိုအချိန်တွင် ဆက်သွယ်ရေးစက်ကိုင်ရဲဘော် ရောက်လာပြီး "ဒုတိုင်းမှူး ... ဗိုလ်မှူးကြီးစိုးညွန့်က ရန်သူကို တန်ပြန်တိုက်စစ်ဆင်ဖို့ ညွှန်ကြားပါတယ်" ဟု ပြောလာ၏။ စခန်းကို လူအများကြီးနှင့်လာပြီး ဝိုင်းတိုက်တာဆိုတော့ ရန်သူမှာ လက်နက်ကြီးတွေလည်း ပါတယ်။ ရန်သူ့အင်အားက အဆမတန်များနေပြီ။ ငါ့စခန်းက အင်အားထုတ်နှုတ်တိုက်တာနဲ့ ငါ့ရဲဘော်တွေ အကျအဆုံး များပြီး ခံစစ်စည်းကျိုးပေါက်မှာလို့ စဉ်းစားသုံးသပ်ပြီး နေမြဲအတိုင်း ခံစစ်ဆင်နေခဲ့ပါသည်။ ထွက်မတိုက်ပါ။ တိုက်ပွဲကား တစ်စ တစ်စ ပို၍ ပြင်းထန်လာသည်။





တိုက်ပွဲအရှိန်ပြင်းလာသော်လည်း ကျွန်တော်သည် ရဲဘော်မင်းအောင်နဲ့အတူ စစ်သည်တစ်ယောက်ခြင်းစီကို သွားရောက်အားပေးစကားများ ပြောကြားခဲ့၏။ တိုက်ပွဲချိန် ကြာလာသော်လည်း ရဲဘော်များမှာ ဘာအစာ အာဟာရမှ မစားရပါ။ ဒါပေမဲ့ သူတို့နေနိုင်ပါသည်။ နေ့တိုင်းစားနေရတာပဲ။ အိပ်နေရတာပဲ။

ကျွန်တော်နဲ့ ရဲဘော်မင်းအောင် စခန်းကို အတူ လှည့်ပတ်စစ်ပြီး စစ်သည်များအား "မင်းတို့ စားစရာမရှိရင် ဆန်ကို ဝါးစား၊ ရေသောက်၊ နို့ဆီဘူး၊ ကြိုက်သလောက် ဖောက်သောက်။ ရန်သူကို ဘယ်တော့မှ အညံ့မခံနဲ့" ဟု မှာကြားနေချိန်မှာ စခန်းအပြင်မှ ရန်သူများက "ဟေ့ကောင်တွေ လက်နက်ချဟေ့" ဟုအော်ကြရာ အနီးကပ်ရှိသူ ရဲဘော်များက "ခလရ ၄၇ ကွ၊ ဘယ်တော့မှ လက်နက်မချဘူးဟေ့" ဟု ပြန်လည်အော်ဟစ်ရင်း G 3, G 4 များဖြင့် အတွဲလိုက် ပြန်လည် ပစ်ခတ်ခဲ့ကြသည်။ အဲဒီ Sector မှာ တာဝန်ယူခဲ့တဲ့ ဗိုလ်ခင်မောင်ကြီးကို ဒီအတိုင်း ဆက်ထိန်းထားဖို့မှာခဲ့ပြီး ကျွန်တော်ကိုယ်တိုင်ကမူ ၂ လက်မစိန်ပြောင်းသုံးလက်ကို စုစည်းလိုက်ပြီး ရန်သူ



www.burmeseclassic.com

www.burmeseclassic.com



ကျားထိုးမည့်စုရပ်၊ စီရပ်များဟု မျှော်မှန်းရသည့်နေရာများကို ကိုယ်တိုင်ကွပ်ကဲ၍ ပစ်ခတ်စေခဲ့ပါသည်။

ကျွန်တော့် စခန်းမှ စိန်ပြောင်းပစ်ခတ်မှုကို အမြင့်စီးမှ တွေ့ရတဲ့ နားလုံတောင်ကြောပေါ်က ရန်သူ၏ ၇၅ မီလီမီတာ နောက်ပွင့်ရိုင်ဖယ်နှင့် စိန်ပြောင်း ပုံးကွဲသံများကလည်း တကျိန်းကျိန်းနှင့် နားကွဲမတတ် ကျွန်တော့်စခန်းအတွင်းသို့ အဆက်မပြတ် ပစ်ခတ်နေပါသည်။ နောင်မှ သိရသည်မှာ ၂ လက်မ စိန်ပြောင်းကျရာ ပေါက်ကွဲသည့်နေရာတွင် ရန်သူများစွာ ထိမှန်ကျဆုံးကြောင်း၊ တပ်ကို စုစည်းမရခဲ့ကြောင်း၊ ထို့ကြောင့် လက်နက်ကြီးများ တရစပ်ပစ်ခဲ့ခြင်းဖြစ်ကြောင်းပါပေ။ တိုက်ပွဲမှာ မနက် ၆ နာရီမှ စခဲ့ရာ နေ့လယ်လောက်၌ ဖျတ်ခနဲ သတိရ၍ ရဲဘော်မင်းအောင်အား "ငါ့တဲမှာရှိတဲ့ အရက်ပုလင်း သွားယူစမ်းကွာ" ဆိုတော့ သူကိုယ်တိုင် ဆက်သွယ်ရေးမြောင်းထဲက တွားသွားခဲ့ပြီး ပြန်အရောက်၌ "ဗိုလ်မှူးတဲလည်း မရှိတော့ဘူး။ လက်နက်ကြီးထိုပြီး အရက်ပုလင်းတွေ ကွဲကုန်ပြီ။ ဒီတစ်လုံးပဲ ကျန်တော့တာ" ဆိုပြီး အရက်ပုလင်းတစ်လုံးကို ပေးပါသည်။ တစ်ငုံလောက်သောက်ပြီး ရေဘူး





ထဲက ရေကို မော့ချလိုက်၏။ အနားမှာရှိတဲ့ ဒုတိယအရာခံဗိုလ်ညွန့်ဝေကလည်း "ဗိုလ်မှူး ကျွန်တော့်ကိုလည်း နည်းနည်းပေးဦးလို့" ပြောတော့ "ဆရာကြီးသောက်။ တိုက်ပွဲပြီးရင် အရက်ပြန်အလျော်ပေးရမှာနော်" ဟု ရယ်စရာပြောဖြစ်ပါသေးသည်။

ဒီလောက် သေရေးရှင်ရေးတိုက်ပွဲပြင်းထန်နေချိန်မှာ ငွေ ဘယ်လောက်ပုံပေးပြီး ဝယ်လို့လဲမရ၊ ရွှေနှင့်လည်း လဲမရတဲ့ ဆန်အရက်ဖြူတစ်ပုလင်းပါ။ ဒါကြောင့်နောက်သလို ပြောင်သလို ရယ်စရာလုပ်ပြီး အလျော်ပြန်တောင်းလိုက်ခြင်းပါ။

တိုက်ပွဲအတွင်း ကျွန်တော်နှင့် တပ်သားမင်းအောင်တို့သည် စခန်းတွင်းရှိ ရဲဘော်အားလုံးထံ ရောက်ခဲ့ပြီး အားပေးခဲ့ပါသည်။ ညက ကင်းပုန်းစေလွှတ်ခဲ့သော တပ်ကြပ် ကျော်လှိုင်ဦးစီးတပ်စိတ်လည်း မလွယ်ပေါက်မှ ပြန်လည်ရောက်ရှိလာသဖြင့် မိမိစစ်သည်အားလုံး ရန်သူ၏ တိုက်စစ်ကို ကြံ့ကြံ့ခံနိုင်ခဲ့ပါသည်။

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဆက်သွယ်ရေး ဆက်ပေါ်လာပြီး တိုက်ပွဲအခြေအနေ ဘယ်လိုလဲဟု မေးလာ



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကျွန်တော်က ရဲဘော်များ စိတ်ဓာတ်ကောင်းစွာဖြင့် တိုက်ပွဲဝင်နေကြောင်း၊ ပိန်းဥစားတဲ့ကောင်တွေကို ဘယ်တော့မှ လက်နက်ချမည် မဟုတ်ကြောင်း၊ ရန်သူက လက်နက်ချရန် အဆက်မပြတ် ဝိုင်းဝန်း အော်ဟစ်နေကြောင်း ဆက်သွယ်ရေးတပ်သားပြခဲ့တဲ့ ကြေးနန်းစာမှာပဲ ပြန်ရေးပြီး ပို့ခိုင်းလိုက်ပါသည်။

ကျွန်တော်သည် စခန်းတွင်းရှိ တိုက်ပွဲမျက်နှာစာ တိုင်းသို့ ရောက်ခဲ့ပြီး အခြေအနေကို အကဲခတ်ရာ တိုက်ပွဲကား မပြီးဆုံးသေး။ ထို့ကြောင့် ရန်သူသည် ဆက်လက် တိုက်ခိုက်ဦးမည်မို့ တပ်ခွဲတပ်ကြပ်ကြီး မောင်ဝင်းအား တပ်စုတိုင်းကို ခဲယမ်းများ ထပ်မံဖြည့်ပေးဖို့ အမိန့်ပေး လိုက်သည်။ ဆရာကြီးမောင်ဝင်းက ကျည်ဆန်ပုံးများကို ယမ်းတိုက်ထဲမှ ထုတ်ယူပြီး သူကိုယ်တိုင် သယ်ပိုးကာ တပ်စုများသို့ သွားရောက်ပေးပို့ခဲ့သည်။

အလင်းရောင်ကတော့ တဖြည်းဖြည်းပျောက်ကွယ် သွားပါပြီ။ ရန်သူလည်း တစ်နေ့လုံး အကြိမ်ကြိမ် ကျားတိုး တိုက်ခိုက်ကြ၏။ ကျွန်တော့်ရဲဘော်များကလည်း စိတ်ဓာတ် ကောင်းစွာ ကျားကုတ်ကျားခဲ ခုခံတိုက်ခိုက်နေရာ ရန်သူ





များလည်း ရှေ့မတိုးနိုင်ပေ။ ညအမှောင်ထုကို အားကိုးပြီး ထိုးဖောက်တိုက်ခိုက်ရန် အားယူနေသည်ဟု ယူဆသည့် အတွက် ၎င်းတို့ရှိနေနိုင်သည့်နေရာများကို ၂ လက်မ စိန်ပြောင်းများဖြင့် အပေါ်ထောင်ကာ ၆၀ ဒီဂရီ၊ ၇၅ ဒီဂရီ အထိ ချိန်ပြီး ပစ်ခတ်စေခဲ့ပါသည်။

ထိုအချိန်တွင် စစ်သည်များ၏သေနတ်များမှာ တစ်နေ့လုံး ပစ်ခတ်နေရသဖြင့် ပြောင်းပူနေမည်။ ကျည်ခွံ များ ကျရာမှ သဲဖုန်များလည်း ရှိနေမည်ဖြစ်၍ အလှည့်ကျ ရပ်ပြီး သေနတ်များကို ဆေးကြောရန် ရဲဘော် မင်းအောင် အား စေလွှတ်မှာကြားလိုက်သည်။ ကျွန်တော့်ဆက်သား မင်းအောင်လည်း ကျွန်တော် မှာကြားသည်များကို တပ်ခွဲမှူး ဒုိယ်ကျော်မောင်အား ပြောခဲ့ပြီး တပ်ခွဲမှူးကဆက်လုပ်မည် ဖြစ်ကြောင်း ပြန်လည် သတင်းပို့သည်။

ညအမှောင်ရောက်သည့်အခါ ရန်သူက ၇၅ မီလီမီတာနောက်ပွင့်ရိုင်ဖယ်၊ ၆၀ မီလီမီတာ စိန်ပြောင်း ကြီးများဖြင့် ပစ်ခတ်ခြင်းမပြုတော့ဘဲ ပို့ုင့် ၅ စက်သေနတ် ကြီး မီးကျည်ဖြင့် စခန်းကို ပစ်ခတ်ခဲ့သဖြင့် ကျွန်တော်တို့ ၆၂ စက်၏ Area ကြိုးကို ထိမှန်ခဲ့ပြီး ဆက်သွယ်မှု



www.burmeseclassic.com

www.burmeseclassic.com



ပြတ်တောက်သွားတော့၏။ သို့ရာတွင် ပြုပြင်ပြီး အမြန် ပြန်လည်ဆက်သွယ်ခဲ့ရာ အထက်စစ်ဌာနချုပ်နှင့် ဆက်သွယ်မှု မပြတ်ခဲ့ပါ။ ဆက်သွယ်ရေးရဲဘော်က သူ့ တာဝန်ကို သူ ထမ်းဆောင်နိုင်ခဲ့၏။ ညဥ့်လယ်ရောက်တော့ သူ့ဆက်သွယ်ရေးစက်ဘေးနားရှိ ခဲယမ်းမီးကျောက်ဂိုထောင် အမိုး မီးလောင်တော့၏။ ကျွန်တော်နှင့် ရဲဘော်မင်းအောင် တပ်ခွဲတပ်ကြပ်ကြီးမောင်ဝင်းနဲ့ ရဲဘော်သုံးလေးယောက်တို့ ဝိုင်းဝန်းပြီး အတင်းပင် ငြိမ်းသတ်လိုက်ကြရ၏။

ရန်သူက **Tracer Bullets** များနဲ့ စခန်းကို မီးလောင်စေရန် ပစ်ခတ်ခဲ့ခြင်းကြောင့်ပါပေ။ နံနက် ၆ နာရီဝန်းကျင်ကစခဲ့တဲ့ တိုက်ပွဲဟာ ညထိ မပြီးဆုံးသေး။ ရန်သူက ကျွန်တော့်စခန်းကို အပိုင်တိုက်ခိုက်ပြီး စခန်းသိမ်း ရန် နွားလှည်းများနဲ့ လူသူအများအပြားကိုပင် ခေါ်ဆောင် လာ၏။ စခန်းမှ သိမ်းဆည်းရမိမည့် ရိက္ခာ၊ ခဲယမ်း၊ လူ လက်နက်များ သယ်ယူရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ ဦးစီးသူက **KIA** ဦးစီးချုပ်ဇော်မိုင်၊ ၎င်းနောက်က တပ်မဟာ (၃) မှူး ဇော်ဘွမ်။

ကျွန်တော်သည် အရန်ထားသည့်ရဲဘော်သစ်များ





ကို သူတို့ဘန်ကာထဲမှ ကိုယ်တိုင်သွားရောက် ခေါ်ယူခဲ့ပြီး မိုးလဲချောင်း၏အနောက်မြောက်ဘက်တွင် နေရာချထားပေး လိုက်သည်။ ကိုယ်တိုင်လည်း တိုက်ပွဲပြင်းထန်သည့် မိုးလဲ ချောင်းဘက်တွင် နေရာယူပြီး ရန်သူကို တိုက်ခိုက်ခဲ့၏။ ကြီးကြပ်ကွပ်ကဲခဲ့၏။ ရဲဘော်မင်းအောင်အား မိုလ်ကျော် မောင်ဘက်က စက်လတ်ကို သွားခေါ်ခိုင်းလိုက်၏။ စက်လတ်နဲ့အတူ တပ်ကြပ်မိုးကျော်အနီးသို့ ရောက်ရှိလာ သည့်အခါ ရန်သူမှာ ကျွန်တော်တို့အနီး ကိုက် ၃၀ လောက် တွင် ရှိနေပါပြီ။ တပ်ကြပ်မိုးကျော်မှ ကျွန်တော် ညွှန်ပြသည့် နေရာများကို စက်လတ်ဖြင့် တရစပ်ပစ်ခတ်ခဲ့ရာ ချဉ်းကပ် လာသည့် ရန်သူများ ထိခိုက်နာကျင်သံ၊ အော်သံများ ကြား ရပါသည်။ ရန်သူများ၏ ပစ်ခတ်သံများ ခေတ္တငြိမ်သက် သွားပြီးနောက် စက်လတ်ရပ်တန့်မှုဖြစ်ပြီး ဆက်ပစ်၍ မရ တော့ပါ။ စက်လတ်ရပ်တန့်မှုကို စက်လတ်သမားက မပြင် ဆင်တတ်သည်ဖြစ်ရာ စက်လတ်သင်တန်းတက်ပြီးသူ တပ်ကြပ် ကြီးဗထူးထံ သွားရောက်ပြုပြင်ပါသည်။

စက်လတ်သွားပြင်နေသဖြင့် G 4 သေနတ်ကိုင် ရဲဘော်တင်အောင်အား ကျွန်တော့်အနီးခေါ်ယူပြီး ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပစ်ခတ်စေပါသည်။ ရဲဘော်တင်အောင်၏ ပစ်ခတ်မှုကြောင့် လက်တစ်တမ်းရန်သူ၏ ပစ်ခတ်မှုများ ငြိမ်သက်သွား သော်လည်း အနီးကပ်ရန်သူ၏ လက်ပစ်ဗုံးတစ်လုံး ကျွန်တော့်နားတွင် ကျပါသည်။ ကျွန်တော့် ခေါင်းကို တုတ် ဖြင့်ရိုက်သလို ခံစားရပြီး ဆက်သွယ်ရေးမြောင်းထဲ လဲကျ သွားပါသည်။ တစ်မိနစ်၊ နှစ်မိနစ်ခန့်အကြာ ပြန်လည် သတိရလာပါသည်။ ခေါင်းကို ရန်သူ့လက်ပစ်ဗုံးစ ထိမှန် သွားခြင်းပါ။

မဆုတ်တမ်းခံစစ်တစ်ခု မကျဆုံးရေး သန္နိဋ္ဌာန် ချပြီးခဲ့သော ကျွန်တော်သည် "သတိ"အမြန်ရပြီး ပြန်ထ၍ ဆေးတပ်ကြပ်သန်းမြင့်နှင့် တွေ့ဆုံရာတွင် သူက လက်မောင်းတွင် ထိုးစိုက်နေသော လက်ပစ်ဗုံးစကို ဆွဲနုတ် ရာ အလွန်နာကျင်သွား၏။ "အဲဒါကို ခဏထားဦး။ ငါ့ကို သွေးမလွန်ဆေး၊ မေးခိုင်ဆေး ထိုးပေးပါ" ဟု ပြောလိုက် သည်။ ပြီးတော့ ဆေးထိုး၊ ဆေးထည့်၊ ဦးခေါင်းကို ပတ်တီး စီးခိုင်းလိုက်သည်။ ဦးခေါင်းမှာလည်း လက်ပစ်ဗုံးတစ်စ ရှပ်၍မှန်ခဲ့ပါသည်။ ကျွန်တော့်ဘေးက ရဲဘော်တင်အောင် ကတော့ ညာဘက်မျက်စိ တိုက်ရိုက်ထိပြီး မျက်လုံးတစ်ဖက်





မမြင်ရတော့ပါ။

ထိုတိုက်ပွဲတွင် ရဲဘော်တင်အောင် မျက်လုံး တစ်ဖက် စွန့်လှူသွားရပါသည်။ ယခုအခါမှာတော့ သူ ဘယ်ဆီဘယ်ဝယ်ရောက်နေသည်ကို ကျွန်တော် မသိတော့ ပါ။ သူ့ကို ကျွန်တော် နောက်ဆုံးတွေ့လိုက်ရသည်က ကျွန်တော် ခမရ (၁၀၄) သို့ ပြောင်းရွှေ့သည့်အခါ သဘော် ဆိပ်တွင် ဖြစ်သည်။ ရဲဘော်တင်အောင်ကို ကျွန်တော် ငွေ တစ်ရာ ထုတ်ပေးလိုက်ပါသည်။ ကျွန်တော် တတ်နိုင်သည် က ဒါပဲဖြစ်သည်။

နောက်တစ်နေ့ ၂၈ ရက် အရုဏ်ဦးတွင် ရန်သူမှ နောက်ဆုံးအကြိမ် အပြင်းအထန် တိုက်ခိုက်လာပါ သည်။ စခန်း၏အနောက်မြောက်ဘက်၊ မြောက်ဘက်၊ အရှေ့ဘက် နှင့် တောင်ဘက်တို့မှ လက်နက်ငယ်များဖြင့် ချေမှုန်းရေး တိုက်ပွဲ ဝင်လာပါသည်။ လက်နက်ကြီးများ ပစ်ခတ်မှု မရှိ တော့ပါ။ ကျွန်တော်နှင့် ရဲဘော်စစ်သည်များကလည်း ခုခံ တုန့်ရေခန်း ပြန်လည်တုံ့ပြန်ခဲ့ရာ ရန်သူသည် မိုးလဲ ချောင်းဘက်မှ လွဲ၍ ဘက်ပေါင်းစုံမှ နောက်ဆုံး အကြိမ်ကြိမ် တိုက်ခိုက်ခဲ့သော်လည်း ခံစစ်စည်းအား မကျော်နိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



နံနက် ၈ နာရီကျော်တွင် စခန်းအနီး၊ ဈေးအနီးအိမ်များမှ နေရာယူထားသည့် ရန်သူများ ဆုတ်ခွာသွားပြီဖြစ်ကြောင်း မျက်မြင်စစ်သည်များက ပြောကြားရာ တပ်ခွဲမှူး ဗိုလ်ကျော်မောင်နှင့် တပ်စုမှူး ဗိုလ်ခင်မောင်ကြီးတို့အား စခန်းမှ လူထုတ်နုတ်၍ အပြင်ထွက်ရှင်းလင်းစေခဲ့ရာ ရန်သူသည် အလောင်း၊ လက်နက်များကိုပင် မသယ်နိုင်ဘဲ ဆုတ်ခွာသွားကြောင်း သေချာသွားပါသည်။ ရန်သူမှ M 23 တစ်လက်၊ M 22 လေးလက်နှင့် အလောင်း ၂၅ လောင်းကိုပင် ထားခဲ့ပါသည်။

ဤဖြစ်စဉ်မှာ ကေအိုင်အေ စစ်ဦးစီးချုပ် ဇော်မိုင်ဦးစီးရင်း (၁) ရင်း (၂၅၁)၊ ရင်း (၂၅၃)၊ ရင်း (၂၅၄) တပ်ရင်းလေးရင်း စုစုပေါင်းအင်အား ၇၀၀ ကျော်ခန့်သည် နားလုံစခန်းကို အပိုင်ချေမှုန်းတိုက်ခိုက်ရန် စီစဉ်ခဲ့ပြီး စခန်းကို သိမ်းပိုက်ရပါက လက်နက်ခဲယမ်းများ ရိက္ခာများကို သယ်ယူရန်အတွက် နွားလှည်း၊ လားများနှင့်အတူ သေချာပေါက် ထွက်ချက်ပြီး လာရောက်တိုက်ခိုက်ခြင်း ဖြစ်သည်။

ကျွန်တော်နှင့် ရဲဘော်ရဲဘက်များ၏ မဆုတ်မနစ်သော ဖွဲလုံ့လနှင့် ပြန်လည်တွန်းလှန်တိုက်ခိုက်မှုကြောင်း





အကျအဆုံးများစွာဖြင့် ဆုတ်ခွာသွားခဲ့ရပါသည်။

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် ဆက်သွယ်ရေးစက်နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည့် နံနက်ပိုင်းမှစ၍ ကျွန်တော့်စက်တို့ တိုက်ရိုက်ဆက်သွယ်မှု ရခဲ့သည်။ တိုင်းမှ လေကြောင်းပစ်ကူလိုသလားဟုမေးရာ ကျွန်တော်က မလိုပါဟု ပြန်လည်ဖြေကြားခဲ့သည်။ ကျွန်တော်၏ သုံးသပ်ချက်က တရုတ်ပြည်နှင့် အလွန်နီးကပ်နေသည်က တစ်ကြောင်း၊ လေကြောင်းပစ်ကူပေးမည့် လေယာဉ်အမျိုးအစားမှာ PC 6/7 လေယာဉ်ဖြစ်ကြောင်း သိရသည်က တစ်ကြောင်းကြောင့်ဖြစ်၏။ PC 6/7 ဖြင့် လွန်စွာမြင့်သောနေရာမှ ဗုံးကြဲပေးမည်ဖြစ်ရာ အဆင်မသင့်ပါက ထိုဗုံးများ ကျွန်တော့်စခန်းပေါ်သို့ ပြန်ကျမည်ကို စိုးရိမ်၍ မတောင်းခဲ့ခြင်းဖြစ်ပါသည်။

အကယ်၍သာ T 33 ဂျက်လေယာဉ်ဖြစ်က ကျွန်တော် အကူအညီတောင်းပါမည်။ T 33 များမှာ သက်တမ်းကုန်နေ၍ လေကြောင်းပစ်ကူ မပေးနိုင်တော့ကြောင်း ကျွန်တော် သိပါသည်။ ထိုတိုက်ပွဲကာလတွင် ကျွန်တော်နှင့် အနီးဆုံး ဒေါ်ဖုန်းယန်မှာ ရှိနေတဲ့ ဗိုလ်မှူး



www.burmeseclassic.com

www.burmeseclassic.com



မြင့်ဆွေ ဦးစီးတဲ့ လှုပ်ရှားစစ်ကြောင်း (၂) နှင့် တပ်ခွဲ (၂) ခွဲ ရှိပါသည်။ ထိုစစ်ကြောင်းကို တိုင်းမှ စစ်ကူလွှတ်ပေးပါသည်။ တပ်အမှတ်တော့ ကျွန်တော် မမှတ်မိတော့ပါ။ ၉ မိုင် ခရီးကွာဝေးပါသည်။ အမှန်တော့ ဒီခရီးဟာ စစ်သား ခြေထောက်နှင့် သုံးနာရီခရီးပါပဲ။ ရန်သူကလည်း စစ်ပညာ တတ်ထားတာဆိုတော့ စစ်ကူကို ကြားဖြတ်ချေမှုန်းဖို့ စီစဉ်ထားသည်ဟု သတင်းရပါသည်။

ဖြတ်တောက်ဖို့ ကေအိုင်အေ ရင်း (၁) မှူး လဖိန်ဘောက်ဦးစီးတဲ့ အင်အား ၁၅၀ ခန့်အား တာဝန်ပေးထား၏။ စစ်ကူ စစ်ကြောင်းသည်လည်း ရန်သူ လဖိန်ဘောက်အား ရှောင်ကွင်းချီတက်ခဲ့ရာ ကျွန်တော်တို့ စခန်းသို့ ၃၆ နာရီကြာမှ ရောက်၏။ ကျွန်တော်တို့တိုက်ပွဲ ဩဂုတ်လ ၂၈ ရက်နေ့ နံနက် ၈ နာရီမှာ ပြီးဆုံး ခဲ့သော်လည်း စစ်ကူစစ်ကြောင်းက ထိုနေ့ညနေမိုးချုပ်မှ ရောက်လာခဲ့ပါသည်။

နံနက် ၈ နာရီကျော်ခန့် တိုက်ပွဲပြီးချိန်မှာ စခန်းပြင်ထွက်၍ ရန်သူလက်နက်များ ကောက်ယူခြင်း၊ ရန်သူ အလောင်းများကို အနီးအနားရှိ ရွာများမှ လူများ ဆင့်ခေါ်၍





ကောင်းမွန်စွာ မြှုပ်နှံစေခြင်း၊ ကျဆုံးသွားသည့် ကျွန်တော့် ရဲဘော်နှစ်ဦးကို ကောင်းမွန်စွာ သင်္ဂြိုဟ်ခြင်း၊ စခန်းတွင်းရှိ မီးလောင်သွားသည့် ရိက္ခာကိုဒေါင်ကို မီးစမကျန်အောင် ငြိမ်းသတ်စေခြင်း၊ လက်နက်များကို အလှည့်ကျ ပြန်လည် တိုက်ချွတ်စေခြင်း၊ ခံယမ်းများ ပြန်လည်ဖြည့်တင်းခြင်း၊ ရဲဘော်များ ထမင်းငတ်နေသည်ဖြစ်၍ ထမင်းချက်စားစေခြင်း၊ အထက်ဌာနချုပ်သို့ အစီရင်ခံစာများ ရေးသားပေးပို့ခြင်းစသည့် လုပ်ငန်းများကို ကျွန်တော့်အနေဖြင့် အဆက်မပြတ် လုပ်ဆောင်ခဲ့ပါသည်။

## တိုက်ပွဲပြီးသည့်နောက်ဝယ်

တိုက်ပွဲကြီး ပြီးဆုံးသည့်နောက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ဗန်းမော်စစ်ဗျူဟာတို့ကလည်း ကျွန်တော်နှင့် ရဲဘော်များ၏ စိတ်ဓာတ်နှင့် လုပ်ဆောင်မှုအပေါ် ချီးကျူးဂုဏ်ပြုစာများ ပေးပို့ကြ၏။ ထိုကြေးနန်းများကို ဖတ်ပြပြီးတဲ့နောက် “မင်းတို့ တိုက်ပွဲအတွင်း ငါ့ကို မတွေ့တဲ့ ရဲဘော်ရှိသေးလား” လို့ မေးတော့ မရှိပါဘူး ဗိုလ်မှူးလို့ အားလုံးက ဖြေကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်နှင့် အရာရှိများဖြစ်တဲ့ ဗိုလ်ကျော်မောင်ရယ်၊ ဗိုလ်ခင်မောင်ကြီးရယ် သုံးယောက်လုံး ဒဏ်ရာရထားတဲ့အတွက် တပ်လဲလှယ်ပေးမယ်ဆိုတဲ့ ကြေးနန်းကို ရရှိရာ တပ်စခန်းတစ်ခုလုံးအကြောင်းကြားစေရာမှာ ရဲဘော်တွေ တော်တော်ပျော်သွားကြသည်။ ကျွန်တော်နှင့် စစ်ကြောင်း (၂) ရုံးအဖွဲ့တွေက စခန်းထိုင်ချိန် ကန့်သတ်ချက် မရှိပေမယ့် တပ်ခွဲများကိုတော့ ၆ လ တစ်ကြိမ်လဲလှယ်ပေးပါသည်။ ကျွန်တော်နှင့် အတူတိုက်ပွဲဝင်ခဲ့သော တပ်ခွဲ (၁) ရောက်တာ တစ်လကျော်ကျော်လေးပဲရှိသေးတာ။ အထက်လူကြီးတွေက Honour လုပ်တာဖြစ်တဲ့အတွက် အလွန်ဂုဏ်ယူတက်ကြွနေတာ တွေ့ရပါသည်။

တပ်စု (၁) မှ ဗိုလ်ခင်မောင်ကြီးမှာ ပုံပန်းသဏ္ဍာန်လူပုံက ပျော့နွဲ့နွဲ့၊ စိတ်ဓာတ်က မာသူ၊ ဆေးတပ်ကြပ်မှ အရာရှိဖြစ်လာသူ၊ နားလုံတိုက်ပွဲမှာ သူ၏တပ်စုကို အကောင်းဆုံးခေါင်းဆောင် ကွပ်ကဲနိုင်သူဖြစ်သည်။ ရန်သူ စတင်တိုက်ခိုက်လာချိန်မှာ သူ့ရဲ့ခံစစ်စည်းမှ ရဲဝံ့စွာ ကွပ်ကဲပြီး ရန်သူရဲ့တိုက်စစ်ကို ရပ်တန့်စေခဲ့ပါသည်။ ကျွန်တော်လည်း သူ့ဆီကို အမြန်ဆုံးရောက်ခဲ့သည်။





သူ့တပ်စုအနီးမှ အလယ်တန်းကျောင်းကြီးတစ်ခုသည် သွပ်မိုးပျဉ်ကာ ရှေးက ဆောက်ထားတဲ့ နှစ်ထပ်ကျောင်းကြီး။ ကျောင်းကြီးနဲ့ စစ်ကြောင်းမှူးရဲ့တဲကို အဓိကပစ်မှတ်အနေနဲ့ထားပြီး ပစ်တော့ စစ်ကြောင်းမှူးရဲ့ တဲနဲ့ ခေါင်းရင်းက သစ်ပင်ကြီးတွေ ပြိုလဲကုန်၏။ ဒါပေမဲ့ တိုက်ပွဲဖြစ်ကတည်းက စစ်ကြောင်းမှူးက သူ့ရဲ့ တဲမှာ မရှိတော့တာပဲ။ ကိစ္စမရှိပါ။

ထင်ရှားတဲ့ မြင်မှတ် ကျောင်းကြီးမှာလည်း မီးစွဲစပြုနေပြီ။ ကျွန်တော်က ဗိုလ်ခင်မောင်ကြီးအား "မင်းရဲ့ရဲဘော်တွေအားလုံး ရိက္ခာတွေ ကြိုက်သလို စားပါစေ။ ရန်သူ့လက်တော့ ဆန်တစ်စေ့တောင် မရောက်စေနဲ့" လို့ ပြောခဲ့၏။ ဗိုလ်ခင်မောင်ကြီးက "ဟုတ်ကဲ့ ဗိုလ်မှူး။ စိတ်ချပါ" တဲ့ "မင်းမှာ ကျည်တွေကော ပြည့်စုံရဲ့လား"လို့ မေးတဲ့အခါ "အရန်ကျည်တွေတော့ လိုဦးမယ်"ဟု ပြောရာ "အေး ... ဆရာကြီးမောင်ဝင်းကို အခုပဲ အပို့ခိုင်းလိုက်မယ်" ဟုပြောရင်း လက်နက်ကြီးပေါက်ကွဲသံများလည်း ကြားရပြန်သည်။

ကျွန်တော်လည်း ခပ်တည်တည်ဖြင့် ရဲဘော်



www.burmeseclassic.com

www.burmeseclassic.com



မင်းအောင်နှင့်အတူ မှန်မှန်လျှောက်၍လာရာ ဘုရားတစ်ဆူကို မြင်တွေ့လိုက်ရပါသည်။ ထိုဘုရားက ကျွန်တော်တို့တပ်မှ ဗိုလ်မှူးထွန်းအေး လဲလုံစခန်းမှ ပင့်လာတဲ့ ဘုရား။ ထိုဘုရားကျောင်းဆောင်မှာ ၂၆ နာရီကျော် တိုက်ပွဲအတွင်း ရန်သူ၏ကျည် လုံးဝမထိခိုက်ခဲ့။ အံ့ဩစရာပေပဲ။

နားလုံစခန်း တာဝန်လဲလှယ်မည့်စစ်ကြောင်းက ဗန်းမော်က ချီတက်လာတာမို့ နှစ်ရက်ကြာမှ ရောက်လာမှာ။ ဒီအချိန်မှာ အပုပ်နံ့တစ်ခုရ၏။ ကျွန်တော့်ညာလက်ဖျံမှာ စူးဝင်သွားတဲ့လက်ပစ်ဗုံးဆံ နေရာကဖြစ်၏။ ခွဲစိတ်ရန်ကလည်း ဆေးတပ်ကြပ်အဆင့်။ သွေးလွန်လို့ကလည်း ဘာမှဆက်မလုပ်နိုင်ဖြစ်မှာမို့ အနာကို လက်ဖက်ခြောက်များပြုတ်ကာ ရေဆေး၊ လက်ဖက်ခြောက်ပြုတ်အဖတ်များနဲ့ မံကာ ပတ်တီးစီး၊ မေးခိုင်ပိုး မဝင်အောင် တင်ပါးမှာ ဆေးထိုး၊ မြန်မာနည်း၊ အင်္ဂလိပ်နည်းများနဲ့ သင့်သလိုပင် ထိန်းသိမ်းထားရ၏။

ထူးဆန်းမှုတစ်ခု၊ နှစ်ခု တင်ပြရလျှင်တော့ တိုက်ပွဲကြီးမတိုင်မီ ကျွန်တော် အိပ်တဲ့ ဝါးခုတင်အောက်မှာ ခွေးမကြီးတစ်ကောင်က ခွေးသားလေးတစ်ကောင်ကို





မွေးဖွားခဲ့ခြင်းပါ။ ခွေးမကြီးက ခွေးကလေးတစ်ကောင်ကို မွေးပြီးတဲ့အခါ ကျွန်တော်က ရဲဘော်မင်းအောင်ကို အစားအစာများ ကျွေးစေခဲ့၏။ နောက်တစ်ခုက ဝါးခုတင်အောက်မှာပဲ မှိုပွင့်ကြီးတစ်ပွင့် ပေါက်ခဲ့၏။ ထူးခြားတဲ့နိမိတ်လားလို့ ကျွန်တော် သေချာစွာ မပြောတတ်ခဲ့ပါ။

စခန်းတာဝန်လဲလှယ်ပြီးနောက် ကျွန်တော်နှင့် ရဲဘော်များ တပ်ရင်းရှိရာ ဗန်းမော်သို့ခြေလျင်ခရီးဖြင့် ပြန်ခဲ့ပါသည်။ ဒေါ်ဖုန်းယံစခန်းအခြေမှာ တစ်ညအိပ်၍ မခွယ်၊ စီဟက်၊ ကုန်းလောမှ မြို့သစ်ဆရာတော် ဦးဂန္ဓမာကျောင်းသို့ ရောက်ခဲ့ပြီး ဆရာတော်၏ စီစဉ်ပေးမှုအရ စက်လှေများဖြင့် ဧရာဝတီမြစ်အတိုင်း နောင်လိုက် ကျေးရွာသို့ ရောက်ခဲ့သည်။

တပ်ခွဲအား လူစစ်ဆေးစေရာ ရဲဘော်အားလုံး စုံလင်ကြောင်း တပ်ခွဲမှူးဗိုလ်ကျော်မောင်က သတင်းပို့၏။ စစ်ကြောင်းကို ခေတ္တနားနေလိုက်ပါသည်။ မကြာမီတွင် တပ်မှစေလွှတ်လိုက်သော ကားများ ရောက်လာခဲ့ပါ၏။ ထိုကားများဖြင့် ဗန်းမော်မြို့သို့ ရောက်သောအခါ တပ်ရင်းမိသားစုများက လှိုက်လှိုက်လှဲလှဲ ကြိုဆိုနေကြသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရပါသည်။

ကျွန်တော်နှင့် ညီအစ်ကိုတွေလို နေကြတဲ့ စစ်ဗျူဟာက အရာရှိတွေနဲ့ တပ်ရင်းက တပ်ရေး တပ်ထောက် ဗိုလ်ကြီးတွေက ဝိုင်းဝန်းချီးကျူးကြဘာ ပေးကြသည်။ ညာဘက်လက်ဖျံမှာလည်း ဒဏ်ရာ၊ ဦးခေါင်းမှာလည်း ဒဏ်ရာရနေတဲ့ ကျွန်တော့်အား ဗျူဟာဆေးမှူး ဗိုလ်ကြီးက ရန်ကုန်တပ်မတော် စစ်ဆေးရုံကြီးကို လွှဲလိုက်သည်။ ကျွန်တော် လေယာဉ်နဲ့ ရန်ကုန်ကိုလိုက်ခဲ့ရသည်။ လေယာဉ်ပေါ်ကဆင်းတဲ့အခါ လေယာဉ်မှူး၏ ကြိုတင်အကြောင်းကြားချက်အရ စစ်သူနာပြု မော်တော်ယာဉ်တစ်စီး အသင့်ရောက်နေတာကို တွေ့ရသည်။ ကျွန်တော့်ကို မင်္ဂလာဒုံစစ်ဆေးရုံကြီးကို ပို့ပေးခဲ့ပါသည်။ ရောက် ရောက်ချင်း ကျွန်တော့်ဒဏ်ရာတွေကို ချက်ချင်း ဓာတ်မှန်ရိုက်ခဲ့ရပါသည်။

အဲဒီညက ကျွန်တော့်ကို ထမင်းစားခိုင်းပြီးနောက် **Nothing by mouth** ညမှာ အစားမစားရ၊ ရေမသောက်ရ လို့ ဆရာဝန်များက ညွှန်ကြားခဲ့၏။ နံနက်ကျတော့ ကျွန်တော့်အား ခွဲစိတ်ခန်းဝတ်စုံဝတ်ဆင်စေပြီး တွန်းလှည်း





ပေါ် တက်ခိုင်းလိုက်ပါသည်။ ဓာတ်လှေကားနဲ့ဆင်းပြီး ခွဲစိတ်ခန်းရောက်တဲ့အခါ ကျွန်တော့်တင်ပါးကို ဆေးတစ်လုံးထိုးပေးပါသည်။ အဲဒီနောက် မျက်နှာဖုံးများ ဝတ်ထားတဲ့ ဆရာဝန်များ ရောက်လာပြီး တစ်ထွာလောက်ရှိတဲ့ ဆေးထိုးပြွန်အပ်တစ်ချောင်းနဲ့ တစ်ယောက်က လက်မောင်းသွေးကြောမှာ ဆေးထိုးတဲ့အခါ ကျွန်တော်က ဆေးထိုးတဲ့နေရာကို ကြည့်နေပါသေးသည်။ အဲဒီ ဆရာဝန်မကြီးက မကြည့်နဲ့လို့ ပြောပါသည်။ ကျွန်တော်က တစ်၊ နှစ်၊ သုံး၊ လေး ရေတွက်ရာမှာ ငါး၊ ခြောက်လောက်ပဲ ရောက်ပါသည်။ ကျွန်တော် ဘာမှ မသိလိုက်ရတော့ပါ။ မေ့ဆေးအရှိန်နဲ့ မေ့မြောသွားသည်ပါ။

နံနက်စောစော ခွဲစိတ်ကုသပြီးလို့ ကျွန်တော် သတိရလာတဲ့အခါ ကျွန်တော်ဟာ ခုတင်တစ်ခုအပေါ်မှာ ပက်လက်အနေအထားမှာရှိနေပြီး ကျွန်တော့်ညာလက်မှာ ပတ်တီးဆွဲချိတ်ထားသည်ကို တွေ့ရသည်။

ကျွန်တော့်အား မေ့ဆေးထိုးပေးခဲ့သူမှာ ဒုတိယ ဗိုလ်မှူးကြီး ဒေါ်ရှုပိုနှင့် ခွဲစိတ်ပေးခဲ့သူမှာ ဗိုလ်မှူး သန်းဖင် ဖြစ်ခဲ့ကြောင်း ယနေ့တိုင် နာမည်များကို အလွတ်ရနေ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ခွဲစိတ်ကုသပြီး လူနာခုတင်ပေါ်သို့ ပြန်ရောက်ချိန်မှာ ကျွန်တော့်အစ်ကိုကြီး ဒုတိယဗိုလ်မှူးကြီးတင်ညွန့်နှင့် ဇနီး ဒေါ်မြရီ သား ဆရာဝန် ရဲမြင့်ကျော်နှင့် ကျွန်တော့် ညီမလေး ခင်မာဆွေတို့ ရောက်ရှိခဲ့သည်။ သို့သော် ကျွန်တော်ကား သတိမရသေးပါ။

ညနေတွင် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့ဖူးသော ပူးပေါင်းစစ်ဆင်ရေးနှင့် လေထီးသင်တန်းကျောင်းမှ ဗိုလ်ကြီးညွန့်ခင်၊ ဆရာကြီးဇော်အောင်၊ ဆရာကြီးတင်ဝင်းတို့ ရောက်ရှိလာပြီး ကျွန်တော် ကြိုက်နှစ်သက်သော **Army Rum** တစ်ပုလင်း လာပေးခဲ့ရာ ၎င်းတို့အား ဖောက်ခိုင်းပြီး ဘက်လက်ဖြင့် ခွက်ကိုင်၍ သောက်ပါသည်။ အလွန်ပင် အရသာထူးပါကလား။ ၎င်းနောက် ကျွန်တော့်အစ်ကိုကြီးနှင့် မိသားစု၊ ကျွန်တော့်ညီမလေး ခင်မာဆွေတို့ ရောက်လာပြီး အရက်သောက်နေသော ကျွန်တော့်အားတွေ့၍ အစ်ကိုကြီးက အလွန်စိတ်ဆိုးသွားကြောင်း ကျွန်တော်နောက်မှ သိခဲ့ရသည်။ ကျွန်တော့်အမေကတော့ အဲဒီအချိန်ထိ ဆေးရုံကို လာမတွေ့သေးပါ။ ကြောက်လို့တဲ့။





ဆေးရုံတက်ရောက်ပြီး ညများ၌ ကျွန်တော် **Video** ကို ပထမဆုံးအကြိမ်ကြည့်ဖူးပါသည်။ ထိုစဉ်က ၁၉၈၂ ခုနှစ် စက်တင်ဘာလဆန်းကာလ ဆေးရုံကြီးတွင် ၁၀ ရက်ခန့် ဆေးကုသမှုခံယူပြီးနောက် တပ်ရင်းရှိရာ ဗန်းမော်သို့ ကျွန်တော် ခေတ္တပြန်ခဲ့ပါသည်။

ဗိုလ်မှူးဒေါ်အေးချိုက ဆေးရုံတက်အရာရှိများ၏ အုပ်ချုပ်မှုကိစ္စကို ကိုင်ပါသည်။ ကျွန်တော် ဗန်းမော် ပြန်ရန် အတွက် လေယာဉ်ပုံရမ်းပေးရန် တင်ပြသည့်အခါ "ရှင်က မိန်းမနဲ့တွေ့ဖို့ ပြန်တာ။ ရထားနဲ့ သွားပါလား" ဟု ပြောတော့သည်။ ကျွန်တော်က "ကျွန်တော့်ဇနီး ဒီမှာပဲ ရှိနေပါတယ်။ ရန်ကုန်က ဗန်းမော်ကို ပြန်မယ်ဆိုရင် ရန်ကုန်က မန္တလေးကို ရထားနဲ့သွားပြီးတော့ မန္တလေးကနေ ကသာ၊ ဗန်းမော်ကို သင်္ဘောစီးရမယ်လို့" ပြန်ပြောပါသည်။ ထိုအခါ ဗိုလ်မှူးဒေါ်အေးချိုက "ဗန်းမော်ကို ဘာလုပ်ဖို့ပြန်မှာလဲ" လို့မေးရာ "တိုက်ပွဲအကြောင်း အသေးစိတ် အစီရင်ခံရေးဖို့ပါ" ဟု ပြန်ဖြေရပါသည်။ "ဗိုလ်မှူးက ဒီဆေးရုံမှာပဲ ရေးလို့ မရဘူးလား။ **DMT** ဗိုလ်မှူးကြီးလှမော်တောင် ဆေးရုံမှာ ရေးတာပဲ" ဟု ပြောပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဗိုလ်မှူးကြီးလှမော်က တော်လှန်ရေးကာလမှာ တိုက်ပွဲဝင်ခါစမို့ အခုအချိန်မှာ DMT လဲ ဖြစ်နေလို့ မြေပေါ်မှာ အလုပ်လုပ်နေတာပါ။ ကျွန်တော်က မနေ့တစ်နေ့ကမှ လက်တွေ့မြေပြင်မှာ တိုက်ခိုက်ခဲ့တာမို့ ကျွန်တော့်ရဲဘော်တွေနဲ့ တွေ့ဆုံပြီး အသေးစိတ် ညှိနှိုင်းရေးသားရမှာမို့ပါ" ဟု ရဲဝံ့စွာတင်ပြခဲ့မှုကြောင့် Air Warrant ထုတ်ပေးခဲ့ပါသည်။ ၎င်းနောက် ဆေးပြန်အစစ်ခံတိုင်း ဗိုလ်မှူးဒေါ်အေးချိုနဲ့ တွေ့ဆုံရပြီး လူချင်း ရင်းနှီးခင်မင်ခဲ့ပါတော့သည်။

**နိုင်ငံတော်မှ စွမ်းရည်ဘွဲ့ချီးမြှင့်ခြင်း**

ကျွန်တော်၏ဒဏ်ရာများ မကျက်မီအဘယ်ကြောင့် တပ်ရင်းသို့ ပြန်သွားရသလဲဆိုရလျှင် ကျွန်တော်နှင့် ရဲဘော်များ၏ ထူးချွန်စွာ တာဝန်ထမ်းဆောင်ရွက်မှုကို ကာကွယ်ရေး ဝန်ကြီးဌာန စစ်ဆင်ရေးအထူးအဖွဲ့ (ကစထ) ၈ တိုက်ပွဲဝင် အရာရှိ၊ အကြပ်တပ်သားများအား ထိုက်တန်သည့် ဘွဲ့ထူး၊ ဂုဏ်ထူးများ ထောက်ခံတင်ပြရန် ညွှန်ကြားစာအရ ရေးသားတင်ပြရန် တပ်ရင်းဌာနချုပ်ရှိသည့်





ဗန်းမော်သို့ ပြန်ခဲ့ခြင်းဖြစ်သည်။

နားလုံတိုက်ပွဲအကြောင်း အစီရင်ခံစာ ရေးသားပြီး ဗန်းမော်စစ်ဗျူဟာမှတစ်ဆင့် မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ဆက်လက်တင်ပြခဲ့သည်။ လအနည်းငယ်ကြာသွားသောအခါ ဗန်းမော်မှ မော်လမြိုင်သို့ တစ်ဆင့်မြင့်တာဝန်ဖြင့် ကျွန်တော် ပြောင်းခဲ့ရပါသည်။

၁၉၈၄ ခုနှစ် ဇန်နဝါရီလ ၁၄ ရက်နေ့ ထိုရက်များတွင် ကျွန်တော်သည် ရှေ့တန်း ခမရ(၁၀၄) ယာယီ တပ်ရင်းမှူးတာဝန်ဖြင့် ကျေးသီးဂွင်တွင် လှုပ်ရှားတာဝန်ထမ်းဆောင်နေပါသည်။ ကျေးသီးရှိ တပ်မ (၇၇) မှ နည်းဗျူဟာမှူး ဗိုလ်မှူးကြီးခင်မောင်ဆွေ၏ ကွပ်ကဲမှုအောက်မှာပါ။ ကျွန်တော် ရောက်ရှိ ယာယီစခန်းချနေသည်က မိုင်းတုံအနီး အမည်မမှတ်မိသော အိမ်ခြေ ၂၀ ခန့်ရှိမည့် ကျေးရွာလေးတစ်ရွာ။ ကျွန်တော် အိပ်နေသည်မှာ ကောက်ရိုးပုံတစ်ခုအနီးမှာ ခြင်ထောင်ကို စောင်ကဲ့သို့ခြုံပြီး အအေးဒဏ်ခံ၍ မိုးလင်းခဲ့ပါသည်။ နှီးတစ်ဝက် မနှီးတစ်ဝက်။ ထိုနေ့နံနက်တွင် နိုင်ငံတော်အစိုးရက ဘွဲ့ထူးဂုဏ်ထူး ကြေညာမည့်ရက် ဖြစ်ပါ သည်။ ဆောင်းတွင်းဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



အလွန်ချမ်းပါသည်။ တပ်စုမှူးအရာရှိများ အရာခံဗိုလ်နှင့် တပ်ကြပ်ကြီးများလည်း ရှိနေကြပါသည်။ **National Panasonic** ရေဒီယိုတစ်လုံးကလည်း ကျွန်တော်တို့ အလယ်တွင် ရှိနေသည်။

နံနက် ၇ နာရီတွင် ရေဒီယိုမှ ပထမဦးစွာ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်ရ ဆရာတော်ကြီးများ၏ အမည်စာရင်းကို ကြေညာပါသည်။ ၎င်းနောက် တပ်မတော်တွင် သက်စွန့်ကြိုးပမ်း တာဝန်ထမ်းဆောင်သည့် စွမ်းရည်ဘွဲ့ရသူများ၏ အမည်စာရင်းကို ကြေညာရာ၌ သူရဘွဲ့ရရှိသူများအပိုင်းတွင် "**တစ်၊ ကြည်း ၉၇၇၅ ဗိုလ်မှူး စိုးအောင် အမှတ် (၄၇) ခြေလျင်တပ်ရင်း**" ဟူသော အသံကို ကြားလိုက်ရပါသည်။

ထခုန်မိမတတ် ဝမ်းသာသွားသော်လည်း တပ်ရင်းမှူးဖြစ်နေ၍ ဣန္ဒြေဆည်နေရပါသည်။ ကျွန်တော့်ရဲဘော်ရဲဘက်၊ အရာရှိ အရာခံ၊ အကြပ်ကြီးများက ဝမ်းသာစွာ ထခုန်၍ ကြွေးကြော်နေကြပါသည်။ "ဒို့တပ်ရင်းမှူးကွ" ဟူသောအော်သံမှာ ဟိန်းထွက်သွား၏။

၎င်းနောက် သူရဲကောင်းမှတ်တမ်းဝင် တံဆိပ်ရ

မြရတနာစာပေ



သူများ၏အမည်များကို ဆက်လက်ကြေညာခဲ့ရာဆက်လက် နားထောင်နေမိသည်။ အမှတ် (၄၇) ခြေလျင်တပ်ရင်းက သူရဲကောင်း မှတ်တမ်းဝင်တံဆိပ် ရရှိသူများကတော့ ကြည်း ၁၅၉၉၃ ဗိုလ်ခင်မောင်ကြီး၊ ကိုယ်ပိုင်အမှတ် ၂၃၃၉၁၆ ဒုတပ်ကြပ်ကြီး မောင်ဝင်း၊ ကိုယ်ပိုင်အမှတ် ၂၀၆၄၈၈ တပ်ကြပ်ကြီး စိုးလွင်တို့ အမည်များကို မြန်မာ့အသံက ကြေညာသွားခဲ့၏။

ကာကွယ်ရေးဦးစီးချုပ်၏ သူရဲကောင်းလက်မှတ် ရသူတွေကတော့ ကြည်း ၁၄၉၈၂ ဗိုလ်ကျော်မောင်၊ ကိုယ်ပိုင်အမှတ် ၄၁၂၃၈၆ တပ်ကြပ်မိုးကျော်၊ ကိုယ်ပိုင်အမှတ် ၄၂၅၅၄၉ တပ်ကြပ်ကျော်လှိုင်နှင့် ကိုယ်ပိုင် အမှတ် ၅၁၁၂၀၀ တပ်သားမင်းအောင်တို့ ဖြစ်ကြပါသည်။

ထို့အပြင် ခွဲအရာခံဗိုလ်ညွန့်ဝေလည်း အမှတ် (၄) အချင်သေနတ်ကိုင်တပ်ရင်းသို့ တပ်ရင်းအရာခံ ဗိုလ်အဖြစ် အဆင့်မြှင့် ပြောင်းရွှေ့ခဲ့ရသည်။ တိုက်ပွဲဝင်အခြားအကြပ်၊ စစ်သည်များကိုလည်း တပ်ရင်းမှူးမှ အဆင့်တိုးမြှင့်ပေးခဲ့ပါသည်။

ကျွန်တော်နှင့်အတူ တိုက်ပွဲဝင်ခဲ့ပြီး ဆက်သွယ်ရေး

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကို ရဲရဲဝံ့ဝံ့ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် လေလိုင်းစစ်သည်နှစ်ဦးကိုလည်း သက်ဆိုင်ရာတပ်ရင်းသို့ ထောက်ခံချက်များ ရေးသားတင်ပြခဲ့ရာ ၎င်းတို့လည်းအဆင့်တိုးမြှင့်ပေးခံရကြောင်း သိရသဖြင့် ကြည်နူးဝမ်းသာရသည်။

နိုင်ငံတော်မှ ကျွန်တော့်အား သူရဘွဲ့ချီးမြှင့်သည်ကို သိရသည့်အတွက် ဝမ်းသာပြီး ရွာမှ ကြက်တစ်ကောင် ဝယ်ယူသတ်စေပြီး ချက်ပြုတ်ကာ ထိုရှမ်းရွာကလေးရှိ ဘုန်းကြီးကျောင်းသို့ နေ့ဆွမ်းဆက်ကပ်စေပါသည်။ ၎င်းနောက် ဝက်တစ်ကောင် ဝယ်ပေါ်ကာ စစ်ကြောင်းရုံး တပ်ခွဲရုံး၊ တပ်စုရုံးနှင့် တပ်စိတ်များသို့ ခွဲဝေစားသောက်စေခဲ့ပါသည်။ အမှတ် (၁၀၄) ခြေမြန်တပ်ရင်းမှ ရှေ့တန်းစစ်သည်များ၊ နောက်တန်းစစ်သည်များအား သူတို့ ယာယီတပ်ရင်းမှူး ဗိုလ်မှူးစိုးအောင်သည် အမှတ် (၄၇) ခြေလျင်တပ်ရင်း၊ ဒုတိယတပ်ရင်းမှူးဘဝဖြင့် တိုက်ပွဲဝင်ခဲ့သော နားလုံတိုက်ပွဲတွင် "သူရ"ဘွဲ့ရရှိကြောင်းကို အကြောင်းမကြားတော့ပါ။ သူတို့လည်း ရေဒီယိုနားထောင်၍ သိကြပါမည်။ အားလုံးဝမ်းသာကြမည် ထင်ပါသည်။

နံနက် ၉ နာရီကျော်ခန့်တွင် တပ်မမှူး





ဒုတပ်မမှူး၊ နည်းဗျူဟာမှူးတို့ထံမှ ချီးကျူးဂုဏ်ပြုကြောင်း ကြေးနန်းများ လက်ခံရရှိပါသည်။ ရှေ့တန်း ခမရ (၁၀၇) မှ တပ်ရင်းမှူး သူရဖေအောင်ထံမှလည်း ကြေးနန်း ဝင်လာပါသည်။ သူလည်း ဝမ်းသာဂုဏ်ယူပါသည်တဲ့။ Con-gratulation ပါတဲ့။

ယခုအချိန်တွင် အသက်အရွယ်ရလာပြီဖြစ်၍ တရားသဘောနှင့် တွေးကြည့်တော့ သူရဘွဲ့ရသည်က ကျွန်တော်။ ဘာမဆိုင် ညာမဆိုင် အသက်ဆုံးရှုံးရသည်က ဝက်တစ်ကောင်၊ ကြက်တစ်ကောင် ဖြစ်နေသည့် အတွက် ပြန်တွေးမိလျှင် စိတ်မကောင်းဖြစ်ရပါသေးသည်။

သူရဘွဲ့လက်ခံရသည့်အတွက် နိုင်ငံတော်က လစဉ် တစ်ရာကျပ်၊ နောက်နှစ်ရာကျပ်၊ နောက် နှစ်ထောင်ကျပ် နှင့် ယခုအချိန်တွင် လစဉ် ထိုစွမ်းရည်ဘွဲ့အတွက် ခြောက်ထောင်ကျပ် ခံစားရပါသည်။

နိုင်ငံတော်မှ ချီးမြှင့်သည့်စွမ်းရည်ဘွဲ့အတွက် ရရှိသော ငွေနှစ်သောင်းငါးထောင်ဖြင့် တပ်တွင်းမှ ကလေးများအား မော်လမြိုင်တွင် ရှင်ပြု၍ သင်္ကန်းစည်းပေးလိုက်ပါသည်။ ယခု အချိန်ထိ မြင်ယောင်နေဆဲပါ။ စွမ်းရည်ဘွဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွက် စစ်တိုက်ခဲ့ခြင်းကား မဟုတ်ပါ။ တပ်မတော်သား ပေမို့ ပေးအပ်သည့် တာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခဲ့ခြင်းသာ ဖြစ်ပါသည်။ ပြောရမည်ဆိုက စစ်သားပီပီ အသက်သွေးချွေး စဉ်မနေးဘဲ ပေးဆပ်ခဲ့ခြင်းသာ ဖြစ်ပါသည် ခင်ဗျား။

သူရစိုးအောင်

■



## အခန်း ( ၄ )

## ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၂၉) မှ အရာရှိကြီးနှစ်ဦး၏ ဖော်ပြချက်

ဗိုလ်မှူးကြီးသူရစိုးအောင်မှာ သူတို့အပတ်စဉ်တွင် အသက်အငယ်ဆုံးဖြစ်ရုံမက ရိုးသားအေးဆေးသူဖြစ်၏။ ထို့ကြောင့် သင်တန်းတစ်ခုလုံးက သူ့ကို ချစ်ခင်ကြလေသည်။ သူ ကွယ်လွန်တော့ ရေဝေးသုသာန်တွင် သူတို့အပတ်စဉ်က အသုဘပို့သူများနှင့် ပြည့်နှက်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဇနီးသည်က ပြောပါသည်။ ယခု သူ့ အကြောင်း စာအုပ်ကလေးရေးတော့ သူ့လိုပင် သူရဘွဲ့ရထားသည့် သူတို့အပတ်စဉ်မှ အရာရှိကြီးနှစ်ဦးက စာမူပေးဖို့ လာခဲ့ရာ အောက်တွင် ဖော်ပြပေးလိုက်ပါသည်ခင်ဗျား။

■



# ကျွန်တော်နှင့် သူရစိုးအောင်

ရေးသူ
ကြည်း ၉၇၀၇ ဒုဗိုလ်မှူးကြီး သူရအောင်ကြည် (ငြိမ်း)

**ဗိုလ်သင်တန်း (၂၉) ဗိုလ်လောင်းဘဝ**

ကျွန်တော်နဲ့ စိုးအောင်လေးတို့မှာ တပ်စု (၁)၊ အဆောင် (၂) တွင် ကျွန်တော်က ကျောင်းသားနံပါတ် (၃၄)၊ စိုးအောင်လေးမှာ ကျောင်းသားနံပါတ် (၃၆) ဖြစ်ပြီး တစ်ခုတင်ကျော်တွင် ၁၀ လကျော် အတူနေခဲ့ကြပါသည်။ စိုးအောင်လေးမှာ ဥပစာတန်းအောင်ပြီး ဗိုလ်သင်တန်း



www.burmeseclassic.com

www.burmeseclassic.com



တက်ခဲ့သဖြင့် အသက် ၁၉ နှစ် ၃ လခန့်သာ ရှိပြီး တပ်ခွဲတွင် အငယ်ဆုံးဟု သတ်မှတ်ထားပါသည်။ အေးဆေးစွာနေထိုင်တတ်ပြီး ပေးအပ်သည့် တာဝန်၊ အလုပ်ခွဲဝေမှုအား တာဝန်ကျေပွန်စွာ ဆောင်ရွက်ပါသည်။ တစ်ဦးနှင့်တစ်ဦး ညီအစ်ကိုရင်းပမာရှိပြီး ကျွန်တော့်အား အစ်ကိုလို့ခေါ်ပြီး စကားပြောလျှင် နင်၊ ငါနှင့် ရင်းနှီးစွာ ပြောတတ်ပါသည်။

ဗိုလ်လောင်းဘဝတွင် အမှတ်တရတစ်ခုအဖြစ် ယနေ့တိုင် မမေ့နိုင်ပါ။ အကြောင်းမှာ ညတပ်စိတ်လေ့ကျင့်ခန်းအား ထောက်ကြန့်ရာဘာခြံ (ယခုအခါ လော်ကားဥယျာဉ်)တွင် တစ်စိတ်အလှည့်ကျ တိုက်ပွဲလေ့ကျင့်မှုပြုလုပ်ရပါသည်။ ကျွန်တော့်တပ်စိတ်တွင် စိုးအောင်လေးပါဝင်ခဲ့ပြီး ၎င်းအား အချက်ပြမီးကျည် အနီ ၃ ချက်ပေါ်လျှင် ပြောရန် တာဝန်ပေးပြီး ကျန်သူများ အားလုံး ခဏနားနေကြပါသည်။ မကြာခင် မီးကျည် အနီ ၃ လုံး ဆ ပေါ်လာ ကျွန်တော်တို့ တပ်စိတ်တိုက်ပွဲဝင်ရန် ဖြစ်ပေ လည်း ာင်းတာဝန်ကျသူ စိုးအောင်လေးမှ အ ရောင် မြင်ကြောင်း ပြောပါသည်။ အားလုံးမှ အ ရောင်မြင်





ကြောင်း အတည်ပြုပြီး အချိန်မီ သတင်းပို့တိုက်ပွဲဝင်လေ့ကျင့်ခဲ့သဖြင့် ပြဿနာ တစ်စုံတစ်ရာမဖြစ်ခဲ့ပါ။ ထိုအခါ စိုးအောင်လေးမှာ အနီရောင်ကို အဖြူရောင်ဟု မြင်တတ်သူဖြစ်ကြောင်း သတိပြုမိပါသည်။

**အရာရှိဘဝ**

ဗိုလ်သင်တန်းဆင်းသောအခါ ကျွန်တော်မှာ အမှတ် (၁၀၄) ခြေမြန်တပ်ရင်း၊ လှိုင်မွေမြို့၊ ကျိုင်းတုံသို့ ရောက်ခဲ့ပြီး စိုးအောင်လေးမှာ အမှတ် (၂) ကချင်သေနတ်ကိုင်တပ်ရင်း၊ ဘားအံမြို့သို့ ရောက်ခဲ့ပါသည်။ ကျွန်တော်တို့ ခမရ (၁၀၄) တပ်ရင်းသည် လှိုင်မွေ၊ ကျိုင်းတုံ၊ မိတ္ထီလာမြို့များသို့ တမခ (၇၇) ဖွဲ့စည်းမှုဖြင့် ရောက်ခဲ့ပြီး ၁၉၆၇ ခုနှစ်တွင် မော်လမြိုင် လော်မကာန်စမ်းသို့ ပြောင်းရွှေ့ရောက်ရှိခဲ့ပါ သည်။

၁၉၇၀ ခုနှစ်ခန့်တွင် ခမရ (၁၀၄) တွင် တပ်ရေးဗိုလ်ကြီးလုပ်နေစဉ် မော်လမြိုင် ကန်သုံးဆင့်တွင် ရတခတိုင်းတပ်တွင်း ပညာပေးသင်တန်းတက်ရင်း စိုးအောင်လေးအိမ်သို့ လာလည်၍ ထမင်းကျွေးပြီး စကားလက်ဆုံကျခဲ့ကြ



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ထမင်းမစားမီ စိတ်ညစ်၍ အရက်တောင်းသောက် ပါသည်။ စိတ်ညစ်မှုကို အကြောင်းပြသဖြင့် အရက် မကောင်းကြောင်း ပြောဆိုတားမြစ်ခဲ့ပါသည်။ ထိုမှစ အရက်သောက်မှုများကို တွေ့ရပါသည်။

စိုးအောင်လေးမှ ၁၉၈၂ ခုနှစ် ပတ်ဝန်းကျင်၌ ကချင်ပြည်နယ် မြောက်ပိုင်းတိုင်း နယ်မြေတွင် ခလရ (၄၇) ဒုတိယတပ်ရင်းမှူးဘဝတွင် တိုက်ပွဲထူးချွန်မှုဖြင့် "သူရဘွဲ့တံဆိပ်" ရခဲ့သည်။ ဗိုလ်သင်တန်း (၂၉) မှ ပထမဆုံး "သူရဘွဲ့တံဆိပ်"ရသူမှာ ကြည်း ၉၈၅၂ ဗိုလ်ကြီး ဆွေဝင်း(ငြိမ်း)ဖြစ်ပြီး လွယ်ပင်းရဲတောင် လွယ်ပင်းရဲ တိုက်ပွဲတွင် ခမရ (၁၀၂) မှ တပ်ခွဲမှူး ဗိုလ်ကြီးအဆင့်ဖြင့် ဘွဲ့ရခဲ့ပါသည်။ ကျွန်တော်မှာ ခလရ (၁၄) တပ်ရင်းမှူး တာဝန်ဖြင့် နိုင်ငံတော်အရေးအခင်းကာလ မိုင်းယမ်းအော တိုက်ပွဲ၌ ၁၉၈၈ ခုနှစ်တွင် "သူရဘွဲ့တံဆိပ်"ရခဲ့သူ ဖြစ်ပါသည်။ တတိယမြောက် သူရဘွဲ့ရသူဖြစ်သည်။ ဗိုလ်လောင်းသင်တန်း (၂၉) တွင် အရာရှိ ၁၆၂ ယောက် ကျောင်းဆင်းသော်လည်း "သူရဘွဲ့တံဆိပ်" ရသူ သုံးဦး သာရှိခဲ့ပြီး ကျွန်တော်နှင့် စိုးအောင်လေးမှာ တပ်စု တစ်





တည်း အခဆောင် ၂ မှ တစ်ကုတင်ခြား ကျောင်းဆင်းသူ ၂ ဦးဖြစ်၍ ထူးခြားသည်ဟု ထင်ပါသည်။ ဘွဲ့ရသူ သုံးဦးလုံးမှာ အဆင့်တူမဟုတ်ကြသည်မှာလည်း ထူးခြား ပါသည်။

ဗိုလ်သင်တန်း ၂၉ တွင် ကျွန်တော်သည် လေထီး စစ်သည် ပထမဆုံး ဖြစ်ပါသည်။ ၁၉၆၆ ခုနှစ် လေထီး အပတ်စဉ် (၁၄) တွင် တက်ရောက်ခဲ့ပြီး စိုးအောင်လေး၊ ဗိုလ်ချုပ်ကက်စိန်၊ ဗိုလ်မှူးကြီးတင်ဝင်း၊ ဗိုလ်မှူးမြတ်လှ တို့မှာ နောက်ပိုင်းမှ သင်တန်းတက်ခဲ့သူများ ဖြစ်ပါသည်။ စိုးအောင်လေးမှာ လေထီးအခြေခံမှ **Jump Master** သင်တန်းတက်ခွင့်ရပြီးနောက် လေထီးသင်တန်းကျောင်းသို့ ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရပါသည်။ လေထီးကျောင်း တွင် တပ်ရေးဗိုလ်ကြီး တာဝန်ထမ်းဆောင်ခဲ့ပါသည်။ လေထီးကျောင်းရိပ်သာတွင် အားလပ်ချိန်များ၌ နေ့၊ ည ဘိလိယက်ထိုးပြီး အရက်သောက်လေ့ရှိပါသည်။ အရက် စွဲသွားသည်ကို တွေ့ရပါသည်။

ထိုမှ တစ်ဆက်တည်း အရက်စွဲပြီး အသောက်များ ပါသည်။ လူငယ်ဖြစ်၍ ခံနိုင်ရည်ရှိသဖြင့် မူးမှန်းသိပ်မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



နယ်စပ်စည်ပင်တွင် ဒုညွှန်ချုပ်တာဝန်ထမ်းဆောင်ရာတွင်လည်း အရက်ကို နေ့စဉ်ရွဲရွဲမြဲမြဲ သောက်နေမှုတွေ၍ တားမြစ်ခဲ့သော်လည်း အရာမရောက်ခဲ့ပါ။

အမှတ်တရမှာ စိုးအောင်လေးသည် နည်းဗျူဟာမှူးတာဝန်ဖြင့် တမခ (၆၆) သို့ ရောက်လာပါသည်။ ကျွန်တော့်မှာ ခလရ (၁၄) တပ်ရင်းမှူးတာဝန်ဖြင့် စစ်ဆင်ရေးထွက်နေကြသဖြင့် တစ်ကြိမ်၊ နှစ်ကြိမ်သာ သူနှင့်ဆုံကြပါသည်။ ၁၉၈၈ ခုနှစ် အရေးအခင်းကာလတွင် စိုးအောင်လေးမှာ တမခ (၆၆) ဌာနချုပ်တွင်ရှိနေပြီး ကုန်သွယ်ရေး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး တင်မောင် (ကွယ်လွန်) (တပ်မ ၇၇ တပ်မမှူးဟောင်း)မှာ ပြည်သို့ တာဝန်ဖြင့်လာရာ ပြည်မီးရထားဘူတာတွင် လာကြိုသည့် နည်းဗျူဟာမှူးအား မတွေ့သဖြင့် တွေ့သည့် ဒုဗိုလ်မှူးကြီးတစ်ဦးအား ခေါ်မေးမှ စိုးအောင်လေးဖြစ်နေပြီး ဒုဝန်ကြီးအား ကြိုခဲ့ရပါသည်။ စိုးအောင်လေးမှာ အကောင်ငယ်နေပြီး ဗိုလ်မှူးကြီးလစာစားနေသည့် **Officating** ဒုဗိုလ်မှူးကြီး ချာတိတ်ဖြစ်နေ၍ လွဲမှားနေခြင်းဖြစ်ကြောင်း တပ်မမှူးဟောင်းကြီးမှ ပြောပါသည်။ "မင်းက ငယ်တော့ ချာတိတ်ကိုး။ ဗျူဟာမှူးဖြစ်နေ





ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) မှ ဒုဗိုလ်မှူးကြီး သူရ[illegible]အောင်ကြည်


www.burmeseclassic.com



ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉)မှ ဗိုလ်ကြီးသုရရွှေထွင်း

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၉)မှ ဗိုလ်ကြီး သုရ ရှေ့ပွင့်

www.burmeseclassic.com


www.burmeseclassic.com



ဗိုလ်ကြီး သုရဆွေဝင်းအား နိုင်ငံတော်သမ္မတကြီး ဦးနေဝင်းမှ
သုရဘွဲ့ ချီးမြှင့်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတော်သမ္မတကြီး ဦးစန်းယုထံမှ သူရဘွဲ့ လက်ခံရယူနေသည့် ဗိုလ်မှူးကြီး သူရစိုးအောင်
(၁၉၈၄ - ခုနှစ်)

www.burmeseclassic.com


www.burmeseclassic.com



အရာရှိငယ်ဘဝက ရှေ့တန်းရောက် ဗိုလ်ကြီးမိုးအောင်

www.burmeseclassic.com

www.burmeseclassic.com



ကြည်း ၉၇၀၇ ဒုတိယဗိုလ်မှူးကြီး သူရအောင်ကြည်အား
ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး စောမောင်မှ "သူရဘွဲ့တံဆိပ်" ချီးမြှင့်စဉ် (၁၉၉၀)

www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ မထင်ခဲ့ဘူး'' ဟု ပြောကြောင်း စိုးအောင်လေး ပြောပြ၍ သိခဲ့ရပါသည်။

## အငြိမ်းစားဘဝ

၁၉၉၀ ခုနှစ်တွင် သူရောကျွန်တော်ပါ တပ်မှ အငြိမ်းစား ယူခဲ့ကြရပါသည်။ သူက ကျွန်တော့်ထက်စော၍ ၁၉၈၈ ခုနှစ်တွင် အငြိမ်းစားယူသွားရခြင်းဖြစ်သည်။ တပ်မှ အငြိမ်းစားယူပြီး နယ်စပ်စည်ပင်မှာ ပြန်တာဝန်ပေးခံရသည်။ စိုးအောင်လေးမှာ နယ်စပ်စည်ပင်တွင် ညွှန်ကြားရေးမှူးဘဝမှ ကြိုးစားမှု၊ တာဝန်ကျေပွန်မှုကြောင့် ဒုညွှန်ကြားရေးမှူးချုပ်အဆင့် ရရှိခဲ့ပြီး သက်ပြည့်ပင်စင်ယူခဲ့ပါသည်။ ထိုစဉ်ကာလမှာလည်းကောင်း၊ နှစ်စဉ်မိတ်ဆုံစားပွဲများတွင်လည်းကောင်း စိုးအောင်လေးမှာ အရက်ကို နှစ်ခြိုက်စွာ သောက်သုံးနေသဖြင့် ကျန်းမာရေးအတွက် သတိပေးခဲ့သော်လည်း တားဆီး၍ မရခဲ့ပါ။ ၂၀၁၂ ခုနှစ်တွင် လည်ချောင်းရောဂါဖြင့် တောင်ကြီးတွင် သွားရောက်ဓာတ်ကင်ကြောင်း သိရပါသည်။ မကွယ်လွန်မီ ၁၆ ရက်ခန့်က (၁၇. ၁၁. ၂၀၁၂) တွင် ဗိုလ်မှူးချုပ်အောင်သိန်း(ငြိမ်း)၊



www.burmeseclassic.com

www.burmeseclassic.com



ရဲမှူးမြင့်မော်တို့ဖြင့် သွားရောက်ကြည့်ရှု အားပေးခဲ့ပါသည်။ ကိုယ်ခံအား(ခုခံအား)နည်းနေသဖြင့် လပိုင်းအတွင်းသာ ခံနိုင်ရည်ရှိတော့မည့်ဟန်ကို တွေ့၍ စိတ်မကောင်းခဲ့ပါ။ (၃၊ ၁၂၊ ၂၀၁၂) တနင်္လာနေ့ နံနက် ၀၁း၃၀ နာရီတွင် ကွယ်လွန်သွားသည်ဟု ကြားရသည်။ အသက် ၆၈ နှစ်ဖြင့် လူ့လောကအား စွန့်ခွာခဲ့ရမှုအား အထူးစိတ်မကောင်း ကြေကွဲစိတ်ဖြင့် နှုတ်ဆက်ခဲ့ပါသည်။ အရက်သောက်ခြင်းမှ လွဲ၍ မကောင်းတာ မလုပ်ခဲ့သည့်၊ စိတ်ဖြူစင်သည့် ညီငယ် ကိုစိုးအောင် ကောင်းရာဘုံတဝသို့ မလွဲမသွေ ရောက်မည်ဟု ယုံကြည်ပါသည်။

### 'သူရ'တံဆိပ်နှင့် ချီးမြှင့်ငွေ

သူရတံဆိပ်။ ၂၂ ကာရက် ရွှေ ၁၅ ပဲရည် ၅ ကျပ်သား။

အငြိမ်းစားယူပြီးနောက် သူရဘွဲ့ရသူကို လစဉ် ချီးမြှင့်ငွေမှာ –

(က) ၁၉၉၀ ခုနှစ်က လစဉ် ၂၀၀၀ ကျပ်

(ခ) ၁–၄–၂၀၀၈ ပြည့်နှစ်မှစ၍ ၆၀၀၀ ကျပ်





(ဂ) ၂၀၁၂ ခုနှစ်တွင် လစဉ် ၃၀၀၀၀ ကျပ် ရခဲ့ပါသည်။

ခုဗိုလ်မှူးကြီးသူရအောင်ကြည်(ငြိမ်း)

■



www.burmeseclassic.com

www.burmeseclassic.com

## တက္ကသိုလ်စာသင်ခန်းမှ ပြေးထွက်၍ စစ်တိုက်ခြင်းအတတ်ကို မက်မက်မောမော သင်ယူခဲ့သူ

## ကြည်း ၉၇၇၅ ဗိုလ်မှူးကြီး သူရစိုးအောင်(ငြိမ်း)

ရေးသူ

**ကြည်း ၉၈၅၂ ဗိုလ်ကြီးသူရစထွဝင်း (ငြိမ်း)**

သူ့ကို ၁၉၆၃ ခုနှစ် ရန်ကုန်တက္ကသိုလ် အပန်းဖြေ ရိပ်သာ RC မှာ စတွေ့သည်။ RC ထဲမှာ တစ်နေ့လည်း မဟုတ်။ နေ့တိုင်းပဲ သူ ရှိနေသည်။ ပွဲကြည့်စင်ခုံတန်း ပေါ်တွင် ထိုင်နေပြီး အတွေးနယ်ချဲ့နေပုံရသည်။ သူနှင့်အတ





မည်သူ့ကိုမှ မတွေ့ရ။ "ထားသစ္စာပျက်ပြယ်လို့ ရည်းစားနဲ့ လွဲပြီး အသည်းကွဲနေသလား" လို့လည်း ထင်မိသေးသည်။ သို့သော် အသေအချာ ကြည့်မိသောအခါ သူ့ကို တက်ကြွနေသည့်ဟန်ဖြင့် မြင်ရပြန် သည်။ သူသည် **Lecture** မတက်ဘဲ စာသင်ခန်းမှ လစ်နေသည်မှာ အတော်ကြာ နေပြီ။ တကယ်တော့ စာရေးဆရာ ရောင်နီ၏ "ရှမ်းတောင် ရိုပ်ခို" ဝတ္ထုထဲကအတိုင်း "သူသည် အရေးကျဉ်းမြောင်း လှစွာသော တက္ကသိုလ်စာသင်ခန်းမှ ပြေးထွက်၍ စစ်တိုက် ခြင်းအတတ်ကို မက်မက်မောမော သင်ယူရန် စိတ်စော နေသူ" ဖြစ်ကြောင်း သူနှင့် ရင်းနှီးတော့မှ သိရတော့သည်။

သူကား ရန်ကုန်တက္ကသိုလ်ကျောင်းသား ကိုစိုးအောင် (ဗိုလ်မှူးကြီးသူရစိုးအောင်) ဖြစ်ပါသည်။

သူနှင့် ကျွန်တော်သည် ၁၉၆၃ ခုနှစ်က ကာကွယ်ရေးဝန်ကြီးဌာန စစ်ရာထူးခန့် အတွင်းဝန်ရုံးက ခေါ်ယူသည့် အရေးပေါ် ပြန်တမ်းဝင်အရာရှိသင်တန်း (ဗိုလ်သင်တန်း)ဖြေဆိုထားသူများဖြစ်သည်။ အောင်စာရင်း ကို စောင့်နေကြသည်။ နှစ်ယောက်စလုံး ရည်ရွယ်ချက်ချင်း က တူတော့ ဘော်ဒါဖြစ်သွားသည်။ ထိုနှစ်က ဥပစာ(ခ)



www.burmeseclassic.com

www.burmeseclassic.com



တန်းအောင်လျှင် ပြန်တမ်းဝင်အရာရှိ လျှောက်ထားခွင့်ရသည်။ ဗိုလ်သင်တန်းက ဘယ်တော့ ဖွင့်မည်၊ ဘယ်မှာတက်ရမည်ကို မသိရပေမယ့် ကျွန်တော်တို့နှစ်ယောက်က စိတ်စောပြီး တက်ကြွနေသည်။ တက်ကြွသည့်နေရာတွင် ကိုစိုးအောင်က ပိုသည်။

သူက "ဆွေဝင်း တပ်ကတချို့အရာရှိတွေ ဘယ်ရီကက် Berry cap ကို ကောင်းကောင်းမဆောင်းတတ်ဘူးကွ။ ပုံမကျဘူး။ ငါဆိုရင် ဘယ်ရီကက်အသစ်ရရင် ချက်ချင်း မဆောင်းသေးဘူး။ ပုံကျသွားအောင် အရင်လုပ်ဦးမယ်။ ပြီးမှ ဆောင်းမယ်" ဟု ကျွန်တော့်ကို ပြောသည်။

ဒီလိုနှင့် ကျွန်တော်တို့ ဗိုလ်ရွေးအဖွဲ့မှာ အောင်ပြီး ဗိုလ်သင်တန်း အပတ်စဉ် (၂၉) မော်ဘီသို့ ၁၉၆၄ ခုနှစ် ဇန်နဝါရီလ ၈ ရက်နေ့တွင် စတင်တက်ရောက်ခဲ့သည်။ ၁၉၆၄ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက်နေ့တွင် ကျောင်းဆင်းသည်။ ကိုစိုးအောင်က အမှတ် (၂) ကချင်သေနတ်ကိုင်တပ်ရင်း၊ ဘားအံမှာ တာဝန်ကျသည်။ ကျွန်တော်က အမှတ် (၁၀၂) ခြေမြန်တပ်ရင်း ဗထူးမှာ တာဝန်ကျသည်။ ခြေမြန်တပ်ရင်း (၁၀၂) သည် ကကြည်း အရန်ဖြစ်၍





စစ်ဆင်ရေးများနှင့် လုံးပန်းနေရပြီး သူက ကရင်ပြည်နယ်စစ်ဆင်ရေးများတွင် မအားလပ်အောင် ရှိနေသည်။ တစ်ဦးနှင့်တစ်ဦး မတွေ့ခဲ့ကြ။ ၁၉၆၈ ခုနှစ် တပ်ရင်း နည်းပြအရာရှိ သင်တန်း အမှတ်စဉ် (၁) ချော်တွင်းကုန်းတွင် ကျွန်တော်တို့ ပြန်ဆုံကြသည်။ ယင်းသင်တန်းတွင် ဗိုလ်ကြီးကိုလေး(ယခု ဗိုလ်မှူးကြီးကိုလေး (ငြိမ်း) ရန်ကုန်မြို့တော်ဝန် – ဟောင်း) လည်း ပါလာသည်။ သူက **Master Jumper** ဖြစ်သည်။ ကိုစိုးအောင်သည် ဗိုလ်ကြီးကိုလေးကို သဘောကျပြီး လေထီးကြိုးစားခုန်ရင်း **Master Jumper** ဖြစ်လာခဲ့သည်။ နောက် လေထီးကျောင်းက သူ့ကို သဘောကျ၍ သူ လေထီးကျောင်းသို့ ရောက်သွားသည်။

သူနှင့် ကျွန်တော့်တွင် ထူးခြားချက်များ ရှိပါသည်။ ဗိုလ်သင်တန်းအပတ်စဉ် (၂၉) တွင် အသက် အငယ်ဆုံးကို ပြောတိုင်း သူငယ်ချင်းများက သူနှင့်ကျွန်တော့်ကို ညွှန်းဆိုပြောလေ့ရှိသည်။ သူအရာရှိဖြစ်တော့ အသက် ၂၀ မကျော်သေး။ ကျွန်တော်က သူ့ထက် အသက် ၂ နှစ် ကြီးသည်။ မော်ဘီဗိုလ်သင်တန်း အပတ်စဉ် (၂၉၊ ၃၀) နှင့် (၃၁) များတွင် အသက်ကန့်သတ်ချက်ကို (၃၀) အထိ



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်ခဲ့၍ ဗိုလ်လောင်းတွေထဲတွင် အသက်ကြီးသူတွေ ပါလာသည်။ (ဥပမာ – ကိုမြသီးတို့၊ ကိုမောင်မောင်တို့)။ ၁၉၉၂ ခုနှစ် ကျွန်တော် ပဲခူး ခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ တာဝန်ထမ်းဆောင်စဉ် တစ်ရက်မှာ ကိုစိုးအောင်၏ ပုံရိပ် ကျွန်တော်၏စိတ်ထဲတွင် ရုတ်တရက် ပေါ်လာသည်။ "သူနဲ့မတွေ့တာ လေးငါးနှစ် ရှိပြီပဲ" ဟု တွေးနေမိသည်။

ထိုစဉ် ဦးတင်ဝင်း(ဓာတ်ပုံကျွမ်းကျင်)က "ဗိုလ်ကြီး တယ်လီဖုန်းလာတယ်။ ဗိုလ်မှူးကြီး စိုးအောင်က ဗိုလ်ကြီးနဲ့ ပြောချင်လို့တဲ့" ဟု ကျွန်တော့်ကို သတင်းပို့ပါသည်။ ကျွန်တော် အံ့အားသင့်သွားရပါသည်။ ဖုန်းဆက်တဲ့ အကြောင်းက သူရေးနေတဲ့ ဆောင်းပါးအတွက် လိုအပ်တဲ့ အချက်အလက်တွေကို သိချင်လို့ မေးမြန်းခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ နှစ်ယောက်ကြားမှာရှိနေတဲ့ အသွားအပြန်တွေ၊ အလျှားအနံ တွေပဲဖြစ်ပါမည်။ သူနှင့်မတ်သက်ပြီး တပ်မတော်သားဘဝ၊ နယ်ဘက်ဝန်ထမ်းဘဝတွေကို ရေးပြရင် ဆုံးမှာမဟုတ်ပါ။

ကျွန်တော်တို့ ကျောင်းဆင်းအရာရှိတွေဟာ





နှစ်စဉ်ကျောင်းဆင်းခဲ့တဲ့ရက်မှာ မိတ်ဆုံစားပွဲ လုပ်လေ့ ရှိသည်။ ရန်ပုံငွေတွေလည်း ရှိကြပါသည်။ တချို့အပတ်စဉ် တွေမှာ ရန်ပုံငွေတွေကလည်းများလာ၊ သူတို့ရဲ့ အသက် တွေကလည်း ကြီးလာလို့ ကျောင်းဆင်းပွဲ အထိမ်းအမှတ်ပွဲ နှစ် (၅၀) ပြည့်ရင် ရှိတဲ့ငွေတွေ အကုန် လှူဒါန်းကြမယ်လို့ ပြောသံကြားရပါသည်။ ကျွန်တော်တို့ အပတ်စဉ် (၂၉) က သူတို့လို ရန်ပုံငွေမများလို့ လှူဒါန်းဖို့ မဆုံးဖြတ်ရသေး ပါဘူး။ ဒီတော့ ကျွန်တော်က သူငယ်ချင်း ကိုမြင့်မော်ကို "ကျွန်တော်တို့အထဲမှာ အသက်အငယ်ဆုံးဟာ ကိုစိုးအောင် ပဲ။ သက်တမ်းအရနေရရင် သူပဲ နောက်ဆုံးကျန်မယ်။ ဒီကျန်တဲ့ငွေကို ကိုစိုးအောင်ပဲ စီမံခန့်ခွဲပါစေ" ဟု ရယ်စရာ ပြောခဲ့ပါသေးသည်။ အခု အသက်အငယ်ဆုံးက သက်တမ်း အရ မဟုတ်ဘဲ ကျော်လွန်ပြီး ထွက်ခွာသွားလေပြီ။

သူ မကွယ်လွန်မီ သူ့အသက် ၆၇ နှစ်ပြည့် မွေးနေ့ပွဲလေးကို ဆရာစံလမ်းပေါ်က **Golden Carb** မှာ လုပ်ပါသည်။ ကိုဖေငြိမ်း(ဒုဗိုလ်မှူးကြီး–ငြိမ်း)၊ ကိုမောင်မောင်(ဒုဗိုလ်မှူးကြီး–ငြိမ်း) (ရုပ်ရှင်သရုပ်ဆောင် မင်းသမီး ခိုင်သင်းကြည်၏ဖခင်)၊ ကိုလှထွန်း(ဗိုလ်မှူး–



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း)၊ ရဲမှူး ကိုမြင့်မော်နှင့် ကျွန်တော်တို့ ရောက်ခဲ့ပါသည်။ ဒီတုန်းက သူ ကျန်းမာရေး ကောင်းပါသည်။ ကျန်းမာရေး မကောင်းသူက ကိုလှထွန်းပါ။ သူ နှလုံးခွဲထားရာကနေ လာရောက်ခြင်းဖြစ်သည်။ လာမည့်နှစ်ပတ်လည်မှာ သူတက်နိုင်တော့မှာ မဟုတ်ကြောင်းပြောသည်။ ကိုစိုးအောင်ရဲ့မွေးနေ့ကိုတော့ သူ သံယောဇဉ်ကြီးလို့ ကြိုးစားလာခဲ့ကြောင်း ပြောပြပါသည်။ ကိုလှထွန်းတစ်ယောက် (၂၇-၆-၂၀၁၂)ရက်နေ့မှာ နှလုံးရောဂါနှင့်ပင် ကွယ်လွန်ခဲ့ပါသည်။

အဲဒီမွေးနေ့မှာ ကိုမြင့်မော်က အမှတ်တရစကားတွေ ပြောခိုင်းတော့ ကိုဖေငြိမ်းက ကိုစိုးအောင်ကို ကျန်းမာရေးကို အထူးဂရုစိုက်ဖို့၊ ကျန်းမာရေးထိခိုက်စေတဲ့ ကိစ္စတွေကို ရှောင်ကြဉ်ဖို့၊ အသက်အရွယ်ရလာပြီမို့ ဗုဒ္ဓရဲ့ အဆုံးအမနဲ့နေဖို့ ပြောသွားသည်။ ကိုဖေငြိမ်း ပြောသွားပြီးတဲ့နောက် ကိုစိုးအောင် အသောက်အစားကို လုံးဝဖြတ်လိုက်ကြောင်း သိရပါသည်။

ကျွန်တော်ကတော့ သူငယ်ချင်းရဲ့စိတ်ဓာတ်နဲ့ အောင်မြင်မှုတွေကို ဂုဏ်ယူကြောင်း၊ ဘဝကို အေးချမ်း





စွာနှင့် ဖြတ်သန်းနိုင်စေကြောင်း ဆုမွန်ကောင်း တောင်းပေးခဲ့သည်။

၁၇-၁၁-၂၀၁၂ ရက်နေ့ ဗိုလ်သင်တန်း မိတ်ဆုံစားပွဲကို ရွှေဂုံတိုင်က **Golden Trasure Tower** မှာ လုပ်ပါသည်။ ဒီအချိန်တွင် မမျှော်လင့်ဘဲ သူ ကျန်မာရေး ဆိုးရွားသွားခဲ့သည်ကို တွေ့ရသည်။ တောင်ကြီးသို့ သွားကုခဲ့၍ အပြန်တွင် သူ့ကို သွားမေးစဉ်က သူက ပြုံးရွှင်စွာနှင့် "ဆွေဝင်း ... စိတ်မပူနဲ့။ ငါ ကောင်းလာပြီ" ဟု ကျွန်တော်၏လက်ကို တင်းတင်းရင်းရင်း ဆုပ်ကိုင်ပြီး နှုတ်ဆက်သည်ကို အမှတ်ရမိသည်။ ဘာမှ မကြာသေးဘူး။ သူ၏ ကျန်းမာရေးချို့ယွင်းလာပါလား။ နေမကောင်းသည့်ကြားက သူငယ်ချင်းတွေကို တွေ့ဖို့ ကြိုးစားပြီးလာခဲ့သည်။ သူငယ်ချင်းတစ်ယောက်ချင်းဆီကို နှုတ်ဆက်ခဲ့သည်။

ကျွန်တော် နောက်ဆုံး သူ့ထံ လူနာမေးရောက်တော့ သူ ပြုံးရုံသာ ပြုံးပြနိုင်ပါတော့သည်။ ကျွန်တော် သူနှင့်တွေ့ပြီး နှစ်ရက်အကြာ (၃-၁၂-၂၀၁၂) ရက်နေ့မှာ သူ မိသားစုနဲ့ သူ့သူငယ်ချင်းတွေကို စွန့်ခွာသွားပါသည်။ သူ မဆုံးခင် "ဆွေဝင်း ... ဆွေဝင်း" ဟု ကျွန်တော်၏



www.burmeseclassic.com

www.burmeseclassic.com



နာမည်ကို အော်ခေါ်သွားသေးသည်ဟု မိသားစုထံက ကြားရသဖြင့် ဘယ်လိုမှ ဖြေ၍ မရနိုင်အောင် ဖြစ်ရပါသည်။

ကိုစိုးအောင်တစ်ယောက် ကောင်းမွန်သောဘုံမှ သူ့ငယ်ချင်းများကို သတိရနိုင်ပါစေ။

မိုလ်ကြီးသူရစဆွေဝင်း (ငြိမ်း)

■



## အခန်း ( ၅ )

## နောက်ဆက်တွဲဖော်ပြချက်များ

ကျွန်တော်သည် စစ်စာပေနှင့် စစ်မှတ်တမ်းများကို သာ အဆက်မပြတ် ရေးခဲ့သူဖြစ်၏။ ယခုဆို အုပ် ၆၀ ကျော်ရှိသွားခဲ့ပါပြီ။ ကျွန်တော့် စစ်မှတ်တမ်းများမှာ လူငယ်များအတွက် အဓိကဦးစားပေးခဲ့သဖြင့် ရေးပြီးသည့် တိုက်ပွဲတိုင်းလိုလို သုံးသပ်ချက်များ၊ သင်ခန်းစာ ဖော်ထုတ်ချက်များ ရှိခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



ယခု သူရစိုးအောင်၏အကြောင်းရေးရာတွင်မူ အတ္တုပ္ပတ္တိဆန်ဆန် ရေးခဲ့ပါသည်။ ရေးရာတွင်လည်း သူနှင့် ကျွန်တော် ပတ်သက်စပ်ဆိုင်ခဲ့သည်များအားလုံးကို မရေး ဖြစ်ခဲ့ပါ။ လွမ်းတော်မူဖို့စာကိုစီတယ် အဆင့်သာ ဖြစ်ခဲ့ပါ၏။ ရေးမယ်ဆိုက ရေးစရာတွေ အများကြီးပါ။ သူနဲ့ကျွန်တော့် ကြားတွင်လည်း ပြောမယ်ဆိုက ပြောစရာတွေ အများကြီးပါ။ ရန်ကုန် ဝိဇ္ဇာ သိပ္ပံတက္ကသိုလ်ကြီးတွင် ပထမနှစ်တက္ကသိုလ် ကျောင်းသားဘဝမှသည် သူ ကွယ်လွန်သွားချိန်ထိ အနှစ် ၅၀ ကျော် ပေါင်းသင်းလာခဲ့ကြသည်။ ယယ်သူငယ်ချင်း များပါပေ။

ယခု စာအုပ်လေး၌ သူ၏စွမ်းရည်ဘွဲ့ရ တိုက်ပွဲကို သူကိုယ်တိုင် ရေးသွားခဲ့သည့်အတိုင်း ကျွန်တော် ဖော်ပြထား ပါသည်။ ယခင့်ယခင် တိုက်ပွဲကြီးများလို သူ ရေးခဲ့သည့် တိုက်ပွဲလေးအား ကျွန်တော် ဘာမျှ တိုက်ပွဲသုံးသပ်ချက်တွေ မထည့်ခဲ့ပါ။ ဘာမှတ်ချက်မှ ကျွန်တော် မပေးလိုပါ။ သူ့အမြင်၊ သူ့အတွေး၊ သူ့အရေး၊ အတိုင်းသာ ရိုးရှင်းစွာ ဖော်ပြပေးလိုက်ပါသည်။ ဒါမှလည်း ကိုစိုးအောင်၏ စိတ်နေသဘောထားအမှန်ကို စာရှုသူများ ခံစားနားလည်





နိုင်မည်ဟု ယူဆပါသည်။ ကျွန်တော့်သုံးသပ်ချက်တွေ ထည့်ရေးလိုက်က **Bias** ဖြစ်သွားမှာ စိုးပါသည်။

ကိုစိုးအောင်သည် နားလုံတိုက်ပွဲနှင့် သူရဘွဲ့ကို ၁၉၈၄ ခုနှစ် ဇန်နဝါရီလတွင် နိုင်ငံတော်က ချီးမြှင့်ခံရ၏။ သူရဘွဲ့ရတော့ သူ ခမရ (၁၀၄) တပ်ရင်းမှူးဖြစ်နေပါပြီ။ ထိုစဉ်က သူ့အသက် ၃၈ နှစ်သာ ရှိသေး၏။

နောက်တစ်နှစ် နှစ်နှစ်ခန့်အကြာတွင်မူ တပ်မ (၆၆) တွင် နည်းဗျူဟာမှူးဖြစ်လာသည်။ သူ တပ်ရင်းမှူး ဘဝက သူ့ဆီ ကျွန်တော် စာတစ်စောင်ရေးခဲ့ဖူး၏။ သူ့ဆီက ဘာစာမှပြန်မလာပါ။ သူ ရှေ့တန်းရောက်နေသည်ဟု ဆို၏။ စာပါအကြောင်းအရာမှာ ၁၉၇၈ ခုနှစ် နောင်လိုင်ပါဖန် တိုက်ပွဲကြီးတုန်းက ခမရ (၁၀၄) မှ ဆုံကွေ့တွင် ခဲယမ်းမီးကျောက်များ ထုတ်ယူသွားခဲ့ရာ **On Loan** အငှားဖြစ်၏။ လက်နက်ငယ်ကျည်ဆန်တွေရော၊ လက်နက်ကြီးကျည်ဆန် တွေရော တော်တော်များပါသည်။ ထုတ်ပေးလိုက်သူက ကျွန်တော် ဖြစ်သည်။ တပ်မ (၆၆) မှ ဗိုလ်မှူးကြီး ဘုန်းမြင့် ဗျူဟာတွင် အရန်တွဲဖက်ဘဝဖြင့် နေရစဉ် ဗျူဟာဂျိုတူး အမိန့်အရ ဗျူဟာဂျီသရီး ကိုယ်စား ကျွန်တော်က ရေးပြီး



www.burmeseclassic.com

www.burmeseclassic.com



မအူမလည်ဖြင့် **IssueVoucher** ၌ လက်မှတ်ထိုးပေးလိုက်ခြင်း ဖြစ်သည်။ ထိုစဉ်က ထုတ်ယူသွားသူမှာ ခမရ (၁၀၄) တပ်ရင်းမှူး ဗိုလ်မှူးကြီးကျော်ရင် (နောင် **YCDC** ကော်မတီဝင်) ဖြစ်၏။ ထိုကျည်ဆန်များကို တိုက်ပွဲပြီးတော့ ခမရ (၁၀၄) က ပြန်မဆပ်ပါ။ ခမရ (၁၀၄) သာမကပါ။ ထို တိုင်းအရန်ကျည်များကို တပ်မ (၇၇) နှင့် တပ်မ(၆၆) က တပ်အတော်များများ ထုတ်ယူကြရာ နားမလည် ပါး မလည် ဗိုလ်ကြီးအဆင့် ငမိုက်သားလေး ကျွန်တော်ကထုတ် ပေးပြေစာအားလုံးလိုလို လက်မှတ်ထိုးပေးမိ၏။ သုံးလေး နှစ်ကြာသော်လည်း ဘယ်တပ်တွေကမှ ပြန်မဆပ်၍ ရမခ လားရှိုးတိုင်းက အဲဒီကျည်ဆန်တွေ ဘယ်မှာလဲ၊ ပြန်ပေးပါ ဟု တောင်းတော့ ဘာမဆိုင် ညာမဆိုင် ငမိုက်သား ကျွန်တော်သည် တရားခံထဲတွင် ပါသွားတော့၏။ ရမခက ကျည်ဆန်တွေ အတင်းပြန်တောင်းသည်။ ကျွန်တော့်ကို တပ်မ (၆၆) ဌာနချုပ်သို့ လှမ်းခေါ်ပြီး စာရင်းရှင်းခိုင်းသည်။ ထိုအချိန်တွင် ကျွန်တော်က **Major** ဖြစ်နေပြီ။ တပ်မ (၈၈) တွင် ဂိုတူး တာဝန် ထမ်းဆောင်နေပြီ။ ထို့ကြောင့် ထိုကျည်ဆန်တွေ ထုတ်သွားသည့် တပ်တိုင်း စာလှမ်းရေး





တော့၏။

ခမရ (၁၀၄) က ထုတ်သွားသည့် ကျည်ဆန်များမှာ အများဆုံးဖြစ်နေ၍ တပ်ရင်းမှူး ဒုဗိုလ်မှူးကြီး သူရစိုးအောင် ဆီ စာလှမ်းရေးရခြင်းဖြစ်၏။

"သူငယ်ချင်း ... ငါ့ကိုကူညီပါဦးကွာ။ ဒီကျည်ဆန်တွေ ပြန်မရရင် ငါတော့ အမှုဖြစ်ပြီး ပြုတ်တော့ မလိုဖြစ်နေပြီ" ဟု ထည့်ရေးခဲ့၏။

တပ်မတော်တွင် ကျည်ဆန်၊ သေနတ်၊ ဝှက်စား ဆက်သွယ်ရေးစက် စသည်တို့ကား အရေးအကြီးဆုံး ဦးစားပေး (၁) ဖြစ်၏။ ဒါတွေပျောက်ရင်၊ ဆုံးရှုံးရင် ပြုတ်တတ်ပါသည်။ ထို့ကြောင့် ကျွန်တော်လည်း အားလုံး ကို တောင်းတောင်းပန်ပန်နှင့် စာရေးရတော့၏။ ထိုကိစ္စမှာ အားလုံး၏ ဝိုင်းဝန်းပံ့ပိုးကူညီမှုကြောင့် ပြီးပြတ်သွားပါသည်။

နောင်တွင် သူနှင့် ပြန်တွေ့တော့ ဗိုလ်မှူးကြီး သူရစိုးအောင်က ...

"မင်းစာကို ငါ ရှေ့တန်းက ပြန်ရောက်တော့ ရတယ်ကွာ။ တပ်မ (၆၆) ကို အကျိုးအကြောင်း လှမ်း မေးတော့ ကိစ္စပြီးသွားပြီဆိုတာနဲ့ ဘာမှမပြောတော့တာ။



www.burmeseclassic.com

www.burmeseclassic.com



မင်းဆီလည်း စာမရေးဖြစ်ဘူး။ ငါက အလုပ်လည်း မအား၊ စာရေးလည်း ပျင်း၊ မင်းကိစ္စကလည်း ပြီးပြီဆိုတော့ ဒီအတိုင်းပဲ နေလိုက်တာ''

ဟု သူနှင့်ကျွန်တော် အောင်လံတွင် ပြန်တွေ့တော့ ပြောပါသည်။

သူရော ကျွန်တော်ပါ ပင်စင်စားများဘဝ သူ ကျွန်တော့်ဆီ လာလည်စဉ်တွင် ထိုကိစ္စလေးကို ပြောဖြစ်ပါ သေးသည်။

''မင်းကသာ စိတ်ပူနေတာပါကွာ။ ကျည်ဆန်တွေ က တော်တော်များများ လက်နက်ကြီးကျည်ဆန်တွေ၊ ရောင်းစားလို့လည်း မရ၊ ခိုးထုတ်လို့လည်း မရ။ ဒါတွေ ဘာလုပ်မှာလဲ။ တိုက်ပွဲမှာ သုံးပစ်လိုက်တာပေါ့။ စစ်ထွက်ပြီး အသုံးပြုရင် ရတာပဲ။ စစ်ဆင်ရေး အစီရင်ခံစာတွေ ပြန်စစ်ပြီး ကျည်သုံးစာရင်းနဲ့ တိုက်ဆိုင် စစ်ဆေးလိုက်ရင် ရတဲ့ဥစ္စာ''

''ဒါက မင်းက အခုမှပြောတဲ့ဥစ္စာ။ စောစော ကတော့ ငါကပဲ အလွဲသုံးစားလုပ်သလိုလို၊ ပေးပစ်သလို လိုနဲ့။ ရမခကလည်း တဂျီဂျီနဲ့ဗျာ။ အတင်းကိုတောင်း





နေတာ။ တိုင်းမှူးကလည်း ဦးစိန်အောင်ကြီးလေကွာ။ သူက စည်းကမ်းသမားကြီး။ နောက်တော့ တပ်မ (၆၆)က Staff တွေက ငါ့သနားပြီး စာရင်းတွေ ဝိုင်းရှာပေး၊ ကူးပေး၊ တပ်တွေကို အတင်းပြန်တောင်းပေးနဲ့ ပြီးသွားတာ သူငယ်ချင်း။ အတော်တော့ လုပ်လိုက်ရတယ်''

ကျွန်တော့်စကားကို သူ နားထောင်ပြီး ပြုံး၏။

''ဒါမျိုးတွေက ဖြစ်တတ်တဲ့ဟာတွေပါ သူငယ်ချင်း ရယ်။ နောက်တော့ မင်းလည်း ဗျူဟာမှူးတောင် ဖြစ်လာ တာပဲ မဟုတ်လား''

ဒီတစ်ခါတော့ ကျွန်တော် ပြုံးရသည့်အလှည့် ဖြစ်၏။

**First Love** အကြောင်းပြောဖြစ်တော့လည်း သူက ခွေးခွေးမြည့်မြည့် ပြောသည်။ သူရော ကျွန်တော်ပါ **First Love** နှင့် လွဲခဲ့ကြသူများဖြစ်၏။ နှစ်ယောက်လုံးက **Feeling** သမားတွေ။ သူ့ပထမတပ်က ဘားအံ ကချင် (၂) ကျွန်တော့်ပထမတပ်က ဖာပွန်။ ထို့ကြောင့် သူနှင့် ကြာခဏ ဘားအံမှာ ဆုံသည်။ ရွှေတန်း စစ်ဆင်ရေးတွင် ဆုံသည်။ ကျွန်တော်သည် ဖာပွန်တွင်နေခဲ့သည့် ၅ နှစ်ခွဲ



www.burmeseclassic.com

www.burmeseclassic.com



ကာလ၌ အရက်လုံးဝမသောက်တတ်ပါ။ ၁၉၇၂ ခုနှစ် ကုန်ပြီးမှ စအရက်သောက်တတ်လာပါသည်။ ကိုစိုးအောင် မူကား လူပျိုဘဝ ဘားအံ ကချင် (၂) မှာကတည်းက အရက် အတော်သောက်နေပါပြီ။ အရက်နည်းနည်းမူးလာ ရင် သူ့ရည်းစားတွေအကြောင်း ပြောတော့သည်။ မမူးရင် တော့ သူ ဘာမှမပြောပါ။

သွားလေရာမှာ ရမ်ပုလင်းပြားလေး အမြဲသူ ဆောင်ထား၏။ စိတ်ကူးရတိုင်း ပုလင်းပြားလေးကို ထုတ် ထုတ်သောက်သည်။ ဒါကို သူနှင့် ကျွန်တော် စစ်ဆင်ရေး အတူသွားဖူး၍ သိဖြစ်ခဲ့ရခြင်းဖြစ်၏။

"သူငယ်ချင်း . . . မင်း ပုလင်းပြားလေး ခဏ ခဏ မော့တာ များသလား မသိဘူး"

ဟု ကျွန်တော်က ပြောတော့ သူက အသာအယာ သာ ပြုံးပြသည်။

ထိုစဉ်က သူတို့ ကချင် (၂) က အရာရှိ အတော် များများ ယမကာကြိုက်သူများ ဖြစ်၏။ ကိုစိုးအောင် ကိုဖေမြတ်အေး၊ ကိုမြင့်သန်း၊ ကိုခင်မောင်အုန်းတို့မှာ နာမည်ကြီး Fighter များသာမက နာမည်ကြီး Liquor





သမားများလည်း ဖြစ်ကြ၏။ ကချင် (၂) နှင့် KNU ယမကာပြိုင်သောက်ရင်း စစ်မြေပြင်တွင် ပြိုင်ဖိုက်ကြ သည်။ စီနီယာတပ်ခွဲမှူး ဗိုလ်မှူးဒါရိုဂမ် (နောင်တွင် ကချင် ၂ တပ်ရင်းမှူး) သည်လည်း ယမကာကြိုက်သည့် ကချင် စစ်သားကြီးဖြစ်၏။ ဗိုလ်ကြီးအမ်ဒွဲလာသည်လည်း ယမကာ ကြိုက်သူပါပင်။

သူတို့တပ်ရင်းမှူးများကိုယ်တိုင်လည်း အရာရှိငယ် များကို စစ်ချည်းပဲ တိုက်နေရသဖြင့် ယမကာ ကြိုက်ခြင်း အား သိပ်တားဆီးပိတ်ပင်ခြင်း ရှိပုံမရ။ သူတို့ကိုယ်တိုင် လည်း သောက်တတ် ပြုတတ်၏။ ကျွန်တော်တို့ ဖာပွန် တပ်ရင်းမှူးများမှာ အရက်လုံးဝမသောက်တတ်သူများ ဖြစ်၏။ ဗိုလ်မှူးကြီးစိုးမြင့်၊ ဗိုလ်မှူးကြီးဘသိန်းတို့ ဖြစ်ကြ၏။ စစ်ရုံးက လူကြီးများနားမှ ဆင်းလာသူများဖြစ်ရာ အရက်ကို အနံ့ပင် မခံကြပါ။ ထို့ကြောင့် ကျွန်တော်တို့ အရာရှိငယ် အားလုံး အရက်မသောက်တတ်ကြပါ။ မော်လမြိုင် တောက်တစ်လုံး ရောက်ပြီးသောအခါတွင်မှ တပ်ရင်းမှူးကြီး မှစ၍ အရက်သောက်သည်။ တပ်ခွဲမှူးများအားလုံး အရက် သောက်ကြသည်။ ကျွန်တော်လည်း ထိုတပ်ရောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



လပေါင်းအတော်ကြာသောအခါ အရက်သောက်တတ်သွားပါတော့သည်။

ကျောက်တစ်လုံးမှာ လေးနှစ်ကြာသည်။ ရှမ်းပြည်မြောက်ပိုင်း မိုင်းရယ် ပြောင်းရသည်။ မိုင်းရယ်တပ်က တပ်ရင်းမှူးရော၊ ဒုတပ်ရင်းမှူးရော၊ တပ်ခွဲမှူးတွေပါ ယမကာကြိုက်သူများ ဖြစ်နေ၏။ ကျွန်တော်လည်း အဖွဲ့ဝင်ဖြစ်သွားသည်။ ထိုတပ်မှာ သုံးနှစ်ကြာသည်။ ဗထူးပြောင်းရသည်။ ဗထူးမှာ ကျောင်းအုပ်ကြီးက ဝီစကီ သောက်သူဖြစ်၏။ ကျွန်တော်က ရမ် ဆက်သောက်သည်။ ဗထူးကနေပြီး မကွေးပြောင်းရ၏။ တပ်ရင်းမှူး ဒုတပ်ရင်းမှူးတို့က ယမကာမသောက်ကြ။ ကျန်အရာရှိငယ်များအားလုံး သောက်ကြသည်။ ထိုအခါ ကျွန်တော်သည် ထိုတပ်တွင် ဗိုလ်လုံကျင်လောက်ခေါ် ယမကာခေါင်းဆောင် ရာထူးရတော့၏။ မကွေး သနက (၁) မှ တပ်မ (၈၈) သို့ ကိုကူးဖြင့် ပြောင်းရတော့ ယမကာနားလိုက်ရသည်။ တပ်မမှူးက ယမကာ အနံ့ပင် မခံနိုင်သူ။ ထို့ကြောင့် လူကြီးအပြုံအပြင် မခံနိုင်၍ နှစ်ပေါင်းများစွာ စွဲမြဲလာသည့် ယမကာ နားလိုက်ရ၏။ သို့ရာတွင် တစ်နှစ်သာ ခံပါသည်။





၁၉၈၅ ခုနှစ် ဒုတပ်ရင်းမှူးနှင့် မိုးမိတ်ရှေ့တန်းရောက်သွားတော့ ဒီဇင်ဘာ အလွန်ချမ်းအေးသော ကာလ။

ညစာ ထမင်းစားကြတော့ တပ်ရင်းမှူးက ...

"ဟေ့ ... ဗိုလ်မှူး တူးအိုင်စီ လာလေကွာ။ ရမ်သောက်ရအောင်" ဟုခေါ်တော့ ပြတ်နေသော ယမကာနှင့် ပြန်ဆက်မိရာ ဗျူဟာမှူးဘဝနှင့် တပ်က ထွက်သည့်အချိန်ထိပါပဲခင်ဗျာ။

နယ်ဘက်ရောက်တော့ YCDC ဖြစ်သည်။ တစ်လတစ်လ ဝီစကီ လေးငါးဆယ်ပုလင်း လက်ဆောင်ရ၏။ ဘယ်အရက်ပြတ်ပါ့မလဲဗျာ။ အရက်ကောင်းတွေ သောက်နေရတဲ့ဟာပဲ။

အဲ ... ပင်စင်ယူပြီးတော့ ၁ နှစ်ခန့် ယမကာနားလိုက်သည်။ စီးပွားရေး လုံးပန်းနေ၍ဖြစ်၏။

စီးပွားရေးအရှိန်ရ၍ ပွဲတွေ လမ်းတွေ ပြန်တက်ဖြစ်တော့ ယမကာ နည်းနည်း နည်းနည်း ပြန်သောက်ဖြစ်ပြန်၏ အသိမွှောတက်လိုက်မှ ယမကာ ပြတ်သွားပါတော့သည်။

ကိုစိုးအောင် ကွယ်လွန်ချိန်တွင် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ယမကာ မသောက်တော့ပါ။ မကြိုက်တော့၍ မဟုတ်ပါ။ စာကျက်မရ၍ ဖြစ်ပါသည်။

ဤသည်မှာ ဗိုလ်မှူးကြီး သူရစိုးအောင်အကြောင်း ရေးရင်း ကျွန်တော်နှင့် ယမကာအကြောင်း ဆက်စပ် ဖော်ပြလိုက်ခြင်းပါ။

ကျွန်တော်၏ လက္ခဏာတွင် သောကြာခါးပတ်ပါ သည်။ တနင်္လာဂြိုဟ်ခုံ လက်ဖနောင့်တွင် Via Lasciva ခေါ် ရမက်လမ်းကြောင်းပါသည်။ ထိုလက္ခဏာရှင်များသည် ယမကာကို ခုံခုံမင်မင်စွဲလမ်းသူများဖြစ်ကြ၏။ သူတို့တွင် ဦးခေါင်းလမ်းကြောင်း ကောင်းကောင်းပါရ၏။ ဒါမှ သူတို့ ကိုယ်သူတို့ ထိန်းနိုင်မည်ဖြစ်၏။ Line of Fate ခေါ် ကံကြမ္မာလမ်းကြောင်း ကောင်းကောင်းလည်း ပါဖို့လို၏ ကိုစိုးအောင်ရော ကျွန်တော်ပါ ထိုလမ်းကြောင်းများပါ သည်။ သူ မသေမီက သူ့လက္ခဏာကို ကျွန်တော် ကြည့်ခဲ့ သည်။

''သူငယ်ချင်း ...ဲ့ မင်း အရက်သေ သိပ်မသောက်နဲ့တော့။ မင်း အသက်လမ်းကြောင်း ဆုံးနေပြီ။ သက်တမ်းကုန်နေပြီ။ ဒီအတိုင်းဆို မင်း ကြာကြာ





မခံတော့ဘူးကွ။ သေနိုင်တယ်''

ဟု ကျွန်တော်က ပြောတော့ ...

''သေလည်း ပြီးတာပါပဲ'' ဟု သူက ပြန်ပြော၏။

သူ့ကြည့်ရသည်မှာ လောကကြီးကို အတော် စိတ်ပျက်နေပုံလည်းရ၏။ ကျွန်တော်က အလိုက်သိစွာ သူ့ကိုယ်ရေးကိုယ်တာများကို မမေးပါ။ ကျွန်တော့် Personal ကိစ္စများကိုလည်း သူ မေးမှဖြေပါသည်။ သူက ကျွန်တော့်သမီးလေးများကိစ္စကို ခဏ ခဏ မေးသည်။ သတိရတိုင်း အိမ်ရောက်တိုင်း မေးသည်။

''အဆင်ပြေသွားမှာပါကွာ'' ဟုသာ ဖြေရ၏။

သူ ဆုံးသွားပြီးတော့ သူ့အကြောင်းကိုရေးဖို့ ကျွန်တော် စဉ်းစားသည်။ သူနှင့်အတူ ကျွန်တော့်အိမ်သို့ OTS 29 မှ ဗိုလ်မှူးမြင့်မော်နဲ့ ဗိုလ်မှူးကြီးအောင်ကြည်တို့ သုံးလေးခါလာဖူးကြသည်။ ဗိုလ်မှူးမြင့်မော်နဲ့ ကိုစိုးအောင် တ အိမ်နီးချင်း။ ရန်ကင်းမှာ တိုက်ခန်းချင်း ကပ်နေကြ သည်။ ထို့ကြောင့် သူ့အကြောင်းရေးမည် လုပ်တော့ ဗိုလ်မှူးမြင့်မော်က အားပေးသည်။ ကူညီသည်။ OTS 29 အရာရှိကြီးများကလည်း နှုတ်ဖြင့် အားပေးကြသည်။



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်ရင် သူတို့က ငွေရေးကြေးရေးတောင် အကူအညီ ပေးကြမည်ဟု ဆိုလာ၏။ ကျွန်တော်က မလိုကြောင်း ပြောလိုက်ပါ၏။

လိုတာကတော့ ဓာတ်ပုံမှတ်တမ်းများသာ ဖြစ်ပါသည်။ ဒါတွေကို ဝိုင်းရှာပေးဖို့ ပြောရ၏။ ကိုစိုးအောင်နှင့် ပတ်သက်ပြီး ကျွန်တော့်မှာ ဘာမှတ်တမ်းမှတ်ရာမှ မရှိပါ။ ဓာတ်ပုံလည်း မရှိပါ။ အားလုံးကတော့ ဗိုလ်မှူးမြင့်မော် ရှာပေးခြင်းသာ ဖြစ်ပါ၏။ ဗိုလ်မှူးကြီးအောင်ကြည်ကတော့ နှုတ်ဖြင့် အားပေးရှာပါ၏။ ဗိုလ်မှူးကြီးအောင်ကြည်နှင့် ကျွန်တော်သည် အရာရှိငယ်ဘဝက သင်တန်း တစ်ခု နှစ်ခု အတူ တက်ခဲ့ဖူးပါသည်။ သူသည် ကိုစိုးအောင်နှင့် ကျွန်တော့်ကို ညီလေးတို့ ညီလေးတို့နှင့် ချစ်ခင်ရှာ၏။ ကျွန်တော်တို့ထက် လေးငါးခြောက်နှစ် ကြီး၏။ သို့ရာတွင် ကိုစိုးအောင်က သူ့ကို မင်းနဲ့ ငါနဲ့ ပြောလေသည်။ ဒါကို သူက စိတ်မဆိုးပါ။ ကျွန်တော်လည်း ကျွန်တော့် အပတ်စဉ်က ကျွန်တော့်ထက် လေးငါးနှစ် ကြီးသူများကို မင်းနဲ့ငါနဲ့ ပြောပါသည်။ သူတို့လည်း စိတ်မဆိုးကြပါ။

ကိုစိုးအောင် ဆုံးပြီး တစ်လခန့်အကြာ ယခုစာအုပ်





ရေးဖို့ စီစဉ်ရာတွင် ဗိုလ်မှူးမြင့်မော်နှင့်အတူ ဗိုလ်မှူးကြီး အောင်ကြည်ရောက်လာ၏။ ရောက်တတ်ရာရာ စကားတွေ ပြောဖြစ်၏။ လက္ခဏာအကြောင်း ရောက်သွားတော့ ဗိုလ်မှူးကြီးအောင်ကြည်က ...

"ညီလေး ... သူ့လက်ကြည့်လိုက်လား"

"မသေခင် တစ်နှစ်လောက်က ကြည့်ပြီးပြီ။ စိုးအောင် ... မင်း အရက်တွေ သိပ်ပြီးဆက်သောက် မနေနဲ့။ မင်းလက္ခဏာက သက်တမ်းကုန်နေပြီ။ သေသွားဦး မယ်လို့ ပြောလိုက်တယ်"

"တကယ် သေမှာလား"

"တကယ်သေမှာလေ၊ မသေချင်ရင်တော့ ဘုရားကုန်နဲ့ပဲ အသက်ဆက်ရမယ်၊ လက္ခဏာမှာပါရင် ရှောင်လို့ လွတ်ခဲတယ်၊ ဘုရားမှပဲ ကယ်နိုင်မယ်၊ သူ့အသက် လမ်းကြောင်းက အသက် ၆၀ ကျော်မှာ ဆုံးနေပြီ၊ သူက အရက်ချည်းပဲ သောက်နေတော့ ဘယ်မှာ အသက်ရှည်ပါ့ မလဲ၊ အရက်မသောက်နဲ့၊ မတည့်တာ မစားနဲ့၊ ကျန်းမာရေး လုပ်၊ ဆေးသောက်၊ တရားစခန်းလေး ဘာလေးဝင်၊ အိမ်မှာ တရားမှတ်၊ သမထ ဝိပဿနာလုပ်၊ ဒါက အသက်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ဆေးပဲ၊ ဒီလောက်လုပ်တဲ့ကြားက ကံကုန်လို့ သက်တမ်းကုန်လို့ ကံရော သက်တမ်းရောကုန်လို့ သေကြရတဲ့ သူတွေ အများချည်းပဲလေ”

ဗိုလ်မှူးကြီးအောင်ကြည်က လျှို့ဝှက်ဆန်းကြယ်များ၊ ဂမ္ဘီရများကို စိတ်ဝင်စားသူဖြစ်၏။ သူ့တွင် စစ်မြေပြင်မှ ကိုယ်တွေ့လျှို့ဝှက်ဆန်းကြယ်ဇာတ်လမ်းများ အများကြီးရှိ၏။ ရတနာသိုက်ဇာတ်လမ်းများ၊ တောတွင်းမှ ထူးဆန်းတွေလာဇာတ်လမ်းများ၊ ဝိညာဉ်လောကဇာတ်လမ်းများ ပြောစရာ အများကြီးပါပေ။ သူသည် ယုံလည်း ယုံကြည်ပုံရ၏။ သူ့လက္ခဏာလည်း အတော်ကောင်းပါသည်။ တစ်ရံရောအခါက **Heart attack** ရဖူးသော်လည်း ယခု အသက် ၇၄၊ ၇၅ ရှိချိန်ထိ ပြည့်ပြည့်ဖြိုးဖြိုး စိုစိုပြည်ပြည်နှင့် ဖြစ်၏။ အရွယ်တင်၏။ ကိုစိုးအောင်နှင့်ကတော့ တခြားစီပါပေ။

“ကိုယ့်ညီပြောတဲ့လက္ခဏာအကြောင်းလေး ဆက်ပါဦး။ ကိုယ်တွေ့ရှိရင်ပေါ့”

“ရှိပါတယ်။ တစ်ယောက်က ပန်းချီ မောင်မောင်သိုက်။ သူနဲ့ ကျွန်တော်က ကျွန်တော် **YCDC** မှာ ကတည်းက ကျွန်တော့်ဝတ္ထုအဖုံးတွေ စဆွဲရာက ခင်မင်ခဲ့ကြတာ။ ကိုမောင်မောင်သိုက်က လေတပ်က ပုံဆွဲတပ်ကြပ်၊ စစ်သားလူထွက်။ ဗိုလ်သင်တန်း မတက်ရတာနဲ့ လေတပ်ကထွက်ပြီး ပန်းချီဆရာ လုပ်တော့တာ။ လေတပ်က သူ့ကို ဗိုလ်သင်တန်း ပေးမတက်ဘူးပြောတာပဲ”





“ကျွန်တော် ပင်စင်ယူပြီး စာအုပ်တွေ အများကြီးရေးတော့ အဖုံးတွေ သူချည်းပဲဆွဲတာ။ သူ့ဆီ ရောက်တိုင်း ယမကာ အတူသောက်။ သီချင်းတွေ အတူဆို။ အသက်ကလည်း မတိမ်းမယိမ်း။ အကြိုက်ချင်းကလည်း တူနဲ့။ အတော်ကို အဆင်ပြေနေကြတာ”

“သူမသေမီ ၂ နှစ်လောက်က တစ်ရက် ဆိပ်ကမ်းသာလမ်းက ကျွန်တော့်ရုံးကလေး ရောက်လာတယ်။ ဘာကိစ္စလဲဆိုတော့ လက္ခဏာမေးမလို့တဲ့။ ကဲ ... မေးဆိုတော့ သူ့လက်ပြပြီး မကြာခင်မှာ သူ သေနိုင်သလားတဲ့။ မေးပါလေရော”

“အဲဒီတော့ ကိုယ့်ညီက ဘာပြောလိုက်လဲ”

“ကိုယ့်လူ အခုလို စည်းမရှိ ကမ်းမရှိ အရက်ချည်းပဲ သောက်ရင် မကြာခင်မှာ သေမယ်။ မသေအောင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းစား၊ ကောင်းကောင်းနား၊ ဆေးသောက်၊ ဘုရား၊ တရားလိုက်စားဆိုတော့ သူက အဲဒီလို မနေနိုင်ရင် ရောတဲ့"

"အဲဒီလိုမနေနိုင်ရင်တော့ ခံရင် တစ်နှစ် နှစ်နှစ်ပဲ။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်လူလက်မှာပါတဲ့ အသက်လမ်းကြောင်းက သက်တမ်းကုန်နေပြီ။ အရန်အသက်လမ်းကြောင်းလည်း မပါဘူး။ ဒါကြောင့် ဒီပုံအတိုင်းဆိုရင်တော့ ကိုယ့်လူ Go ဖို့ မဝေးတော့ဘူး ပြောလိုက်တယ်"

"သူ့အနေအထိုင် ပြင်သွားလား"

"ဘယ်ပြင်ရမှာလဲ။ ခပ်ပေပေတေတေနေ။ အအိပ်ပျက် အစားပျက်နေ။ အရက်လည်း သောက်မြဲ ဆက်သောက်နဲ့။ နောက်ဆုံး **Liver Cirrhosis** နဲ့ ဆုံးသွားတာပဲလေ"

"သြော် ... နောက်ရောရှိသေးလား"

"ရှိသေးတယ်"

"ပြောပါဦး။ ဘယ်သူလဲ"

"ပြောရမယ်ဆိုရင်တော့ ကိုအောင်ထွန်းပဲ။ ကိုအောင်ထွန်းဆိုတာ နာမည်ကျော် စာရေးဆရာကြီး မင်းသိခ်လေ။ သူနဲ့ကျွန်တော် မသိပါဘူး။ တစ်ခါမှလည်း မတွေ့ဖူးဘူး။ ဒါပေမဲ့ သူ့အကြောင်းကို ကျွန်တော့် မိတ်ဆွေ ကိုကျော်ဒွန်းပြောပြတာ။ ကိုကျော်ဒွန်းဆိုတာ ဓနုဖြူ ကျော်ဒွန်း ခေါ် စာရေးဆရာအိုကြာကွေးပဲ။ ကိုကျော်ဒွန်းနဲ့ ကျွန်တော်က ၁၉၇၀ ခုနှစ်လောက်ကတည်းက အစ်ကို မောင်နှမ်းဆွေနဲ့ ပတ်သက်ပြီး သိခဲ့ကြတာ။ တောင်ဥက္ကလာမှာ အိမ်နီးချင်းတွေ သူ့ဆီ မကြာ မကြာ သွားလည်ရင်း ကိုအောင်ထွန်းအကြောင်း သူပြောတာ။ ကျွန်တော်က ကိုအောင်ထွန်း စာတွေဖတ်တယ်။ ကြိုက်တယ်"

"ဘယ်လိုပြောဖြစ်ကြတာလဲ"

"ကိုအောင်ထွန်းက လက္ခဏာဆရာကြီး၊ ဗေဒင်ဆရာကြီး ယတြာ ဆရာကြီး။ အဲ ... နာမည်ကြီး စာရေးဆရာကြီး။ ဓာတ်ဆင်ဓာတ်ရိုက်လည်း ကျွမ်းတယ်။ လက္ခဏာလာမေးသူတွေရဲ့ မေးချင်တဲ့၊ အကျိုးအကြောင်းတွေလည်း အနီးစပ်ဆုံး မှန်အောင် ပြောနိုင်တယ်။ မရဏကိန်းဆိုက်ရင် ဆိုက်တယ်။ ရတနာပုံဆိုက်ရင် ဆိုက်တယ်။ သေသည်ပေါ့။ ယတြာလည်း ချေပေးတယ်။ အသက်လည်း ဆွက်ပေးတယ်။ သေမယ့်ရက်ပေါ့"







www.burmeseclassic.com

www.burmeseclassic.com



"အဲ ... အသက်တွက်တော့ သူကိုယ်သူလည်း ပြန်တွက်ထားတယ်။ သူဟာသူတွက်တော့ သူက အသက် ၇၄ နှစ်မှာ သေမယ်ဆိုပဲ။ သူကိုယ်သူ ကြိုပြော ကြို တွက်ထားတာ"

"ဟုတ်လား"

"ဘယ်ကဟုတ်ရမှာလဲ"

"တကယ်သေတော့ ၇၁ နှစ်မှာ သေတယ်"

"အဲဒါ ဘာဖြစ်လို့လဲ"

"ကိုကျော်ဒွန်း ပြောတာကတော့ မင်းသိခ်မှာ ရောဂါကြီးသုံးခုရှိတယ်။ နှလုံး၊ သွေးတိုး၊ ဆီးချို။ အဲဒီ ရောဂါတွေရှိပေမယ့် အဲဒါတွေနဲ့ မတည့်တဲ့ အစား အသောက်တွေ အကုန်စားတယ်၊ သောက်တယ်ဆိုပဲ။ ဥပမာ တစ်နေ့ စီးကရက် ၂ ဘူးလောက်သောက်သတဲ့၊ စီးကရက် က နှလုံးရောဂါနဲ့ မတည့်ဘူး။ လက်ဖက်ရည်အချိုလေးခွက် လောက် သောက်သတဲ့။ လက်ဖက်ရည်အချိုက ဆီးချိုနဲ့ မတည့်ဘူး။ ဝက်သားဟင်းကို နေ့တိုင်း ချက်စားတာတဲ့ ဝက်သားက သွေးတိုးနဲ့ မတည့်ဘူး။ အဲဒီဟာတွေက တစ်မျိုး။ အသက် တစ်နှစ်စီ နုတ်လိုက်တော့ သုံးမျိုးပေါင်း





သုံးနှစ် ၇၄ ထဲက သုံးနုတ်တော့ ၇၁ နှစ်တဲ့ဗျာ"

"ဪ"

"အီကြာကွေးနဲ့ မင်းသိခ်က ငယ်ငယ်က ကျောက်မြောင်းဘက်မှာ အတူနေလာကြတာ။ ရေးဖော် ရေးဖက် ငတ်ဖော် ငတ်ဖက် သူငယ်ချင်းတွေ။ အသက် တလည်း မတိမ်းမယိမ်းတွေ။ မင်းနဲ့ငါနဲ့ ပြောနေကြတဲ့ သူတွေ။ အဲဒါ မင်းသိခ်သေခါနီးမှာ သူသွားတွေ့တော့ သူသိခဲ့တာတွေကို ကျွန်တော့် ပြန်ပြောပြတာ"

"သွားတွေ့တုန်းက ကိုအောင်ထွန်းက ... ဟော့ ... ကောင်ကြီး ကျော်ဒွန်း ငါ ခြေထောက် ဖြတ်ရတော့ မလို့ကွ။ ကံကောင်းလို့ မဖြတ်ရတာဟော့ ဆိုပြီး ပြောသွား သေးသတဲ့"

"ဪ"

"မကြာပါဘူး မင်းသိခ်ဆုံးတာပဲ။ သူ ဆုံးပြီး တစ်နှစ်ကျော်ကျော်ကြာတော့ အီကြာကွေးလည်း ဆုံးတာ ပဲ။ သူလည်း မသေခင် ကျွန်တော့်ကို လက္ခဏာမေးသွား သေးတယ်"

"ဘာတွေမေးပြီး ဘာတွေပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... ငါက အသက်တစ်ထောင်ရှည်မယ့် ဂုရုကွေးကွ။ တကယ်ရော တစ်ထောင်ရှည်ပွဲမလား။ ကြည့်ပေးစမ်းကွာလို့ ပြောတယ်"

"ကိုယ့်ညီက ဘာပြောလိုက်လဲ"

"ဘယ်ကလာ အသက်တစ်ထောင်ရှည်ရမှာလဲ။ ခင်ဗျားမျိုးရိုး gene အလိုက် ရှည်မှာပေါ့လို့ ပြောရတယ်။ သူတို့အမျိုးက အသက် ၇၄၊ ၇၅ လောက်ပဲ ရှည်တယ်။ အဲဒီအတိုင်းပဲ သူနေရမှာပေါ့။ အီကြာကွေးက လူပိုကြီး တပည့်တစ်ယောက်နဲ့ တစ်ယောက်တည်းဖြစ်သလိုနေတာ။ စားတော့လည်း ဖြစ်သလိုပဲ။ အိပ်တော့လည်း အိမ်ရှေ့မှာ စောင်ပါးလေးခင်းအိပ်တာ။ ပြုစုမယ့်သူလည်း မရှိဘူး။ အဲဒီတော့ ဘယ်ကလာ အသက် ၁၀၀ ရှည်ရမှာလဲ။ ခုလောက်နေသွားရတာတောင် သူ ကံကောင်းတယ်။ သူသေတော့ ၇၂ နှစ်ထင်တယ်"

"ဪ"

"အဲဒါပါပဲ အစ်ကိုကြီးရာ။ ကိုစိုးအောင်လည်း အသက်ရှည်ရာရှည်ကြောင်း မနေတော့ ဒါလောက်နဲ့ပဲ ပြီးသွားရတာပေါ့။ ဒါပေမဲ့ သူက ကျွန်တော်တို့အတွက်





သူငယ်ချင်းကောင်းပဲလေ။ အဲဒါကြောင့် ဒီစာအုပ်လေး ရေးပြီး သူ့ကို ဂုဏ်ပြုရမှာ။ အားလုံးကတော့ ကိုယ့်အသိုင်းအဝိုင်းက လူတွေအကြောင်း ကိုယ်ရေးနေကြတာ။ ကျွန်တော်တို့ကလည်း တိုင်းပြည်နဲ့ တပ်မတော်အတွက် သူ့အစွမ်းရှိသမျှလုပ်သွားတဲ့ သူငယ်ချင်း ဗိုလ်မှူးကြီး သူရစိုးအောင်အကြောင်းကို ရနိုင်သမျှ စုစည်းပြီးရေးရင်း သူ့ကို ဂုဏ်ပြုရမှာပေါ့"

"ဟုတ်တာပေါ့"

ဗိုလ်မှူးကြီးအောင်ကြည်နှင့် ဗိုလ်မှူးမြင့်မော်တို့က ပြိုင်တူဆိုလိုက်ကြ၏။ ကျွန်တော်တို့ ကိုစိုးအောင်အကြောင်း စကားတွေ အများကြီးပြောဖြစ်ကြပါသည်။ ထိုနေ့က မနက် ၁၀း၀၀ နာရီမှ စကားဝိုင်းအား ညနေ ၄းနာရီမှ နိဂုံးချုပ်နိုင်ခဲ့ပါသည်ခင်ဗျား။

**နိဂုံး**

ဤတွင် ကျွန်တော့်သူငယ်ချင်း ဗိုလ်မှူးကြီး သူရစိုးအောင်အကြောင်း နိဂုံးကမ္ပတ်အဆုံးသတ်ပါပြီ။ ရေးမည်ဆိုက ရေးစရာများ တော်တော်ကျန်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် အချို့ကိစ္စများက ရေးချင်တိုင်း ရေး၍ ရသည် မဟုတ်။ လူတိုင်း လူတိုင်း၌ သေသည်အထိ မည်သူ့ကိုမျှ ပြောမရသည့်ကိစ္စများ ရှိတတ်ကြပါ၏။ ဒါတွေကို နားလည် ပေးကြရပါ၏။ နားလည်ကြရ၏။ သို့ဖြစ်ပါ၍ ဦးဗိုလ်မှူးကြီး သူရစိုးအောင်၏ အတ္ထုပ္ပတ္တိ ဆန်ဆန်စာအုပ်ကလေးအား ဤမျှနှင့်ပင် ရပ်နားပါမည်။ သူနှင့်ဆက်စပ်ပတ်သက် နေသူများ သူ့မိသားစုများကလည်း တစ်စုံတစ်ရာသော အတိုင်းအတာတစ်ခုအထိ ကျေနပ်ကြမည်ဟု ထင်မြင်ယူဆ မိကြောင်းပါခင်ဗျား။

ရှင်လန်းချမ်းမြေ့ကြပါစေ
သောင်းဝေဦး
၂၂-၂-၂၀၁၃



ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) မှ ဗိုလ်မှူးကြီးအောင်ကြည်
(ယခုအငြိမ်းစား)

www.burmeseclassic.com


www.burmeseclassic.com



ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၂၉) မှ ရဲမှူးမြင့်မော် (၂၀၀၇ - ခုနှစ်) က ရဟန်းဝတ်ဖြင့် ဗုဒ္ဓဂယာ ဘုရားဖူးရောက်ရှိနေစဉ်
(ယခု စာအုပ်ဖြစ်မြောက်ရေးအတွက် အစစအရာရာ ကူညီခဲ့သူဖြစ်သည်)

www.burmeseclassic.com

[illegible]



([illegible]) ([illegible]) ([illegible])

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

## သုရဘွဲ့၏ အဆောင်အယောင်တံဆိပ်

### ပစ္စည်းအမျိုးအစားနှင့် အလေးချိန်

ဤဘွဲ့တံဆိပ်၏အစိတ်အပိုင်းအားလုံးကို (၁၄ ပဲရည်) ရွှေ ဇကျန်သားဖြင့် ပြုလုပ်ရန်ဖြစ်သည်။

### ဘွဲ့တံဆိပ်ပုံသဏ္ဌာန်နှင့် အရွယ်အစား

တံဆိပ်ပုံသဏ္ဌာန်ဖြစ်၍ စပါးစေ့ ၁၂ စေ့စီပါသော မြန်မာပုံစပါးနှံခက် နှစ်ခက်ဖြင့် အနားသတ်ထားသည်။
အောက်ပိုင်းတွင် စပါးနှံ ဖောင်းကြွပြုလုပ်ထားသော ဖဲကြိုးဖြင့် ချည်ထားသည်။
ဘွဲ့တံဆိပ်တစ်ခုလုံး၏အချင်းသည် ၆ စင်တီမီတာရှိ၍ စပါးနှံ၏ ပြတ်သည် သုည ဒသမ ၈ စင်တီမီတာရှိသည်။
ဘွဲ့တံဆိပ်အတွင်း၌ရှိ နေရောင်ခြည်စုများအလယ်တွင် အချင်း သုည ဒသမ ၈ စင်တီမီတာရှိ နေဝန်းပမာ ရွှေဖူးကလေးရှိသည်။
ဘွဲ့တံဆိပ်၏ ကျောဘက်တွင် "ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်" ဟူသော စာတန်းကို အထက်၌လည်းကောင်း၊ "သုရဘွဲ့" ဟူသော စာတန်းကိုအောက်၌ လည်းကောင်းထား၍ တံဆိပ်အဝိုင်းအလိုက် ဖောင်းကြွပြုလုပ်ထားသည်။
အလယ်လစ်လပ်သောနေရာတွင် ချီးမြှင့်သည့်ခုနှစ်သက္ကရာဇ်ကို ရေးထိုးထားသည်။
ဘွဲ့တံဆိပ်၏ အထက်တွင် အလျား ၃ ဒသမ ၈ စင်တီမီတာ၊ အနံ သုည ဒသမ ၅ စင်တီမီတာရှိသော ရွှေသမြေ့ချိတ်တန်းရှိသည်။ ရွှေသမြေ့ချိတ်တန်းတွင် အမြီးရွက် ၁၄ ရွက် ပါရှိသည်။ ရွှေသမြေ့ချိတ်ပေါ်တွင်အလျား ၂ ဒသမ ၇ စင်တီမီတာ၊ အမြင့် ၁ ဒသမ ၉ စင်တီမီတာရှိသော နိုင်ငံတော်တံဆိပ်ကို ဖောင်းကြွပြုလုပ်၍ တပ်ဆင်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဓါးကြိုးအရွယ်အစားနှင့် အရောင်အသွေး

ဓါးကြိုး၏အရောင်မှာ ဟင်္သာပဒါး အနီရောင်ဖြစ်၍အကျယ်မှာ ၄ စင်တီမီတာရှိသည် ဓါးကြိုး၏ဘေးအစွန်း နှစ်ဖက်နှင့် အလယ်တွင် သုညဒသမ ၅ စင်တီမီတာ ကျယ်သော အစိမ်းရောင်အစင်းရှိသည်။

ဘွဲ့တံဆိပ်ပါ အမှတ်အသားများနှင့် ပတ်သက်၍ အဓိပ္ပာယ်ဖော်ဆောင်ရ

နိုင်ငံတော်တံဆိပ်သည် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်အား အထွတ်အမြတ် အလေးထားခြင်းကို ဖော်ဆောင်သည်။ ရွှေသပြေရွက်သည် အောင်မြင်ခြင်း ဟူသော အဓိပ္ပာယ်ကိုဖော်ဆောင်သည်။ သူရဘွဲ့အမည်သည် သူရသတ္တိဖြင့် ပြည့်စုံမှုကို ဖော်ဆောင်သည်။ မြန်မာပုံ စပါးနှံအဝိုင်းသည် လယ်ယာစိုက်ပျိုးရေး ကို အဓိကထားသော အဓိမြန်မာနိုင်ငံတော်ကို ဖော်ဆောင်သည်။ အလယ်တွင် နေဝန်းပုံပါရှိသော နေရောင်ခြည်စုံ ခင်ရာ၏ သဘောမှာ နိုင်ငံတော်တစ်ဝန်းလုံး ပျံ့နှံ့ထွန်းလင်းသည့် သဘောကိုဆောင်သည်။

ပုံတူတံဆိပ်ငယ်

ဤတံဆိပ်နှင့်အတူ ချီးမြှင့်မည့် ပုံတူတံဆိပ်ငယ်ကို လက်ဝဲဘက်ရင်ဘတ်တွင် တပ်ဆင်ရန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်လွှာ

ဤစာမူ ဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်း အကူအညီပေးကြသော မိုလ်လောင်း သင်တန်း အမှတ်စဉ် (၂၉) မှ ရဲမှူးမြင့်မော်(အငြိမ်းစား) နှင့် အခြား အရာရှိကြီးများအား လည်းကောင်း . . .

ကွယ်လွန်သူ ဗိုလ်မှူးကြီးသူရစိုးအောင်၏ ဇနီးနှင့် သားသမီးများကိုလည်းကောင်း ကျေးဇူးဥပကာရ အထူး တင်ရှိပါကြောင်း . . .

**သောင်းဝေဦး**

စာရေးသူ

၂၈။ ၂။ ၂၀၁၃

မြရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com



နည်းပြဆရာများမှာ (ဝဲမှယာ)

...မောင်လှမိန်၊ ဗိုလ်ကြီး–မောင်မောင်အေး၊ ဗိုလ်ကြီး–လှကြည်၊ ဗိုလ်ကြီး–အောင်ကြည်၊ ဗိုလ်ကြီး–ကျော်သောင်း။ ဒု–ဗိုလ်မှူးကြီး–လှထွန်း။ ဗိုလ်ကြီး–ဝင်းဇော်၊ ဗိုလ်ကြီး–ညီနိုင်ဇော်၊ ဗိုလ်ကြီး–မင်းလွင်၊ ဗိုလ်ကြီး–ထွန်းရွှေ၊ ဗိုလ်ကြီး–မောင်သင်း။
(...သင်တန်းမှူး) (တပ်ဆောက်ဗိုလ်ကြီး) (စစ်ရေးပြသင်တန်းမှူး) (တပ်ရေးဗိုလ်ကြီး) (အုပ်ချုပ်မှုတပ်ခွဲမှူး) (ကျောင်းအုပ်ကြီး) (စည်သူ–တပ်ခွဲမှူး) (ဆေးကျောင်းရေးတပ်ရေး) (တပ်ခွဲအရာရှိ) (တပ်ခွဲအရာရှိ) (တပ်ခွဲအရာရှိ)

# ဗိုလ်လောင်းသင်တန်း၊ အမှတ်စဉ် (၂၉) စည်သူတပ်ခွဲ

၂၀–၁–၁၉၆၄ ခုနှစ်မှ ၁၇–၁၀–၁၉၆၄ ခုနှစ်ထိ။

www.burmeseclassic.com